The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .16, NO . 30 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 15 , 2016

**သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုသော ကုန်စည်လိုင်း ၂၆၇ လိုင်းအား ထုတ်ပြန်ကြေညာ**

|pmr;uES- 20|

**အမေရိကန်လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၏နိုင်ငံရပ်ခြားလယ်ယာ စိုက်ပျိုးရေးဌာနကို မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်**

|pmr;uES- 21|

**မန္တလေးမြို့တွင် ကျင်းပမည့် အိမ်ခြံမြေအရောင်းပြပွဲတွင် ကျပ်သိန်းပေါင်း နှစ်သောင်းကျော်ဖိုးခန့် ရောင်းချရမည်ဟုခန့်မှန်း**

|pmr;uES- 22|

# ပဲခူးတိုင်းဒေသကြီး (အနောက်) ရေဘေးအတွက် ဆန်အိတ် ငါးသောင်း ရောင်းချပေးမည်



ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် ရေဘေးအတွက် အဆိုပါဒေသရှိ မြို့နယ်အသီးသီးမှ ဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များက ဆန်အိတ် စုစုပေါင်း ငါးသောင်းကို ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

|pmr;uES- 4|



ပြည်ပဈေးကွက်ဝင်

## ငါးရှဥ့် ယခုရက်ပိုင်း အရောင်းအဝယ်အေး

ဧရာဝတီတိုင်း ဒေသကြီး၏ ထွက်ကုန်များတွင် ပြည်ပ ဈေးကွက်ဝင် ငါးရှဥ့်များကို နှစ်ပတ်လည် တင်ပို့ရောင်းချလျက် ရှိသော်လည်း ပွင့်လင်း ရာသီထက် ယခုလိုမိုးတွင်းတွင် ငါးရှဥ့်များ ပိုမို ဝင်ရောက်လျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

ဇွန်လမှ နိုဝင်ဘာလအထိ ဈေးကွက်မှာ တင်ပို့မှုများ၍ ဒီဇင်ဘာလနောက်ပိုင်း ငါးရှဥ့်အဝင် နည်းသွားကြောင်း၊ ပုသိမ်ဈေးကွက်မှ တင်ပို့သော ငါးရှဥ့်များမှာ ပါးနီ၊ ပါးမွဲနှစ်မျိုးသာ Exportဈေးကွက် တင်ပို့လျက်ရှိကြောင်း၊ ကျန်းမာရေး

|pmr;uES- 16|

## မြန်မာ့ရေဘေးအမြဲမကြုံရလေအောင် ကာကွယ်ကြစို့

|pmr;uES- 18|




Berman
သွားနှင့်ခံတွင်းသန့်ရှင်းဖို့ ဘားမန်း သွားပွတ်တံသုံးကြစို့


Infinite Benevolence Trading Company Limited
IB gas
For Your Interest...
သင့်အကျိုးအတွက် IB ဂက်(စ်)
★ ချိုသာသောဈေးနှုန်း
★ အကောင်းဆုံးဝန်ဆောင်မှု
★ သုံးစွဲသူသို့အရောက်ပို့ ဝန်ဆောင်မှု
LPG
FILLING STATION
Head Office / Retail Shop (Yankin)
No.32/B, Aung Zayya Road, Kyauk Kone (Bauk Htaw), Yankin Township, Yangon Division, Myanmar.
Ph : 01-560550, 09 43556666, 09 73221188, 09 73221199, 09 73569999,09 31851111, 09 33256666, 09 43075333, 09 32255959, 09 450061218, 09 31877666
E-mail : admindept@ibgas.com.mm
Filling Station / Retail Shop (Dagon Seikkan)
No.155, Seikkanthar Road, Industrial Zone(1), Dagon Seikkan Township, Yangon Division, Myanmar.
Ph : 01-592295, 01-592333, 09 259305907, 09 259305908, 09 73016972, 09 8631617
Retail Shop (Mingalar Taung Nyunt)
No.88, Myama Gone Yi Road, Mingalar Taung Nyunt Township, Yangon Division, Myanmar.
Ph : 09 252091844, 09 252091877, 09 252091884, 09 252091881
အိမ်သုံး လုပ်ငန်းသုံးနှင့် မော်တော်ယာဉ်သုံး မီးဖိုသုံးဂက်(စ်) Mixed LPG ကို လက်လီ လက်ကား ဆိုင်များသို့ သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူး ရောင်းချလျက် ရှိပါသည်။

# The 13th ASEAN Leadership Forum တွင် ဒေါ်အောင်ဆန်းစုကြည်အား ASEAN Lifetime Achievement Award ချီးမြှင့်

၂၀၁၆ ခုနှစ်၊ ဩဂုတ် ၆ ရက်တွင် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့ Don Chan Palace Hotel တွင် ASEAN Strategy & Leadership Institute က ဦးစီးကျင်းပသော The 13th ASEAN Leadership Forum တွင် မြန်မာနိုင်ငံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား ASEAN Lifetime Achievement Award ကို ချီးမြှင့်ကြောင်း သတင်းရရှိသည်။

အဆိုပါဆုကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာ သန်းမြင့်က တက်ရောက် လက်ခံခဲ့ပါသည်။

အဆိုပါ ဆုချီးမြှင့်သည့် အခမ်းအနားတွင် ထိုဆုကို ကမ္ဘောဒီးယားဝန်ကြီးချုပ် Mr. Samdech Techo Hun Sen နှင့် မလေးရှား ဒုတိယဝန်ကြီးချုပ် H.E Dato' Seri Dr. Ahamd Zahid Hamidi တို့ကိုလည်း ချီးမြှင့်ခဲ့ရာ မစ္စတာဟွန်ဆန်ကိုယ်တိုင် တက်ရောက် လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။




လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၊ Don Chan Palace Hotel တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၆ ရက်မှ ၇ ရက်အထိ ကျင်းပပြုလုပ်သော The 13th ASEAN Leadership Forum သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့် တက်ရောက်ခဲ့ပြီး Leading ASEAN Towards 2025 – Making ASEAN Community Work ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သော ဝန်ကြီးအဆင့် စားပွဲဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်ပါဝင် ဆွေးနွေးခဲ့သည်။

အဆိုပါ စားပွဲဝိုင်း ဆွေးနွေးပွဲသို့ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါ စားပွဲဝိုင်း ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့်အတူ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး လိုက်ပါတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)





## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အမေရိကန်နိုင်ငံ စီးပွားရေးနှင့် လုပ်ငန်းရေးရာဌာန၏ Assistant Secretary of State H.E. Mr. Charles Rivkin နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel တို့နှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၉ ရက်တွင် နေပြည်တော် Hilton Hotel ၌ အမေရိကန်နိုင်ငံ၊ Assistant Secretary of State၊ H.E. Mr. Charles Rivkin နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး H. E. Mr. Scot Marciel တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံမှ ပို့ကုန်များ အမေရိကန်ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ အရည် အသွေးမီကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် နည်းပညာနှင့် အရင်းအနှီးများ ရယူနိုင်ရေးနှင့် မြန်မာ့ပို့ကုန်များအတွက် ယေဘုယျအကောက်ခွန်သက်သာခွင့် (GSP) ပြန်လည်ရရှိရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များအား အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေ့လယ်ပိုင်းတွင် National Economic Coordination Committee Meeting သို့ တက်ရောက်ပြီး Assistant Secretary of State၊ H. E. Mr. Charles Rivkin ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် နိုင်ငံသံအမတ်ကြီး H.E. Mr. Scot Marciel ၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး အမေရိကန်လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများအား ရှင်းလင်းပြောကြားပြီး ပို့ကုန်တိုးမြှင့်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အမေရိကန်ကုမ္ပဏီကြီးများ အနေဖြင့် အဆင့်မြင့်နည်းပညာများ ယူဆောင်လာ၍ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ခဲ့ပါသည်။

အမေရိကန်စီးပွားရေး လုပ်ငန်းရှင်များကလည်း စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေးအတွက် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ တည်ငြိမ်မှုရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်သွားသင့်သည်များအား အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားများသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

MOC(IR)

Commerce
JOURNAL

အတိုင်ပင်ခံစာတည်း
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

စာတည်းမှူးချုပ်
ဉာဏ်တင်

တာဝန်ခံစာတည်း
ခင်သီတာအေး

အုပ်ချုပ်ရေးမှူး
ဒေါ်အေးအေးမော်

စာတည်းအဖွဲ့
ချိုသက်မှူ
ဖြူဖြူဝင်း

လက်ထောက်စာတည်း
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

သတင်းထောက်များ
ထွန်းလိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

Proof & Layout Design ကြီးကြပ်
ခင်စုစုလိုင်

ကြော်ငြာတာဝန်ခံ
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၀)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၃၅၆၃)

ထုတ်ဝေသူ
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၀၀၂၃

ဖြန့်ချိရေးတာဝန်ခံ
သန်းစိုး

ဖြန့်ချိရေး
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

ကွန်ပျူတာ
လဲ့လဲ့မွန်၊ သင်းသီရိအောင်
ခိုင်ဇော်မင်း

Layout Design & Graphic Design
CJ Design Group

ပုံနှိပ်သူ
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

Email Address
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.30 Monday August 15 2016

# ဆန်ချော အဝယ်လိုက်ပြီး ဆန်ဈေးတက်

ရန်ကုန် ဝါးတန်းဆန်ဈေးကွက်မှာ ဆန်ချောဖြစ်တဲ့ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကို ကျပ် ၃၅၀၀ ခန့်ဈေးတက်ပြီးကျန်တဲ့နယ်စုံပေါ်ဆန်းဖြစ်တဲ့ ဖျာပုံ၊ ပုသိမ်၊ ကျိုက်လတ်ကတော့ တစ်အိတ်ကိုကျပ် ၅၀၀ ခန့်စီ ဈေးတက်ကြောင်း ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။

ယခုတစ်ပတ်မှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကို ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကို ကျပ် ၃၃၅၀၀၊ မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ကျပ် ၃၇၅၀၀နဲ့ လတ်စတစ်အိတ်ကို ကျပ် ၃၄၅၀၀၊ နယ်စုံ(ကျိုက်လတ်) ထိပ်စတစ်အိတ်ကိုကျပ် ၃၅၅၀၀ နဲ့ လတ်စတစ်အိတ်ကို ကျပ် ၃၃၀၀၀ ဖြစ်ပြီး ယခင်တစ်ပတ် ဈေးထက်တစ်အိတ်ကိုကျပ် ၅၀၀ ခန့်စီ ဈေးတက်လာပါတယ်။

လူကြိုက်များတဲ့ရွှေဘိုပေါ်ဆန်းဆန်ကတော့ တစ်အိတ်ကို ကျပ် ၄၃၀၀၀ မှ ကျပ် ၄၆၀၀၀ အထိရှိပြီး ယခုတစ်ပတ်အတွင်းမှာ တစ်အိတ်ကိုကျပ် ၃၅၀၀ ခန့် ဈေးတက်လာတယ်လို့ သိရပါတယ်။ လဆန်းပိုင်းဖြစ်တာရယ်၊ လူကြိုက်များပြီး အဝယ်လိုက်လာလို့ ဆန်ဈေးတက်လာတာဖြစ်တယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရှိရပါတယ်။

ဧည့်မထဆန်ကတော့ ထိပ်စတစ်အိတ်ကျပ် ၂၃၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၂၁၅၀၀၊ မနောသုခ တစ်အိတ်ကို ကျပ် ၂၆၀၀၀ မှ ၂၇၀၀၀ နဲ့ဈေးငြိမ်နေပြီး၊ နွေသီးထပ်(ရှယ်) တစ်အိတ် ကျပ် ၁၉၅၀၀ မှ ကျပ် ၂၀၃၀၀ ၊ နွေဆန်ရက် ၉၀ တစ်အိတ် ကျပ် ၂၀၀၀၀ မှကျပ် ၂၁၅၀၀ ဖြစ်လို့ တစ်အိတ်ကို ကျပ် ၅၀၀ ခန့်စီဈေးတက်လာပါတယ်။ အိတ်စပို့ဆန် ဧည့်မထ ၂၅ မှတ်ကတော့ တစ်အိတ်ကို ကျပ် ၁၇၂၀၀မှ ကျပ် ၁၇၅၀၀ ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း မပြောင်းလဲဘဲ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ရန်ကုန်ဆန်ဈေးကွက်မှာ အဝင်ကတော့ ပုံမှန်ရှိနေပြီး ရေကြီးတာရယ် လဆန်းပိုင်းရက် ဖြစ်တာတွေရယ်ကြောင့် အရောင်းအဝယ်သွက်နေတယ်လို့ ဆန်ဈေးကွက်မှ သတင်းရရှိပါတယ်။

မူဆယ်ဆန်ဈေးကွက်မှာ ဧည့်မထ ၅ မှတ် မော်ဘီ ၁၄၃ ယွမ်မှ ၁၄၆ ယွမ် စူပါတစ်အိတ် ၁၄၆ ယွမ်မှ ၁၄၉ ယွမ်၊ ဧည့်မထ မော်ဘီတစ်အိတ် ၁၃၈ မှ ၁၄၁ ယွမ်၊ စူပါတစ်အိတ် ၁၄၄ မှ ၁၄၅ ယွမ်၊ မနောသုခ ၂၅ မှတ် တစ်အိတ် ၁၃၀ မှ ၁၄၁ ယွမ်၊ ငစိန် ၅ မှတ်တစ်အိတ် ၁၄၅ မှ ၁၄၇ ယွမ်၊ ၁၅ မှတ်တစ်အိတ် ၁၄၀ မှ ၁၄၃ ယွမ်နဲ့ ၂၅ မှတ်တစ်အိတ် ၁၃၆ မှ ၁၃၈ ယွမ်ဈေးရှိပြီး မူဆယ်မှာတော့ ဆန်ဈေးငြိမ်နေတာတွေ့ ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်ကို မြို့တွင်းနယ်စုံမှ ဆန်အဝင် တစ်နေ့ ပျမ်းမျှ ၉၅၆တန်ရှိပြီး ဩဂုတ် ၅ ရက်မှ ၁၁ ရက် အထိ အဝင် စုစုပေါင်းတန်ချိန် ၆၆၉၀ ရှိတယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ဩဂုတ် ၁၂ ရက် ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၇၆ ဒသမ ၆၇ ကျပ်နဲ့ ဈေးပိတ်ခဲ့တယ်လို့ သိရပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၁-၈-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၄၄၁ | ၄၃၅ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၆ | ၄၁၀ | ▽ | ၃၇၄ | ၃၅၈ | ▽ | ၃၉၅ | ၃၈၅ | ▽ | ၄၁၅ | ၄၀၅ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၀၉ | ၄၀၅ | ▽ | ၃၆၇ | ၃၄၅ | ▽ | - | - | - | ၄၀၅ | ၃၉၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၉၆ | ၃၉၆ | □ | ၃၃၇ | ၃၃၀ | △ | ၃၆၀ | ၃၆၀ | □ | ၃၇၀ | ၃၇၅ | ▽ |
| ပေါင်းဆန် | ၄၅၀ | ၄၃၇ | ▽ | - | - | - | ၃၉၅ | ၃၇၅ | ▽ | ၄၂၅ | ၄၂၅ | □ |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၂-၈-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၈၇၄၀ | □ | ၃၇၀၀၀ | △ |
| ပုသိမ် | ၆၄၄၀ | □ | ၂၄၅၀၀ | △ | ၈၀၀၀ | ▽ | ၃၄၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | □ | ၂၁၀၀၀ | □ | ၇၂၀၀ | □ | ၃၂၀၀၀ | △ |
| ရွှေဘို | ၅၀၀၀ | ▽ | ၂၁၀၀၀ | △ | ၁၂၂၀၀ | △ | ၄၀၀၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၈၀၀၀ | □ | ၃၃၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၃၀၀၀ | △ |
| မန္တလေး | ၇၆၀၀ | □ | ၂၉၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မကွေး | ၈၅၀၀ | □ | ၂၈၀၀၀ | □ | - | - | ၃၇၀၀၀ | □ |
| မော်လမြိုင် | ၆၄၀၀ | □ | ၂၂၅၀၀ | □ | ၈၀၀၀ | □ | ၃၂၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၂၇၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မြိတ် | ၅၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၈၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | □ | ၂၃၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၄၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

# ပဲခူးတိုင်းဒေသကြီး (အနောက်) ရေဘေးအတွက် ဆန်အိတ် ငါးသောင်း ရောင်းချပေးမည်

ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် ရေဘေးအတွက် အဆိုပါဒေသရှိမြို့နယ်အသီးသီးမှ ဆန်ကုန်သည်များ၊ ဆန်စက်ပိုင်ရှင်များက ဆန်အိတ် စုစုပေါင်း ငါးသောင်းကိုရောင်း ချပေးမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး (အနောက်)ရှိ ပြည်၊ ပန်းတောင်း၊ ရွှေတောင်၊ နတ်တလင်း၊ မိုးညို၊ လက်ပံတန်း၊ သာယာဝတီ မြို့များမှ ရေကြီးနစ်မြုပ်ဒေသများသို့ သွားရောက် လှူဒါန်းလိုသည့် မည်သည့် အလှူရှင်များမဆို နီးစပ်ရာမြို့နယ် များတွင် ဆန်အလွယ်တကူ ဝယ်ယူရရှိ နိုင်ရန်နှင့် ဆန်ဈေးနှုန်း တည်ငြိမ်စေရန် ရည်ရွယ်၍ ပဲခူးတိုင်း(အနောက်) ဆန် စက် လုပ်ငန်းရှင်များအသင်းနှင့် ဆန် ကုန်သည်ကြီးများအသင်းမှ စက်ပိုင် ရှင်များ၊ ဆန်ကုန်သည်ကြီးများ၊ မြန်မာ့ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ဝန်ထမ်း များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ပေါင်းတည်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာနရုံးတွင် ဩဂုတ် ၈ ရက်က အစည်းအဝေးကျင်းပခဲ့ သည်။

အဆိုပါ အစည်းအဝေးတွင် ၂၅ မှတ်ဆန် ၁၀၈ ပေါင် တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ နှုန်းဖြင့် ဆန်အိတ် ၅၀၀၀၀ ရောင်းချပေးနိုင်ရန် ညှိနှိုင်း ဆုံးဖြတ် ခဲ့ကြသည်။

ရေဘေးသင့်ဒေသများအတွက် ဆန်အိတ်များဝယ်ယူ လှူဒါန်းလိုပါက ပြည်မြို့မှ ဦးဇော်ထက်ပိုင် (ဖုန်း - ၀၉၅၃၁၁၁၅၈)၊ ဦးခင်ကြိုင် (ဖုန်း- ၀၉၅၃၁၁၁၁၀)၊ ဦးမြတ်သူ (ဖုန်း - ၀၉၅၃၁၀၁၁၇ ) တို့ထံတွင် ဆန်အိတ် ၅၅၀၀ ပေါင်းတည်မြို့မှ ဦးထင်ဇော်လှိုင် (ဖုန်း - ၀၉၅၃၁၀၂၇၀)၊ ဦးမြတ်ထွန်း (ဖုန်း-၀၉၅၃၁၁၁၀၁)၊ ဦးမင်းလွင်ဦး (ဖုန်း-၀၉၅၃၁၀၅၆၈)၊ ဦးဇော်မိုး (ဖုန်း- ၀၉၅၃၁၀၉၃၈) တို့ထံတွင် အိတ် ၅၅၀၀ ဇီးကုန်းမြို့မှ ဦးလှသိန်း (ဖုန်း -၀၉၅၃၆၃၁၉၅ )ထံတွင် အိတ် ၅၅၀၀၊ ကြို့ပင်ကောက်မြို့မှ ဦးသိန်းထွန်း (ဖုန်း -၀၉၅၃၇၄၄၄၇)ထံတွင် အိတ် ၅၅၀၀၊ အုတ်ဖိုမြို့မှ ဦးခင်မောင်ချို (ဖုန်း - ၀၉၅၀၄၆၆၀၂)ထံတွင် အိတ် ၅၅၀၀ ၊ မင်းလှမြို့မှ ဦးလူမော်(ဖုန်း -၀၉- ၄၃၃၉၉၃၃၃) ထံတွင် အိတ် ၆၀၀၀၊ လက်ပံတန်းမြို့မှ ဦးလှဦး (ဖုန်း- ၀၉၇၈၀၇၈၀၁၁၁)၊ ဦးရဲထွန်းဦး (ဖုန်း- ၀၉၅၃၇၂၄၄၄) တို့ထံတွင် အိတ် ၅၅၀၀ ၊ သာယာဝတီမြို့မှ ဦးထွန်းလင်းအောင် (ဖုန်း - ၀၉၅၃၆၀၇၄၅) ထံတွင် အိတ် ၅၅၀၀ စုစုပေါင်း အိတ် ၅၀၀၀၀ ကို ဩဂုတ် ၈ ရက်မှစ၍ ရောင်းချပေးလျက် ရှိကြောင်း သတင်းရရှိပါသည်။

**ထွန်းမင်းထွန်း(ပြည်)**

# ကုန်သွယ်ရေးစခန်းများမှရော ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှပါ ယခုတစ်ပတ် ဆန်ပိုမိုတင်ပို့

ဩဂုတ်လ ပထမပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ ၅ ဒသမ ၉၄၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၆၂၄၆ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၄၅၈၅ တန်နဲ့ ဧည့်မထ ဆန် တန် ၁၂၀၀ ၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၅၄ တန်ကျော် နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၀၃၀၇ တန် တင်ပို့ခဲ့ပါတယ်။

ဇူလိုင်နောက်ဆုံးပတ်က တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၂၉၁၅ တန် ပိုမိုတင်ပို့ နိုင်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်မှာ ဆန်သာမက ဆန်ကွဲပါ ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တန်ချိန် ၇၅၀၊ လွယ်ဂျယ်ကုန်သွယ် ရေးစခန်းမှ ၅၂၄ တန် ၊ စုစုပေါင်း ၁၂၇၄ တန် တင်ပို့ပြီး တန်ဖိုးမှာ အမေရိကန် ဒေါ်လာ သုည ဒသမ ၄၁၄ သန်း ဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၃၄၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုတွင် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက် အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၃၃ သန်းတန်ဖိုးရှိ ဆန်ဖြူ နဲ့ ပေါင်းဆန် ၁၁၈၆၆ တန် တင်ပို့ခဲ့ရာ အီးယူနိုင်ငံများသို့ ပေါင်းဆန်တန် ၆၀၀ နဲ့ ဧည့်မထဆန် ၂၁၆တန် ၊ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန်၇၅၀ ၊ စင်ကာပူ နိုင်ငံသို့ ဧည့်မထဆန် တန် ၁၀၀၀၀၊ အစ္စရေးနိုင်ငံသို့ ငစိန်ဆန် ၂၇၅ တန်၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် ၁၀ တန်၊ ဧည့်မထဆန် ၁၀ တန်၊ ငစိန်ဆန် ၃ တန်နဲ့ ပေါ်ဆန်းဆန် ၂ တန် အသီးသီးတင်ပို့ခဲ့ပါတယ်။

ယခင် တစ်ပတ်တင်ပို့မှုထက် ၂၃၃တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်ကွဲ တင်ပို့မှု မှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၈ သန်းတန်ဖိုးနဲ့ တန်ချိန် ၂၄၇၅ တန် ဖြစ်ခဲ့ပါတယ်။ အီးယူနိုင်ငံများသို့ ၁၆၂၅ တန်နဲ့ စင်ကာပူ နိုင်ငံသို့ တန် ၈၅၀ တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၃၉၉၆ တန် လျော့နည်းခဲ့ပါတယ်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ ဧပြီ ၁ ရက်မှဩဂုတ် ၅ ရက်အထိ အမေရိကန် ဒေါ်လာ ၁၀၀ ဒသမ ၇၃၃ သန်းတန်ဖိုးရှိ မြန်မာ့ဆန်မျိုးစုံ တန်ချိန် ၂၈၂၅၃၇ ကျော်နဲ့ အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၁၀၄ သန်း တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၉၉၂၃၆ တင်ပို့ထားပြီး ဖြစ်ပါတယ်။

**ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၂-၈-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၅/၈ | ၁၂/၈ | ပြောင်းလဲမှု | ၅/၈ | ၁၂/၈ | ပြောင်းလဲမှု | ၅/၈ | ၁၂/၈ | ပြောင်းလဲမှု | ၂၉/၇ | ၅/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၇၄၇ | ၂၆၇၀ | ▼ | ၂၅၀၃ | ၂၇၅၀ | ▲ | ၂၄၅၀ | ၂၄၀၀ | ▼ | ၂၅၅၀ | ၂၅၀၀ | ▼ |
| ၂ | ပဲစင်းငုံ | ၂၁၃၉ | ၂၀၀၄ | ▼ | - | - | - | - | - | - | ၂၀၅၀ | ၁၉၅၀ | ▼ |
| ၃ | ပဲတီစိမ်း | ၁၅၁၅ | ၁၄၁၅ | ▼ | ၁၂၄၄ | ၁၂၄၄ | ■ | ၁၁၄၂ | ၁၁၁၆ | ▼ | ၁၂၁၀ | ၁၂၁၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၄၀၀ | ၂၅၀၀ | ▲ | - | - | - | - | - | - | ၂၀၆၅ | ၂၁၀၅ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၁၀၀ | ၁၀၈၀ | ▼ | ၁၀၈၃ | - | - | ၇၀၀ | - | - | ၁၁၉၅ | ၁၁၉၅ | ■ |
| ၆ | ထောပတ်ပဲ | ၆၆၀ | ၆၉၅ | ▲ | ၉၇၈ | ၁၀၁၁ | ▲ | ၆၀၅ | ၆၈၄ | ▲ | ၆၀၅ | ၆၁၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၂-၈-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၄/၈ | ၁၁/၈ | ပြောင်းလဲမှု | ၄/၈ | ၁၁/၈ | ပြောင်းလဲမှု | ၄/၇ | ၁၁/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၄၀၀ | ၁၄၃၀ | ▲ | ၁၃၅၉ | ၁၄၂၂ | ▲ | ၁၂၇၀ | ၁၃၄၆ | ▲ |
| ၂ | ပဲစင်းငုံ | ၁၁၁၀ | ၁၀၆၅ | ▼ | ၁၁၂၀ | ၁၀၃၂ | ▼ | ၁၁၆၅ | ၁၀၄၇ | ▼ |
| ၃ | ပဲတီစိမ်း | ၇၇၀ | ၇၇၀ | ■ | ၇၄၇ | ၇၄၈ | ▲ | ၈၂၂ | ၈၃၈ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၁၂၃၀ | ၁၂၃၀ | ■ | ၁၂၂၅ | ၁၁၆၇ | ▼ | ၁၁၉၅ | ၁၁၆၇ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၃၀၊၇၊၁၆)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၆၊၈၊၁၆)ထိ | ပြည်ပတင်ပို့မှု (၁၊၁၊၁၆) မှ (၆၊၈၊၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၄၄၈၀ | ၂၅၄၈ | ၃၇၃၂၆၈ |
| ပဲတီစိမ်း | ၂၆၆၉ | ၁၈၄၆ | ၁၃၉၃၈၂ |
| ပဲစင်းငုံ | ၄၇၄၇ | ၁၁၁၆ | ၁၇၃၈၄၈ |
| ကုလားပဲ | ၂၁၃၅ | ၅၅၇ | ၂၄၇၇၂ |
| ပဲလွန်းဖြူ | ၅၁၃ | ၁၅၂ | ၁၄၇၄၉ |
| မြေထောက်ပဲ | ၅၅၂ | ၃၂၇ | ၉၁၆၃ |

### ၈-၈-၂၀၁၆ မှ ၁၂-၈-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 323 | 18,669,476.022 |
| 2 | Form D | 52 | 2,835,731.770 |
| 3 | Form E | 97 | 1,609,740.210 |
| 4 | Korea GSP | 7 | 238,250.500 |
| 5 | Form AK | 79 | 16,955,679.010 |
| 6 | Form AJ | 19 | 1,960,377.460 |
| 7 | Form AI | 124 | 4,233,743.270 |
| 8 | Form AANZ | 3 | 129,095.790 |
| 9 | Form DFTP | - | - |
| Grand Total | | 704 | 46,632,094.032 |

# မုံရွာကုန်စည်ဒိုင် ဩဂုတ်လ ဒုတိယပတ် ပဲဈေးကွက် လက်ကျန်ပဲနည်းလာလို့ ကုလားပဲဈေး ဆက်လက်မာ

မုံရွာကုန်စည်ဒိုင် ဩဂုတ်လ ဒုတိယပတ် ပဲဈေးကွက်မှာ ပြည်ပဝယ်လက် ရပ်သွားပေမယ့် ပြည်တွင်းသုံး ဝယ်လိုအား မြင့်နေဆဲမို့ ပဲလက်ကျန်နည်းသလို ဈေးလည်း ဆက်လက်မာခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ်အတွင်းမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ၄၁၇၀၀ ကျပ်၊ ထိုင်ဝမ်တစ်တင်း ၄၀၃၀၀ ကျပ်နဲ့ 929 တစ်တင်း ၃၉၇၀၀ ကျပ်အထိ ဈေးအသီးသီး မာနေပြီး၊ ဒေသတွင်းနဲ့ မန်းဝယ်လက် အဝယ်ပုံမှန်အဆွဲရှိလို့ တစ်ရက် အိတ် ၅၀၀ မှ ၇၀၀ ကြား အရောင်းအဝယ်ဖြစ်နေတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။

ငုံနီဈေးကွက်မှာတော့ ယခုတစ်ပတ်မှာ တစ်တင်း ၄၁၇၀၀ ကျပ် ဝန်းကျင်အထိ ဈေးဆက်လက်အေးနေကာ ကြောက်ရောင်းကြောက်ဝယ်ဆိုသလို ကျဈေးကြောက်လို့ ရောင်းသူရှိသလို၊ ဈေးကျလို့ လှောင်ဖို့ဝယ်သူလည်း ရှိခဲ့တယ်လို့ ဈေးကွက်က ဆိုပါတယ်။ ကျဈေးနဲ့ အေးနေတဲ့ ယခုတစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုလည်း မငြိမ်သက်ခဲ့လို့ တစ်ရက်ကို အိတ် ၃၀၀၊ ၅၀၀၊ ၁၀၀၀ ပုံမှန်မဟုတ်ဘဲ ဖြစ်နေတယ်လို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

စိမ်းကြီးဈေးကွက်အနေနဲ့လည်း ပဲအရည်အသွေး နိမ့်ကျလို့ ပြည်ပဝယ်လက် မရှိသလောက် ပါးခဲ့ကာ၊ ဒေသခံကုန်သည်လှောင်လက် အနည်းငယ်သာ ဝယ်ယူမှုရှိနေလို့ တစ်ရက် အိတ် ၃၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ယခုတစ်ပတ်အတွင်း တစ်တင်း ၂၅၀၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်အထိ ပေါက်ဈေး အေးသွားခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ် မတ်ပဲ ဈေးကွက်မှာ ဒေသခံနဲ့ ပြည်တွင်းဝယ်လက် ပုံမှန်ရှိခဲ့ပြီး၊ ပေါက်ဈေးအားဖြင့် ပဲအမျိုးအစားအရ တစ်တင်း ၄၈၀၀၀ကျပ်၊ ၅၀၀၀၀ ကျပ်နဲ့ ၅၂၀၀၀ ကျပ် အသီးသီး ဈေးငြိမ်နေပြီး၊ တစ်ရက် အိတ် ၂၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ကျန်ဒေသသုံး ပဲလက်လီဈေးကွက်အနေနဲ့ ပဲအများစု ဆက်လက် ငြိမ်သက်နေခဲ့ရာ စွန်တာနီ တစ်တင်း ၁၄၅၀၀ ကျပ်၊ ပဲနီလုံးကြား ၁၆၅၀၀ကျပ်၊ ပဲကြီး ၂၆၀၀၀ ကျပ်၊ မလွမ်းပို ၁၆၀၀၀ ကျပ်၊ ပုဂံပဲ ၁၇၅၀၀ကျပ်၊ မြေထောက်ပဲ ၁၈၀၀၀ ကျပ်နဲ့ ပဲယင်း ၁၆၅၀၀ ကျပ် အသီးသီး ပေါက်ဈေးဖြစ်ခဲ့ကာ ပဲတစ်မျိုးလျှင် တစ်ရက် အိတ် ၁၅၀ မှ ၃၀၀ ကြား အရောင်းအဝယ် ပုံမှန်သာ ဖြစ်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင် (မုံရွာ)**

# ပြည်ပဲပဲတီစိမ်း အသစ်များ အဝင်ရှိသလောက်အရောင်းသွက်



ဩဂုတ်လ ဒုတိယပတ်အတွင်း ပြည်ပဲဈေးကွက်သို့ ပဲတီစိမ်းအသစ်များ ဆက်လက်ဝင်ရောက်လျက်ရှိရာ တစ်ရက်လျှင်အိတ် ၄၀၀ ကျော်အထိ ပဲအဝင် များလာခဲ့တာကို တွေ့ရပါတယ်။

ပေါင်းတလည်၊ ပေါက်ခေါင်း၊ ရွှေတောင်ကြီးသဲ၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နယ်စုံသလောက် ဝင်ရောက်ခဲ့ပြီး မန္တလေးတိုင်း ဒေသများက အဝင်ရှိသလောက် ဝယ်ယူနေတဲ့အတွက် အရောင်းအဝယ် သွက်နေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ပဲဈေးနှုန်းကတော့ ပဲပေါ်စ အဖွင့်ဈေးထက် ဈေးအနည်းငယ်လျော့သွားခဲ့တာကြောင့် တစ်တင်းကျပ် ၂၃၅၀၀ ဖြင့်သာ အရောင်းအဝယ်ဖြစ်နေခဲ့ကြပါတယ်။ ပြည်ပဝယ်လိုအားရှိသော မတ်ပဲ၊ ပဲစင်းငုံ သီးနှံများနဲ့ နှိုင်းယှဉ်လျှင်လည်း ပဲတီစိမ်း ဈေးအေးနေကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း**

# ပြည်ပဲဈေးကွက်မှာ ဘိုကိတ်ပဲ လက်လီရော လက်ကားသမားများပါ ဝယ်ယူမှုရှိ

ပြည်ဈေးကွက်မှာ ဘိုကိတ်ပဲသီးနှံအနေဖြင့် ပဲဝင်ရောက်မှုမရှိပေမယ့် လက်ကျန်လှောင်ပဲအချို့ရှိခဲ့လို့ ယခုတစ်ပတ်အတွင်း လက်လီရော လက်ကားပါ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ဒါကြောင့်ယခင်တစ်ပတ်ကထက် ပဲဈေး အနည်းငယ်မြင့်တက်လာကာ တစ်တင်းကျပ် ၂၄၀၀၀ ရရှိနေသလို တစ်ရက်ကို အိတ် ၅၀ မှ ၁၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

ယခင်နှစ်က ဘိုကိတ်ပဲသီးနှံဈေးမှာ ဩဂုတ်လအတွင်း တစ်တင်းကျပ် ၁၈၀၀၀ နဲ့ ကျပ် ၂၄၀၀၀ အတွင်းသာ ရရှိခဲ့လို့ ဈေးအေးနေခဲ့ပေမယ့်လည်း ယခုနှစ်မှာတော့ လဆန်းရက်မှာကတည်းက ယခင်နှစ်ဈေးကို မီနေပြီဖြစ်လို့ လကုန်မှာ ယခင်နှစ်ကကဲ့သို့ ဈေးမြင့်တက်လာမလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ခင်ဆွေဝင်း**

# လက်လီပဲဈေးကွက်မှာ ပြည်ပဲနီပြား ပုံမှန်သာ အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်ရဲ့ လက်လီပဲဈေးကွက်မှာ ဘိုကိတ်၊ ပဲလွန်းဖြူနည်းတူ ပဲနီပြားသီးနှံကလည်း နေ့စဉ် လက်လီသမားများနဲ့ အိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်လျက်ရှိတယ်လို့ သိရပါတယ်။

ပဲဈေးမှာ ပဲလွန်းဖြူသီးနှံထက် ဈေးပိုရသလို ဘိုကိတ်သီးနှံကဲ့သို့ ဈေးတူနီးပါးရနေတဲ့အတွက် တစ်တင်း ကျပ် ၂၄၅၀၀ ဖြင့် ဩဂုတ်ဒုတိယပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကာလဆန်းရက်က ဈေးထက်ဈေးအနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။

ယခင်နှစ်က ဩဂုတ်လအတွင်း ပဲနီပြားသီးနှံဟာ တစ်တင်းကျပ် ၂၀၅၀၀ မှကျပ် ၂၂၀၀၀ အထိရရှိခဲ့သလို ယခုနှစ်ဈေးက သိပ်မြင့်တက်မှုမရှိခဲ့ဘဲ အနည်းငယ်သာ ဈေးပိုရခဲ့တာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

Vol: 16, No.30 Monday August 15 2016

# အဖွဲ့အစည်းဆိုင်ရာပြောင်းလဲမှုကို စီမံခန့်ခွဲခြင်း

|မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)|



နည်းပညာသစ်တွေရှိနေတဲ့ ကမ္ဘာကြီးမှာ ယှဉ်ပြိုင်မှုတွေက ထူးခြားများပြားလာသလို စားသုံးသူ အကြိုက်တွေက ပြောင်းလဲလာပါတယ်။ သည်လိုဆိုရင် စီးပွားရေးအဖွဲ့အစည်းတွေ ပြောင်းလဲသင့် သလားဆိုတာ မေးစရာတောင် မလိုတော့ပါဘူး။ ဘယ်အချိန်မှာ ပြောင်းလဲမှာလဲ။ ဘယ်နေရာမှာ ဘယ်လို ပြောင်းလဲသင့်သလဲ။ နေရာတိုင်းမှာ ပြောင်းလဲမှုတွေ တွေ့မြင်နိုင်ပါတယ်။

စီးပွားရေး အဖွဲ့အစည်းတွေရဲ့ ပြောင်းလဲမှုကို စဉ်းစားမယ်ဆိုရင် ရှုထောင့်အမြင် သုံးခုရှိပါတယ်။

**အကျပ်အတည်း (Crisis)**

အခြေအနေတစ်ခုကို တုံ့ပြန်ဖို့လိုအပ်မှုတစ်ခု မြင့်တက်လာတဲ့အခါ အဲဒါဟာ အဖွဲ့အစည်းရဲ့ ဆုံးရှုံးမှု သို့မဟုတ် အပျက်အစီးကို ဖြစ်စေလိမ့်မယ်။ ဒီလိုပြောင်းလဲမှု ပုံစံမျိုးဟာ များသောအားဖြင့် သက်ရောက်မှု ထပ်မံပြီး ရှိနိုင်ပါတယ်။ ဒီပြောင်းလဲမှုက ပြဿနာတစ်ခုရဲ့ ယာယီအဖြေတွေ့ရှိခြင်း ပါဝင် နိုင်ပါတယ်။

**အကျပ်အတည်းမဟုတ်သော အခြေအနေ (Non - Crisis)**

ဒီပြောင်းလဲမှုမျိုးက အရေးတကြီး လိုအပ်မှုအတိုင်းအတာ မရှိတဲ့ အခြေအနေမှာ ပြဿနာကို တုံ့ပြန်မှုပေးပါတယ်။ ဒီပြောင်းလမှုက ထပ်မံသက်ရောက်နိုင်ပါတယ်။

**အခွင့်အလမ်း (Opportunity)**

ယှဉ်ပြိုင်နိုင်တဲ့ စီးပွားရေးလုပ်ငန်းမှာ အားသာချက်ရရှိဖို့ ချိန်ညှိတဲ့ပုံစံသစ် ဖန်တီးခြင်းမှာ ဒီပြောင်းလဲမှုပုံစံမျိုးကို လမ်းညွှန်လေ့ရှိပါတယ်။ ဒီပြောင်းလဲမှုပုံစံမျိုးဟာ အဖွဲ့အစည်းက ပြုလုပ်တဲ့ စီးပွားရေး လုပ်ငန်းလမ်းကြောင်းပေါ်မှာ အရာထင်အကျိုးသက်ရောက်မှု ရှိပါတယ်။

အချိန်အတော်များများမှာ ပြောင်းလဲမှု ဖြစ်ပေါ်ရတာဟာ ဖောက်သည်တွေ၊ ယှဉ်ပြိုင်ဘက်တွေ၊ နည်းပညာ၊ စီးပွားရေးစွမ်းအားတွေနဲ့ အဖွဲ့အစည်းအတွင်း နယ်မြေမှ အစပျိုးနေတဲ့ ပြင်ပအင်အားစုတွေကြောင့် ဖြစ်ပါတယ်။ အခြားတစ်ဖက်မှာတော့ ပြောင်းလဲမှုကို မောင်းနှင်ပေးတဲ့ အဖွဲ့အစည်း အတွင်းပိုင်း အင်အားစုတွေလည်း ရှိပါတယ်။ ဥပမာအနေနဲ့ဆိုရင် ထိပ်တန်းစီမံခန့်ခွဲသူတွေဟာ လျင်မြန်တဲ့ တိုးချဲ့မှုဆိုင်ရာ ရည်မှန်းချက်တစ်ခုကို ရွေးချယ်ခဲ့ရင် အဖွဲ့အစည်းအတွင်းပိုင်း စီးပွားရေးလုပ်ငန်းစဉ်တွေ သို့ မဟုတ် ဆောင်ရွက်မှုတွေဟာ တိုးတက်မှုကိုရရှိရေးအတွက် ပြောင်းလဲဖို့ လိုအပ်ပါတယ်။ ဝန်ထမ်းတွေရဲ့ လိုအပ်ချက်တွေ သို့မဟုတ် ထုတ်ကုန်ပစ္စည်း စွမ်းဆောင်ရည်မပြည့်ဝမှုတွေ အားလုံးဟာ ပြောင်းလဲမှုနဲ့ တုံ့ပြန်ရမယ့် စီမံခန့်ခွဲမှုကို တွန်းအားပေးနိုင်ပါတယ်။

ဖြစ်ရပ်အခြေအနေ လေးခုက ပြောင်းလဲမှုအစီအစဉ်ကို ပြောင်းလဲပေးပါတယ်။ ပထမအခြေအနေကတော့ ပြောင်းလဲမှုကို မောင်းနှင်တဲ့ အတွင်းပိုင်းနဲ့ အပြင်ပိုင်းအင်အားစုတွေ ဖြစ်ပါတယ်။ ဒုတိယ အခြေအနေကတော့ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲသူတွေက အဲဒီအင်အားစုတွေကို ကြီးကြပ်လမ်းညွှန်ပေးကြပြီး ပြောင်းလဲဖို့ လိုအပ်မှုကို သတိမူလာကြပါတယ်။ တတိယအခြေအနေကတော့ လက်ခံထားတဲ့ လိုအပ်မှုက ပြောင်းလဲမှုရဲ့ အစကနဦး ဆောင်ရွက်မှုကို အစပျိုးထားပါတယ်။ စတုတ္ထအခြေအနေကတော့ ပြောင်းလဲမှုကို အကောင်အထည်ဖော် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ဒီနေရာမှာ မဟာဗျူဟာ၊ နည်းပညာ၊ ထုတ်ကုန်ပစ္စည်းများ၊ ဖွဲ့စည်းမှုနဲ့ ယဉ်ကျေးမှုစတဲ့ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုမှာ ကွဲပြားခြားနားတဲ့ ပုံစံတွေရှိပါတယ်။ ဥပမာပြောရရင် ထုတ်ကုန်ပစ္စည်းသစ်ဟာ နည်းပညာမှာ ပြောင်းလဲမှုတွေ လိုအပ်နိုင်ပါတယ်။ နည်းပညာသစ်က လူသစ်များရဲ့ ကျွမ်းကျင်မှု သို့မဟုတ် ဖွဲ့စည်းမှုအသစ်တွေ လိုအပ်ပါတယ်။ အဖွဲ့အစည်းတွေရဲ့ ပြောင်းလဲမှုမှာ မဟာဗျူဟာဆန်ဆန် (တော်လှန်ရေး) ပြောင်းလဲမှုနဲ့ အော်ပရေးရှင်းဆန်ဆန် (ဆင့်ကဲပြောင်းလဲမှု) ပြောင်းလဲမှုအကြား ချိန်ညှိဖို့ ရှိဖို့ လိုအပ်ပါတယ်။ မဟာဗျူဟာမြောက် ပြောင်းလဲမှုကိုတော့ တော်လှန်ရေးဆန်တဲ့ ပြောင်းလဲမှုနဲ့ ဆင့်ကဲဖြစ်ပေါ် ပြောင်းလဲမှုနှစ်ခုစလုံးနဲ့ ဆောင်ရွက်နိုင်ပါတယ်။

သိသာထင်ရှားတဲ့ ပြောင်းလဲမှုကို ရွေးချယ်ခြင်းနဲ့ အကောင်အထည်ဖော်ခြင်းဟာ အဖွဲ့အစည်းက ရင်ဆိုင်နေရတဲ့ ဆောင်ရွက်မှုတွေမှာ အကြီးမားဆုံး စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုကို အကောင်အထည်ဖော်ရာမှာ အောင်မြင်မှုရရှိဖို့ အကြောင်းအရင်းများစွာ ရှိပါတယ်။ ပထမအချက်ကတော့ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှုဟာ လူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ဘဝနေထိုင်မှုပုံစံ ပြောင်းလဲခြင်းနဲ့ တူညီနေပါတယ်။ ပြောင်းလဲမှုကို အကောင်အထည်ဖော်ဖို့အတွက် အကြီးမားဆုံး စိတ်ပိုင်းဖြတ်မှု၊ စည်းကမ်းရှိမှု၊ ဇွဲရှိမှု၊ ကတိကဝတ်အတိုင်း ဆောင်ရွက်မှုနဲ့ ရှင်းလင်းပြတ်သားတဲ့ စီမံချက်တွေ ရှိဖို့လိုအပ်ပါတယ်။ ဒုတိယအချက်ကတော့ ပြောင်းလဲမှုကို ခုခံခြင်းဟာ သဘာဝကျတဲ့ လူသားဆိုင်ရာ အသွင်အပြင် ဖြစ်ပါတယ်။ လူအားလုံးဟာ ပြောင်းလဲမှုကို ခုခံကြရာမှာ အချို့က တခြားလူတွေထက် ပိုကြပါတယ်။ ပြောင်းလဲမှုကို ခုခံခြင်းကို စီမံခန့်ခွဲခြင်းဟာ ပြောင်းလဲမှုလုပ်ငန်းစဉ်ရဲ့ မရှိမဖြစ်လိုအပ်တဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

တတိယအချက်ကတော့ ပြောင်းလဲမှုက မသေချာမှုကို ဖန်တီးပေးပါတယ်။ အဖွဲ့အစည်းတွေဟာ ယေဘုယျအားဖြင့် ယင်းတို့ရဲ့ လက်ရှိစီးပွားရေး လုပ်ငန်းမော်ဒယ်ပုံစံနဲ့ အတန်အသင့် ကြိုတင်ခန့်မှန်းနိုင်တဲ့ ရလဒ်တွေ ရှိကြပါတယ်။ ယင်းတို့ရဲ့ ရလဒ်တွေကတော့ လိုချင်တဲ့ရလဒ်တွေ မဖြစ်နိုင်ပေမယ့် ခန့်မှန်းကြည့်လို့တော့ ရပါတယ်။ ပြောင်းလဲမှုကို ကြိုတင်ခန့်မှန်းလို့ မရနိုင်ပါဘူး။ ရလဒ်တွေ ပိုကောင်းနိုင်သလို ပိုမိုဆိုးရွားသွားနိုင်ပါတယ်။

ပြောင်းလဲမှုလုပ်ငန်းစဉ်ကို စီမံခန့်ခွဲခြင်းဟာ အောင်မြင်တဲ့ အကောင်အထည်ဖော်ခြင်းအတွက် မရှိမဖြစ် လိုအပ်ပါတယ်။ အောင်မြင်မှုကတော့ အဓိကအချက်နှစ်ချက်အပေါ် မူတည်ပါတယ်။ အဲဒါတွေကတော့ ပြောင်းလဲမှုကိုလမ်းညွှန်ဖို့ အဓိပ္ပာယ်သတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်နဲ့ တာဝန်ပေးထားတဲ့ ပြောင်းလဲမှု ခေါင်းဆောင်မှုအဖွဲ့တို့ပဲ ဖြစ်ပါတယ်။

ပြောင်းလဲမှုဆိုင်ရာ ခေါင်းဆောင်မှုအဖွဲ့က အချိန်ပြည့် မလိုအပ်ပါဘူး။ ဒါပေမယ့် လိုအပ်တဲ့ ပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းတွေကို အပြည့်အဝ အကောင်အထည်ဖော်ရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ဩဇာအာဏာရှိဖို့တော့ လိုအပ်ပါတယ်။ အဖွဲ့အစည်းတစ်ခုလုံး ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲမှုဖြစ်ရင် ပါရာဒိုင်းအရွေ့ သို့မဟုတ် စနစ်ကျတဲ့ ပြောင်းလဲမှု ဖြစ်ရပါမယ်။ ဒါကို ထိပ်တန်းစီမံခန့်ခွဲမှုအဖွဲ့က လုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဲဒီအဖွဲ့ကို ရှင်းရှင်းလင်းလင်း သတ်မှတ်ထားပြီး လုံလောက်တဲ့ စွမ်းရည်၊ အချိန်၊ အရင်းအမြစ်နဲ့ ဩဇာအာဏာ သတ်မှတ်ပေးဖို့ လိုအပ်ပါတယ်။

ဒေါက်တာရက်စ်နစ်ခ် (Dr. Resnick) ဆိုသူက စနစ်ကျတဲ့ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှု မော်ဒယ်ပုံစံကို စမ်းသပ်ဖန်တီးခဲ့တယ်။ ဒီပုံစံကို ကုမ္ပဏီအတော်များများမှာ အောင်မြင်စွာ အသုံးပြုခဲ့ပါတယ်။ ပြောင်းလဲမှုလုပ်ငန်းစဉ်ကို လမ်းညွှန်တဲ့ ပြည့်စုံပြီးရိုးရှင်းတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီမော်ဒယ်ကို အဖွဲ့အစည်းရဲ့ အနာဂတ်အမြင် (Vision)နဲ့ စတင်ပါတယ်။ အနာဂတ်အမြင်ဟာ ကုမ္ပဏီမှာရှိတဲ့ ဝန်ထမ်းတိုင်းကို လမ်းညွှန်ဖို့နဲ့ လမ်းညွှန်မှုကို ပံ့ပိုးဖို့ ပြည့်စုံကျယ်ပြန့်ရပါမယ်။ ဒုတိယအခြေခံ အစိတ်အပိုင်းကတော့ ကုမ္ပဏီကဆောင်ရွက်တဲ့ ဈေးကွက်တွေကို ရှင်းရှင်းလင်းလင်း နားလည်ခြင်းနဲ့ ဖောက်သည်တွေပဲ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဖွဲ့အစည်းဆိုင်ရာစနစ်ပဲ ဖြစ်ပါတယ်။ ဒီစနစ်ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ကတော့ အဖွဲ့အစည်းရဲ့ အနာဂတ်အမြင်ပါဝါကို ဖောက်သည်တွေ ထံသို့ ပို့ဆောင်ပေးခြင်းပဲ ဖြစ်ပါတယ်။ ဒီအစိတ်အပိုင်းအားလုံးဟာ ရည်ရွယ်ချက်နဲ့ ကိုက်ညီရမှာ ဖြစ်ပါတယ်။

အဖွဲ့အစည်းမှာပါဝင်ပြီး အဓိကကျတဲ့အစိတ်အပိုင်း လေးခုကတော့ ဖွဲ့စည်းပုံ၊ လုပ်ငန်းစဉ်များ၊ လူများနဲ့ ကိရိယာများ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ (Sturcture) ကတော့ အဖွဲ့အစည်းတစ်ခုရဲ့ အစဉ်အလာ အမြင်ပဲ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းမှုက ဩဇာအာဏာ (Authority)နဲ့ ဆုံးဖြတ်ချက်ချခြင်း (Decision-making)ရဲ့ နယ်နိမိတ်တွေကို ဖော်ဆောင်ပေးပါတယ်။ ပြီးတော့ စီးပွားရေးလုပ်ငန်းအတွက် တာဝန်ယူရတဲ့ အဓိကပုဂ္ဂိုလ်တွေကို သတ်မှတ်ပေးပါတယ်။ လုပ်ငန်းစဉ်တွေ (Work Processes)ကတော့ အဖွဲ့အစည်းမှာ အလုပ်တွေ ဘယ်လိုပြီးမြောက်သလဲဆိုတာ ဖော်ပြပါတယ်။ လူ (People) တွေကတော့ ကုမ္ပဏီအတွက် လိုအပ်တဲ့ ကျွမ်းကျင်မှုတွေ ရှိရပါမယ်။ ကျွမ်းကျင်မှု အသီးသီးရှိတဲ့ လူတွေ ပါဝင်ပါတယ်။ ဒီလူတွေဟာ မှန်ကန်တဲ့ နေရာအတွက် မှန်ကန်တဲ့အလုပ်ကို ပြုလုပ်တဲ့လူတွေပဲ ဖြစ်ပါတယ်။ ကိရိယာတွေ (Tools)ကတော့ ရုပ်ပိုင်းဆိုင်ရာ အခင်းအကျင်းတွေနဲ့ အရင်းအနှီးကိရိယာတွေ (ဆော့ဖ်ဝဲနဲ့ ဟာဒ်ဝဲ စနစ်တွေ၊ စီမံခန့်ခွဲမှုနဲ့ အစီရင်ခံခြင်း)တွေကို ကိုယ်စားပြုပါတယ်။

အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲခြင်းကို ဖန်တီးရေးအတွက် ထိန်းချုပ်ပေးတဲ့ လီဗာ (Lever)သုံးခု ရှိပါတယ်။

**Lever One (အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့)**

တစ်ခုတည်းသော အကောင်းဆုံးလီဗာ (Lever)ကတော့ အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့ ဖြစ်ပါတယ်။ တကယ်လို့ အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့ဟာ အချိတ်အဆက် အပြည့်အဝမမိဘဲ ပြောင်းလဲမှုကို အတူတကွ ပုံဖော်ရာမှာ စစ်မှန်တဲ့အတိုင်း ပြုလုပ်ကြရင် သူတို့ဟာ ခုခံမှုကို အကောင်းဆုံးစီမံခန့်ခွဲနိုင်မှာ ဖြစ်ပါတယ်။

**Lever Two (တွေ့မြင်နေကျအဖွဲ့အစည်းဆိုင်ရာ မော်ဒယ်ပုံစံ)**

ဒုတိယလီဗာ (Lever)ကတော့ အဖွဲ့အစည်းက သဘောတူထားတဲ့ စိတ်ပိုင်းဆိုင်ရာ မော်ဒယ်ရှိခြင်းပဲ ဖြစ်ပါတယ်။ အဖွဲ့အစည်းနဲ့ ပြောင်းလဲမှုနည်းကို ဘယ်လိုစစ်ဆေးရမလဲဆိုတာ အောင်မြင်မှုအတွက် မရှိမဖြစ် လိုအပ်ပါတယ်။ ဒီလိုမလုပ်ရင် အဆင့်မြင့်အဖွဲ့က ဘာကိုပြောင်းလဲမှာလဲ။ ဘယ်နေရာမှာ ပြောင်းလဲမှာလဲ၊ ဘာကြောင့် ပြောင်းလဲမလဲဆိုတာ ငြင်းခုံကြလိမ့်မယ်။ ဘုံသဘောဆန်တဲ့ ဒီမော်ဒယ်ကို လူတိုင်းက နားလည်ပြီး သဘောတူညီကြရင် အချိတ်အဆက် အပြည့်အဝ မိလာမှာ ဖြစ်ပါတယ်။

**Lever Three (ဖွဲ့စည်းထားတဲ့ ပြောင်းလဲမှုနည်းလမ်း)**

တတိယလီဗာ (Lever)ကတော့ အဖွဲ့အစည်းကို ဆန်းစစ်သုံးသပ်ဖို့၊ ပြောင်းလဲမှုကို ပုံဖော်ဖို့၊ ပြောင်းလဲဖို့ကို အကောင်အထည်ဖော်ဖို့နဲ့ တိုးတက်မှုကို စောင့်ကြည့်ပေးဖို့ ဖွဲ့စည်းပုံဖော်ထားတဲ့ နည်းလမ်း ဖြစ်ပါတယ်။ ဒါကလည်း စီးပွားရေးလုပ်ငန်း ဆောင်ရွက်ဖို့ သဘာဝကျတဲ့နည်းလမ်း ဖြစ်လာဖို့ပါပဲ။ အဆင့်မြင့်စီမံခန့်ခွဲမှုက ရေရှည်ထိန်းထားနိုင်တဲ့ ပြောင်းလဲမှုအတွက် ချိန်ညှိမှုကို ပံ့ပိုးပေးခြင်းအားဖြင့် အပြည့်အဝ အကောင်အထည်ဖော်ခြင်းအားဖြင့် တွေ့မြင်နေကျ မော်ဒယ်ပေါ်တွင် အခြေခံထားပါတယ်။

အဖွဲ့အစည်းမှာရှိတဲ့ စီမံခန့်ခွဲသူတွေဟာ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲမှု (Organizational Change)ကို ပီပြင်စွာ အကောင်အထည်ဖော်ခြင်းဖြင့် အဖွဲ့အစည်းရဲ့ ရည်မှန်းချက်တွေကို အောင်မြင်အောင် ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။

## ချင်း

### ပြည်စျေးကွက်မှာ ချင်းအရောင်းအဝယ်အေးပြီး စျေးငြိမ်လျက်ရှိ

ပြည်စျေးကွက်မှာ ချင်းစျေးငြိမ်နေတာ တွေ့ရပါတယ်။ ယခုအချိန်မှာ မိုးများ၍ အချို့မြို့နယ်များတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။ ပြည်စျေးကွက်သို့ တောင်ကြီး၊ အောင်ပန်းဘက်မှ ချင်းများယခုတစ်ပတ်အတွင်း ပိဿာ ၃၀ ဝင်အိတ် ၈၀ ခန့်သာ ဝင်ရောက်ပြီး အရောင်းအဝယ်မှာလည်း ဒေသတွင်း လက်လီအရောင်းအဝယ်သာရှိနေတာကြောင့် အရောင်းအေးနေတာ တွေ့ရပါတယ်။ ယခုတစ်ပတ် ချင်းတစ်ပိဿာ ကျပ် ၆၀၀ မှ ၈၀၀ ထိရှိရာ ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေတာတွေ့ရပါတယ်။ ပုံမှန်တင်ပို့မှုကတော့ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်သို့ ယခုတစ်ပတ်အတွင်း ပိဿာချိန် ပျမ်းမျှ ၁၅၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်**

### ရှမ်းချင်းများ ဟိုပုံးတွင် အဝင်နည်းပြီး အောင်ပန်းစျေးကွက်မှာ အဝင်ပုံမှန်ရှိ

ဒီတစ်ပတ်မှာ ရှမ်းချင်း(ဥမ)က စျေးကွက်မှာ အဝင်နည်းလာပါတယ်။ မိုးအဆက်အပြတ် ရွာနေတာရယ်၊ စျေးကလည်း ထင်သလောက် မကိုက်တာ ရယ်ကြောင့် တောင်သူတွေက ချင်းတွေ မဖော်ကြတော့ဘူးလို့ သိရပါ တယ်။ ဖော်ပြန်တဲ့အခါမှာလည်း လုပ်အားခက စျေးမြင့်နေပြီး ချင်းစျေးက လည်း စျေးသိပ်မရတဲ့အတွက် မဖော်တော့ဘဲ မြေကြီးထဲမှာ ထားတော့တယ် လို့ ဟိုပုံး ချင်းစျေးကွက်က သိရပါတယ်။ ဟိုပုံးစျေးကွက်မှာ ချင်းအဝင်က တစ်ပတ်ကို ပိဿာချိန် ရာဂဏန်း ခန့်သာ အဝင် ရှိတော့တယ်လို့လည်း သိရပါတယ်။

အခုဝင်နေတဲ့ ချင်း(ဥမ)တွေကို တော့ တောင်ကုတ်ဝယ်လက်တွေက ဝယ်ယူနေလို့ ပြီးခဲ့တဲ့ တစ်ပတ်ကတော့ ပိဿာချိန် သုံးသောင်းခွဲ/လေးသောင်းခန့် အဝယ်ရှိခဲ့တယ်လို့ သိရပါ တယ်။ စျေး နှုန်းက တစ်ပိဿာ ၂၄၀ ကျပ် စျေးရှိပါတယ်။ ချင်းခြောက်လက်ကျန်လည်း နည်းနေပါပြီ။ အဝယ်ကလည်း ခပ်အေးအေးသာ ဖြစ်တယ်လို့လည်း သိရပါ တယ်။ ချင်း(ဥမ)က အခြောက်အဖြစ် ပြုလုပ်လို့မရလို့ ချင်းတက် ပေါ်ချိန်မှ စျေးနှုန်းနဲ့အထွက်နှုန်းကိုကြည့်ပြီး အခြောက်ပြုလုပ်ကြရမှာ ဖြစ်တယ်လို့ လည်း သိရပါတယ်။

အောင်ပန်း စျေး ကွက်မှာတော့ ချင်း(ဥမ)က ပုံမှန် အဝင်ရှိနေတယ်လို့ သိရပါတယ်။ ပြည်ပတင်ပို့ဖို့အတွက် စစ်တွေ၊ ပြည်ကဝယ်သလို၊ စျေးပတ်သမားတွေဖြစ်တဲ့ တပ်ကုန်း၊ မုံရွာ စတဲ့မြို့တွေက အဝယ်ရှိနေတာကြောင့် တစ်ပတ်အတွင်း ချင်းပိဿာချိန်ပေါင်း တစ်သိန်းခန့် အရောင်းအဝယ် ဖြစ်ခဲ့ တယ်လို့လည်း သိရပါတယ်။ ချင်း(ဥမ) က တစ်ပိဿာကို ၂၅၀ ကျပ် စျေးရှိပြီး၊ ချင်းခြောက် တစ်ပိဿာ ၁၃၀၀ ကျပ် မှ ၁၅၀၀ ကျပ် စျေးရှိပါတယ်။

**ဇေခိုင် (တောင်ကြီး)**

## နနွင်း

### ရှမ်းနနွင်း အဝင်နည်းပေမယ့် ကုန်လက်ကျန်ဖြင့် အရောင်းအဝယ်ဖြစ်

ရှမ်းနနွင်းတွေ စျေးကွက်မှာတော့ အဝင်လည်း နည်းသွားပြီလို့ သိရပါ တယ်။ အဝင်မရှိတော့ပေမယ့် ပွဲရုံလက်ကျန်တွေမှာ အရောင်းအဝယ်ကတော့ ပုံမှန် ဖြစ်နေတယ်လို့ ဆိုပါတယ်။ တောင်ကုတ်ဝယ်လက်တွေက ချင်းကို ဝယ်ယူသလို နနွင်းကိုလည်း ဝယ်ယူနေပါတယ်။ ရန်ကုန်ဝယ်လက်တွေနဲ့ တောင်ကုတ် ဝယ်လက်တွေကတော့ တစ်ပတ်ကို နည်းနည်းချင်းစီ ဝယ်ယူနေလို့၊ ပြီးခဲ့တဲ့လကလည်း တစ်လလုံးလိုလို အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း စျေးကွက်က သိရှိ ရပါတယ်။

ပြည်ပတင်ပို့ဖို့ ဝယ်ယူနေတဲ့ ဝယ်လက်တွေနဲ့ ပြည်တွင်းသုံး အဖြစ် ဟင်းခတ်အမွှေးအကြိုင် ပြုလုပ်ဖို့အတွက် ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်းမှာ နနွင်းပိဿာချိန်ပေါင်း ရှစ်သောင်းခန့် အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။ ဝယ်လက်တွေကလည်း ဝယ်သူစိတ်ကြိုက် ဝယ်ယူတာကြောင့် ဒီနှစ်မှာ အရည်အသွေးညံ့တဲ့ ပင်လောင်းစ၊ အင်းလေး စတွေပါ စျေးကွက်မှာ အရောင်းအဝယ် ဖြစ်လာပါတယ်။ ဟိုပုံးနနွင်းကတော့ တစ် ပိဿာကို ၁၇၀၀ ကျပ်မှ ၁၇၅၀ ကျပ် စျေးပေါက်နေပြီး၊ အင်းလေးစနဲ့ ပင်လောင်းစက တစ်ပိဿာကို ၁၃၀၀ ကျပ် စျေးရှိပါတယ်။ အောင်ပန်းစျေးကွက်မှာတော့ နနွင်းတစ်ပိဿာ ပေါက်စျေးကအ နိမ့်ဆုံး ၁၅၀၀ ကျပ်မှ အမြင့်ဆုံး ၂၅၀၀ ကျပ် စျေးရှိတယ်လို့ အောင် ပန်း၊ နနွင်းပွဲရုံတွေက သိရပါတယ်။

**ဇေခိုင် (တောင်ကြီး)**

### ဒီတစ်ပတ် နနွင်းတန်ချိန် ၃၇၀ ကျော်တင်ပို့



ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်သီတင်းပတ်အတွင်း နနွင်း ၃၈၂ ဒသမ ၃၃ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ၁၅၈ ဒသမ ၃၃ တန်၊ဘင်္ဂလားဒေ့ရှ်သို့ ၁၁၂ တန်နဲ့ အိန္ဒိယသို့ ၁၁၂ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ်မှာ စင်ကာပူသို့ အများဆုံး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က နနွင်း ၁၄၈တန် တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် ၂၃၄ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၉၄၈၈၂ဝငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

## မန်ကျည်း

### ပြည်စျေးကွက်တွင် မန်ကျည်းမှည့် အရောင်းအဝယ်အေးပြီး မန်ကျည်းသီးစိမ်း အရောင်းအဝယ်သွက်နေ

ပြည် မန်ကျည်းမှည့် ပွဲရုံများတွင် ဩဂုတ်လ (ဒုတိယပတ်)အတွင်း မန်ကျည်းမှည့် စျေးအတက်အကျ မရှိသလို အရောင်းအဝယ်တွေလည်း အတော်လေး အေးနေပါတယ်။

ပြည်မြို့အတွင်း မိုးများနေသောကြောင့် အရောင်းအဝယ် အေးနေပါတယ်။ မိုးတွင်းကာလ အသီးအရွက်များ စိမ်းစိုလတ်ဆတ်လျက်ရှိပြီး အသီးအနှံစျေးပေါချိန်ဖြစ်၍ ရာသီပေါ် မန်ကျည်းသီးစိမ်းကတော့ အတော်လေး အရောင်းအဝယ် သွက်လျက်ရှိနေပါတယ်။

ယခုတစ်ပတ်(ပွဲရုံစျေး) မန်ကျည်းမှည့် တစ်ပိဿာလျှင် ၂၅၀၀ ကျပ်စျေးနှင့် လက်လီတစ်ပိဿာ ၃၀၀၀ ကျပ်စျေးတို့ဖြင့် စျေးငြိမ်နေကြောင်း တွေ့ရပါတယ်။

မန်ကျည်းသီးစိမ်း တစ်ပိဿာ ၂၂၀၀ ကျပ် (လက်ကားစျေး) ဖြစ်ပြီး လက်လီစျေးကတော့ တစ်ပိဿာ ကျပ် ၃၀၀၀ စျေးသာရှိပါတယ်။ မန်ကျည်းမှည့် အရောင်းအေးပေမယ့် မန်ကျည်းသီးစိမ်းကတော့ နေ့စဉ်အရောင်းအဝယ်သွက်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

## ကြက်သွန်



### ပြည်ကြက်သွန်ဖြူပွဲရုံသို့ ပုံမှန်ဝင်ရောက်မှုရှိပြီး အရောင်းအဝယ်ပြန်ဖြစ်နေ

ပြည်မြို့၊ စျေးကြီး(ပွဲရုံ) များသို့ ကြက်သွန်ဖြူအိတ်တွေ ပုံမှန်ဝင်ရောက်လျက်ရှိနေပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်များကဲ့သို့မဟုတ်ဘဲ အရောင်းအဝယ် ပြန်ဖြစ်နေကြောင်း သိရပါတယ်။

စျေးအတက်အကျမမှန်လို့ အရောင်းအဝယ် အတော်လေးအေးနေတဲ့ ကြက်သွန်ဖြူဟာ စျေးအကျဘက်သို့ မရှိဘဲ အရောင်းအဝယ် ပြန်ဖြစ်နေတာဖြစ်ပါတယ်။ ယခုတစ်ပတ် ပြည် (ပွဲရုံစျေး) ကြက်သွန်ဖြူတစ်ပိဿာလျှင် (ရှမ်းစ) ၃၈၀၀ ကျပ်နဲ့ (ကြူကုတ်စ) ၃၇၀၀ ကျပ်တို့ဖြစ်ပြီး (လက်လီစျေး) တစ်ပိဿာလျှင် (ရှမ်းစ) ၄၅၀၀ ကျပ်နဲ့ ( ကြူကုတ်) ၄၀၀၀ ကျပ်စျေးတို့ဖြင့် ရောင်းဝယ်လျက်ရှိကြပါတယ်။

ရွှေတောင်၊ ပန်းတောင်းမြို့နယ်များတွင် ယခုတစ်ပတ်အတွင်း ရေကြီးနစ်မြုပ်မှုများ ရှိနေသော်လည်း ထိုဒေသအတွင်းသို့ ကယ်ဆယ်ရေးအဖွဲ့ အစည်းများ၊ အလှူရှင်များက စားသောက်ကုန်ပစ္စည်းများကို ဝေမျှမှု အများအပြားပြုလုပ်နေခြင်းကြောင့် အရောင်းအဝယ် အေးသွားခြင်းမရှိဘဲ ပိုမိုရောင်းဝယ်နေရကြောင်းလည်း သိရပါတယ်။ ပြည်မြို့အနီးဝန်းကျင်ဒေသများတွင် ကြက်သွန်ဖြူကို ကြူကုတ်စကိုသာ အသုံးများကြပြီး တစ်ပိဿာလျှင် ၄၅၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။

ဒေသတွင်းအရောင်းရ တွင်ကျယ်မှုကြောင့်လည်း ပြည်စျေးကြီးပွဲရုံများတွင် တစ်ရက်လျှင် ၁၂ ပိဿာဝင် အိတ် ၁၀၀ နီးပါး အရောင်းအဝယ်ဖြစ်ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း**

### ကုန်သွယ်ရေးစခန်းများမှ ကြက်သွန်နီရော ကြက်သွန်ဖြူပါ တင်ပို့မှုလျော့နည်း

ဩဂုတ်လပထမပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၄၄၁၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၅၅၀၊ မြန်မာ - ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၈၇၁၀၀ တန်ဖိုးရှိ ကြက်သွန်နီ ၅၂၂ တန်ကျော်နဲ့ တာချီလိတ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၅၃၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၂၀၀ တင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်မှ ၆၃၄တန်နီးပါး၊ မြဝတီမှ ၆၆၅ တန်ခွဲနဲ့ တာချီလိတ်မှ တန်၂၀၀ တင်ပို့ခဲ့လို့ ယခု တစ်ပတ် မူဆယ်ရော မြဝတီပါ ကြက်သွန်နီတင်ပို့မှု လျော့နည်းသွားခဲ့တာ တွေ့ရပါတယ်။ တာချီလိတ် ကုန်သွယ်ရေးစခန်းကတော့ ကြက်သွန်ဖြူတင်ပို့မှု အပတ်စဉ်ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကြက်သွန်ဖြူတင်ပို့မှု မရှိခဲ့ပါဘူး။

ဇူလိုင်နောက်ဆုံးပတ်က ရန်ကုန်စျေးကွက်မှာ ကြက်သွန်နီ တစ်ပိဿာ ကို ၆၀၀-၈၀၀ ကျပ်၊ ကြက်သွန်ဖြူ တစ်ပိသာ ၄၀၀၀-၄၅၀၀ ကျပ် စျေးရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

Vol: 16, No.30 Monday August 15 2016

# စဉ်ဆက်မပြတ်အားလုံးအကျုံးဝင်တဲ့ စီးပွားရေး တိုးတက်မှုဆိုသည်မှာ

**ယခင်တစ်ပတ်မှ အဆက်**

သေသေချာချာလုပ်ရင် စက်မှုလက်မှုကဏ္ဍဟာ အလုပ်အကိုင်တွေ သိန်းချီပြီးပေးနိုင်တယ်။ အစမှာ လုပ်သားများများ သုံးရပြီး၊ ကျွမ်းကျင်မှု သိပ်မလိုတဲ့ ကုန်ချောထုတ်လုပ်ရေး လုပ်ငန်းတွေနဲ့ စရမယ်။ အစားအသောက်တို့ တခြားစိုက်ပျိုးရေးထုတ် ကုန်တွေကို ကုန်ချောဖြစ်အောင်လုပ်တဲ့လုပ်ငန်းတို့ စိုက်ပျိုးရေးကဏ္ဍအတွက် သွင်းအားစု တွေထုတ်လုပ်တာ၊ စိုက်ပျိုးရေးနဲ့ ဆက်နွယ်တဲ့ စီးပွားရေး လုပ်ငန်းတွေ၊ပရိဘောဂလုပ်ငန်း၊ ကျောက်မျက်၊ ငါး၊ အထည်ချုပ်၊ ပစ္စည်းတပ်ဆင်၊ ခရီးသွားလုပ်ငန်းမျိုး တွေနဲ့ စရပါမယ်။

ကျွမ်းကျင်မှုတွေမြင့်မားရင် ကျွမ်းကျင်မှုနဲ့အတူ လုပ်ခတွေပါလိုက် မြင့်လာပြီဆိုရင် တခြားအဆင့်မြင့် ပစ္စည်းတွေ ပြောင်းပြီး ထုတ်လုပ်နိုင်မယ်။ အဆင့်မြင့် စိုက်ပျိုးရေး ထွက်ကုန်တွေ၊ အဆင့်မြင့်စိုက်ပျိုးရေးသွင်းအားစုတွေ၊ ဝန်ဆောင်မှုတွေ၊ ချည်ထည်၊ ဖိနပ်၊ ကလေးကစားစရာ၊ မော်တာ၊ ဆေးဝါး၊ကွန်ပျူတာစာရင်းအချက်အလက်သွင်းတာမျိုးတွေ လုပ်နိုင်မယ်။

ကျွမ်းကျင်မှုလိုအပ်ပြီး အဆင့် မြင့်တဲ့လုပ်ငန်းတွေကို ကြာလာရင် လုပ်ဖို့ရည်မှန်းရမှာ ဖြစ်ပေမယ့် မလောရဘူး။ ကိုယ့်မှာရှိတဲ့ ကျွမ်းကျင်မှုအဆင့်ထက် အများကြီး ရှေ့ရောက်မနေရဘူး။ ကိုယ့်အားသာတာတွေကို အလေးထားရမယ်။

အောင်မြင်အောင် ဘယ်လိုလုပ် ရမယ်လို့ ပုံသေဖော်မြူလာမရှိဘူး။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံလုပ်တာ အသေး စိတ်မှာကွာခြားတယ်။ ဒါပေမယ့်နိုင်ငံတွေအားလုံးရဲ့ မဟာဗျူဟာမှာ တူညီတဲ့ စရိုက်လက္ခဏာတွေ ရှိတယ်။

အောင်မြင်တဲ့ ဖွံ့ဖြိုးရေးမဟာဗျူဟာတွေရဲ့ အခြေခံသုံးခုကတော့

- လူတွေကို ရင်းနှီးမြှုပ်နှံမှု ပြုလုပ်တာ။
- အုပ်ချုပ်မှုကောင်းဖြစ်ဖို့ ထိရောက်တဲ့ စည်းမျဉ်းစည်းကမ်းတွေ တည်ဆောက်တာ။
- ပုဂ္ဂလိကကဏ္ဍကဦးဆောင်တဲ့ တိုးတက်မှုမျိုးကို အထောက်အကူပြုတာတွေ ဖြစ်ပါတယ်။

**ပထမဆုံးအုတ်မြစ်ဖြစ်တဲ့ လူ့ အရင်းအနှီးအတွက် ရင်းနှီးမြှုပ်နှံတာနဲ့ပတ်သက်ပြီး စတင်ဆွေးနွေးရမယ်ဆိုရင်-**

-နိုင်ငံတစ်နိုင်ငံမှာ အရေးအကြီးဆုံးစွမ်းအားစုဟာ အဲဒီနိုင်ငံက လူတွေပဲ ဖြစ်တယ်။ အားကောင်းတဲ့ ပညာရေးနဲ့ ကျန်းမာရေးစနစ်တွေ မရှိဘဲ ဘယ်နိုင်ငံမှ ဖွံ့ဖြိုးတိုးတက်နိုင်မှာ မဟုတ်ဘူး။

ပညာရေးဆိုတာ ကျွမ်းကျင်မှု တွေတည်ဆောက်ဖို့ ပူးပေါင်းဆောင်ရွက်မှုတွေ မြင့်မားလာဖို့၊ အမျိုးသား စရိုက်လက္ခဏာတွေ တည်ဆောက်ဖို့အတွက် အချက်အချာကျတယ်။ အောင်မြင်တဲ့ နိုင်ငံတွေဟာ အများအားဖြင့် လူနည်းစုတွေ၊ အမျိုးသမီးတွေ၊ ဆင်းရဲသားတွေလို ပညာသင်ယူခွင့် မရတဲ့သူတွေ တိုးပြီး ပညာသင်ယူခွင့်တွေ ရရှိအောင် ဆောင်ရွက်ပေးတယ်။ ပြီးတော့ အသက်မွေးဝမ်းကျောင်းပညာနဲ့ တခြားကျွမ်းကျင်မှု အခြေခံ သင်တန်းတွေ အပါအဝင် ပညာရေး အရည်အသွေး တဖြည်းဖြည်းချင်း မြှင့်တင်ပေးတယ်။

အလုပ်သမားတွေရဲ့ ထုတ်လုပ်မှု စွမ်းအား မြင့်မားလာစေဖို့၊ သက်တမ်း ရှည်ပြီးအနှစ်သာရရှိတဲ့ ဘဝတွေ ဖြစ် လာစေဖို့၊ ပျော်ရွှင်ကြစေဖို့အတွက် ကျန်းမာရေးဟာ အရေးကြီးတယ်။

ပဋိပက္ခတွေဖြစ်ပြီးသွားတဲ့ နောက်ပိုင်းပတ်ဝန်းကျင် အခြေအနေတွေမှာ ပညာရေးနဲ့ ကျန်းမာရေး ဝန်ဆောင်မှုတွေ ဖြန့်ကြက်တိုးချဲ့ဖို့ အရေး ကြီးပါတယ်။

**ဒုတိယအုတ်မြစ်ဖြစ်တဲ့ အုပ် ချုပ်မှု ကောင်းဖြစ်ဖို့ ထိရောက်တဲ့ စည်းမျဉ်း စည်းကမ်းတွေ တည်ဆောက်ရာမှာ**

- နိုင်ငံတွေ လည်ပတ်တာ၊ -ကစားပွဲရဲ့ စည်းမျဉ်းစည်းကမ်း- (rules of the gamer) တွေအတိုင်း ဖြစ်စေရမယ်။ ဥပဒေအရ အုပ်ချုပ်တာဖြစ်စေရမယ်။ လူအရ အုပ်ချုပ်တာမဖြစ်စေရဘူး။



| cifarmifnd(abm*aA') |

စည်းမျဉ်းစည်းကမ်းအရ ဆောင် ရွက်တဲ့အဖွဲ့အစည်းတွေဆိုတာဟာ အစိုးရ၊ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ အရပ်ဘက်အဖွဲ့အစည်းနဲ့ တခြား အဖွဲ့အစည်းတွေဖြစ်မယ်။

အောင်မြင်မှုအရှိဆုံး နိုင်ငံတွေ မှာရှိတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ အဖွဲ့ အစည်းတွေကို ကြည့်ရင်

- ပိုင်ဆိုင်ခွင့်တွေကို ရှင်းရှင်းလင်းလင်းပြဋ္ဌာန်းထားပြီး၊ ဥပဒေအရ အုပ်ချုပ်စီမံတယ်။
- မျှမျှတတယှဉ်ပြိုင်မှုကို အားပေးတယ်။
- ပညာရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး စသည်တို့မှာ အားလုံး လက်လှမ်းမီရယူနိုင်တဲ့ အခွင့်အလမ်းတွေဖြစ်အောင်ဖန်တီးထားတယ်။
- ရေ၊ သန့်ရှင်းရေး၊ မီးတို့လို အခြေခံလိုအပ်ချက်တွေကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးတယ်။
- နိုင်ငံသားအားလုံးရဲ့ အခြေခံ အခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေကို လေးစားတယ်။ ကွဲပြားခြားနားမှုကို လက်ခံတယ်။
- အစိုးရရဲ့ ပါဝါကို ထိန်းချုပ်တယ်။
- မြင်သာထင်သာရှိမှုနဲ့ တာဝန်ယူမှုတာဝန်ခံမှုကို အားပေးတယ်။
- အုပ်ချုပ်ရာမှာ ကျယ်ကျယ် ပြန့်ပြန့် ပါဝင်မှုနဲ့ ဗဟိုချုပ်ကိုင်မှုလျှော့ချတာတွေလုပ်ပြီး အားလုံးပါဝင်စေတယ်။

**တတိယအုတ်မြစ်ဖြစ်တဲ့၊ ပုဂ္ဂလိကကဏ္ဍက ဦးဆောင်တဲ့ တိုးတက်မှုဖြစ်လာစေဖို့-**

အကျိုးရှိတဲ့ ပြည်တွင်းပြည်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတွေကို အားပေးတဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်လာအောင် အဓိကထား လုပ်ဆောင်သင့်တယ်။

အဓိကက လူတွေကို ဖိအားပေး ဖို့စိတ်ဓါတ်တွေ ပြောင်းခိုင်းဖို့ မဟုတ်ဘူး။ အခွင့်အလမ်းသစ်တွေ ဖန်တီးပေးဖို့ မက်လုံးတွေ ရွှေ့ဖို့ ဖြစ်တယ်။

မူဝါဒတွေ ချမှတ်စရာ အဓိက နယ်ပယ်လေးခုရှိတယ်။

- ထိရောက်တဲ့ နိုင်ငံအဆင့်-မေကရိုစီးပွားရေးစီမံခန့်ခွဲမှု
- အကျိုးရှိတဲ့ အများပြည်သူ ရင်းနှီးမြှုပ်နှံမှု
- လွတ်လပ်စွာကုန်သွယ်ရေး၊ ကမ္ဘာ့စီးပွားရေးနဲ့ ပေါင်းစည်းရေး
- အထောက်အကူဖြစ်တဲ့ စီးပွားရေးပတ်ဝန်းကျင်တို့ ဖြစ်တယ်။ နိုင်ငံအတော်များများမှာ အထူးသဖြင့်စွမ်းရည်အကန့်အသတ်ရှိတဲ့ နိုင်ငံတွေမှာ အစိုးရပါဝင်ပတ်သက်မှုနည်းတဲ့ မူဝါဒတွေနဲ့ စတင်လေ့ရှိတယ်။ ဆိုလိုတာက အဟန့်အတားတွေ၊ အတားအဆီးတွေဖယ်ရှားပြီး ဈေးကွက်လုပ်သာကိုင်သာ ပိုမိုရရှိအောင် လုပ် ပေးလေ့ရှိတယ်။(အစိုးရမှာက ကျွမ်းကျင်သူအများကြီး ရှိတာ မဟုတ်ဘူး)

**အုတ်မြစ် ၃(က) ထိရောက်တဲ့ နိုင်ငံအဆင့် မေကရိုစီးပွားရေး စီမံခန့်ခွဲမှု**

- နိုင်ငံခြားငွေ ဖလှယ်နှုန်းက ရှိသင့် ရှိထိုက်တာထက် မြင့်နေတာမျိုးကို ရှောင်ရှားသင့်တယ်။ ဈေးကွက်ရဲ့ဖိ အားတွေကို ရောင်ပြန်ဟပ်တဲ့ အတန်အသင့်တိုးသာ ဆုတ်သာရှိတဲ့ အခြေ အနေမျိုးဖြစ်အောင်အနည်းဆုံးဖန်တီးထားသင့်တယ်။ အခက်အခဲ အကျပ်အတည်းနဲ့ တွေ့တဲ့အခါ ငွေဖလှယ်နှုန်း ထိန်းချုပ်ချင်တဲ့ စိတ်ကို ရှောင်ရှားရမယ်။
- ဘတ်ဂျက်နဲ့ ပတ်သက်လို့ သင့် တော်တဲ့ ဘဏ္ဍာငွေရစေဖို့ စွမ်းရည်မြင့်မားပြီး မျှတတဲ့ အခွန်စနစ်တစ်ခုတည်ဆောက်ရမယ်။ ဖြုန်းတီးတာမျိုးကို ရှောင်ရှားရမယ်။
- ငွေဖောင်းပွမှုနှုန်းနိမ့်ပါစေ၊ ခုဂဏန်း (Single Digit) သာရှိပါစေ၊ ငွေဖောင်းပွရင် ဆင်းရဲသားတွေပဲ အများဆုံးခံရတယ်။
- စုဆောင်းမှုနှုန်းမြင့်မားအောင် အားပေးပါ (ငွေဖလှယ်နှုန်း၊ အခွန်၊ ငွေဖောင်းပွမှု မူဝါဒ၊ ခြုံငုံတည်ငြိမ်မှု ရှိရေး၊ လူမှုဖူလုံရေးစနစ်တွေမှတစ်ဆင့်)
- အားကောင်းတဲ့ ဘဏ္ဍာရေး စနစ်တွေတည်ဆောက်ပြီး ကျယ် ကျယ်ပြန့်ပြန့် ငွေစုငွေချေးနိုင်အောင် လုပ်ပေးပါ။

**အုတ်မြစ်၃(ခ)အကျိုးရှိတဲ့ အများ ပြည်သူရင်းနှီးမြှုပ်နှံမှု**

- အောင်မြင်မှု အရှိဆုံးနိုင်ငံတွေဟာ စဉ်ဆက်မပြတ်အားလုံးအကျုံးဝင်တဲ့ တိုးတက်မှုရစေဖို့ အထောက် အကူပြုတဲ့၊ အများပြည်သူရင်းနှီးမြှုပ်နှံမှုတွေကို အလေးထားလုပ်ဆောင်တယ်။ လမ်းတွေ၊ ဆည်မြောင်းတွေ၊ ရေမီး၊ ဆက်သွယ်ရေး၊ ကျောင်းနဲ့ ဆေးခန်းတွေမှာ အများပြည်သူရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်တယ်။ အဲဒါတွေ မရှိဘဲ စိုက်ပျိုးရေးနဲ့ စက်မှုလက် မှုဖွံ့ဖြိုးတိုးတက်အောင်လုပ်လို့ မရဘူး။ အခြေခံအဆောက်အအုံတွေက ဈေးကွက်တွေကို ဖန်တီးပေးတယ်။ လူတွေ၊ စီးပွားရေးလုပ်ငန်းတွေကို ဆက်သွယ်ပေးတယ်။

အများပြည်သူရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးပွားများပြားလာရုံနဲ့ မပြီးသေးဘူး။ အဲဒီရင်းနှီးမြှုပ်နှံမှုတွေဟာ အကျိုးရှိဖို့ ထုတ်လုပ်မှုစွမ်းအားရှိဖို့လည်း လိုသေးတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ စောစောပိုင်းအဆင့်မှာ အများပြည်သူ ရင်းနှီးမြှုပ်နှံမှုလုပ်နိုင်ဖို့အတွက် ကုန်ပစ္စည်းပို့ကုန်တွေကို အားကိုးရတယ်။

- သဘာဝဓါတ်ငွေ့တို့၊ ကျောက်မျက်တို့ကနေရတဲ့ ငွေကြေးတွေနဲ့ ရုပ်ပိုင်းဆိုင်ရာ အရင်းအနှီးနှင့် လူသားဆိုင်ရာ အရင်းအနှီးတွေအတွက် ရင်းနှီးမြှုပ်နှံတယ်။သဘာဝဓါတ်ငွေ့တွေ၊ ကျောက်မျက် ပို့ကုန်တွေဟာ ထုတ်လုပ်မှုစွမ်းအား ရှိရေး၊ အကျိုးရှိရေးကို နောက်ဆုံးမှာ ဦးတည်မှ အသုံးကျတယ်။ အခြေခံအဆောက် အအုံနဲ့ လူ့စွမ်းအားတိုးမြှင့်ရေးတို့အတွက် အသုံးချနိုင်မှ "သယံဇာတကျိန်စာသင့်မှု" ကနေ လွတ်မြောက်နိုင်မယ်။

ပဋိပက္ခလွန်နိုင်ငံတွေမှာ အများ ပြည်သူရဲ့ အခြေခံအဆောက်အအုံတွေဟာ အရင်က အကျိုးခံစားခွင့် မရှိ ခဲ့တဲ့သူတွေအတွက် စီးပွားရေးအခွင့်အလမ်းသစ်တွေ ဖန်တီးရေး၊ တရားဝင်မှုဖြစ်ရေးအတွက် အရေးကြီးတယ်။

**အုတ်မြစ်၃(ဂ) လွတ်လပ်စွာ ကုန်သွယ်ရေး၊ ဒေသတွင်း ပေါင်းစည်းရေး၊ ကမ္ဘာနှင့် ပေါင်းစည်းရေး**

ပို့ကုန်ရဲ့ရည်ရွယ်ချက်က အလုပ်အကိုင်တွေဖန်တီးဖို့၊ သွင်းကုန်တွေ မြင့်မားလာစေဖို့ ဖြစ်တယ်။

ကုန်သွယ်မှု တိုးပွားတယ်။ ဒေသ တွင်းပေါင်းစည်းမှု၊ ကမ္ဘာနဲ့ ပေါင်းစည်း မှုမြင့်မားလာရေးဆိုတာ

- နည်းပညာသစ်တွေ၊ အကြံဉာဏ်သစ်တွေ တိုးတက်ရရှိလာနိုင်တယ်။
- စက်၊ ကိရိယာပစ္စည်း အသစ်တွေ၊ ပြည်တွင်းမှာ မထုတ်လုပ်နိုင်တာတွေ၊ ပိုပြီးရရှိလာနိုင်တယ်။
- ရင်းနှီးမြှုပ်နှံမှုတွေ တိုးပွားလာစေနိုင်တယ်။
- ပြည်တွင်းမှာ ထုတ်လုပ်တဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေ

➡ စာမျက်နှာ-၂၄ သို့

## ခတ်ဆီ/ဒီဇယ်

### ဒီတစ်ပတ် ခတ်ဆီ၊ ဒီဇယ် တင်သွင်းမှုနားခဲ့

ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၆ ရက်သီတင်းပတ်အတွင်းကန်ဒေါ်လာ ၁၄၅၆၈၆၆ တန်ဖိုးရှိ ဒီဇယ်၃၈ ဒသမ ၀၈၈ တန်နဲ့ ကန်ဒေါ်လာ ၁၈၀၅၁၅၃ တန်ဖိုးရှိ ခတ်ဆီ ၃၆ ဒသမ ၆၄၈ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ အဆင့်မြင့်ဒီဇယ်နဲ့ 92 ပဲတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်ရော ခတ်ဆီပါအဝင်ပျောက်ခဲ့ပြီး ဒီတစ်ပတ်မှ ပြန်လည်တင်သွင်းခဲ့တာဖြစ်ပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ မြဝတီစခန်းမှ ကန်ဒေါ်လာ ၂၅၈၈၂ တန်ဖိုးရှိ ခတ်ဆီ ၅၄ တန်တင်သွင်းခဲ့သလို မြိတ်စခန်းမှ ကန်ဒေါ်လာ ၅၇၆၁၂ တန်ဖိုးရှိ ခတ်ဆီ တန်ချိန် ၁၀၀ နဲ့ ကန်ဒေါ်လာ ၂၃၁၁၅ တန်ဖိုးရှိဒီဇယ် ၄၆ တန်၊ ကော့သောင်းမှ ကန်ဒေါ်လာ ၇၄၆၉၀ တန်ဖိုးရှိ ဒီဇယ် ၁၀၁ ဒသမ ၂၀၅ တန်နဲ့ တာချီလိတ်မှ ကန်ဒေါ်လာ ၁၃၇၀၄၇ တန်ဖိုးရှိ ဒီဇယ် ၂၇၆ ဒသမ ၅၃၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အောက်တိန်း(92)၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်း(95)မှာ ဈေးအနည်းငယ် ပြန်မြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ်၅၁၀ ကျပ်၊အောက်တိန်း (92) ၅၂၀ ကျပ်၊ အောက်တိန်း (95) ၅၉၀ ကျပ်၊ အဆင့်မြင့်ဒီဇယ်၅၄၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဩဂုတ် ၈ ရက် ဒီဇယ်ဝယ်ဈေး ၁၀၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၃၀၀၀ ကျပ် ဈေးရှိခဲ့ရာမှ၁၀ရက်တွင် ဝယ်ဈေး ၁၀၀၀ကျပ်၊ ရောင်းဈေး၂၀၀၀ ကျပ် ဈေးမြင့်လာခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီပီပါဈေးမှာ ဩဂုတ် ၈ ရက်တွင် ဝယ်ဈေး ၁၂၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၁၀ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးမြင့်ပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ခတ်ဆီရော ဒီဇယ်ပါ ဈေးနည်းနည်းမြင့်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ မပြောင်းဘဲ ဒီဇယ်ရော ခတ်ဆီပါ ယခင်တစ်ပတ်ဈေးဖြစ်တဲ့ တစ်ဂါလန် ၂၈၀၀-၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ခတ်ဆီ တစ်လီတာ၆၄၅ ကျပ်၊ ဒီဇယ် ၅၅၅ ကျပ်၊အဆင့်မြင့်ဒီဇယ် ၆၀၀ ကျပ်၊ အောက်တိန်း (92) ၆၀၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဩဂုတ် ၈ ရက် ဒီဇယ် ဝယ်ဈေး ၁၀၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၈၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၉ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ်ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် အရောင်းအဝယ်ဖြစ်တဲ့ဈေးနဲ့ယှဉ်ရင် ဈေးအတက်အကျသိပ်မရှိဘူးလို့ သိရပါတယ်။ ခတ်ဆီဈေးမှာ ဩဂုတ် ၈ ရက်တွင် ဝယ်ဈေး ၁၃၀၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ် ၁၀၀၀ ကျပ်ဝန်းကျင် ဈေးအတက်အကျဖြစ်ခဲ့ပေမယ့် ခတ်ဆီဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ ကျပ်၊ ခတ်ဆီ ၃၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ခတ်ဆီ၊ ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ခတ်ဆီတစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ ရောင်းချတယ်လို့သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၂၉၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၇၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ခတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ဒီတစ်ပတ်ခတ်ဆီဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ခတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၅၆၅ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၅၂၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ပြီး ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီတစ်ဂါလန် ၃၁၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၆၀၀ ကျပ်၊ အောက်တိန်း တစ်ဂါလန် ၂၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ **MIRT-DOT**

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 8 - August | 19.60 | 2313.47 | 1660.51 | 4875.58 | 1143.00 |
| 9 - August | 19.63 | 2304.74 | 1651.33 | 4847.81 | 1143.00 |
| 10 -August | 20.19 | 2329.15 | 1666.56 | 4873.79 | 1177.00 |
| 11 - August | 20.00 | 2325.12 | 1660.96 | 4898.88 | 1172.00 |
| 12 - August | 19.88 | 2305.41 | 1660.96 | 4898.21 | 1143.00 |

Source:kitco.com

## ပြည်တွင်းငွေလဲနှုန်းများ အနည်းငယ်မြင့်တက်

ပြီးခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်ဆက်တိုက်ငြိမ်သက်နေခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ ငွေလဲနှုန်းမြင့်တက်လာခဲ့မှုကြောင့် ဈေးကွက်အတွင်း လှုပ်လှုပ်ရှားရှားဖြစ်လာခဲ့ပြီး အရောင်းအဝယ် ပြန်လည်သွက်လာခဲ့သည်ဟု ဆိုသည်။

"ဒီတစ်ပတ်တော့ပြည်တွင်းငွေဈေးကွက်ထဲမှာ နည်းနည်းပြန်လှုပ်လာတယ်။ ဈေးပြန်တက်လာတော့ ဝယ်တဲ့သူရော ရောင်းတဲ့သူပါ အရင်တစ်ပတ်ကထက် ပိုများလာတယ်။ ပြည်တွင်းက ရွှေဝယ်ရောင်းလုပ်မှုအပေါ် တစ်ကျပ်သားကို ငါးရာခိုင်နှုန်းကောက်မယ်ဆိုတဲ့အတွက် ငွေကြေးဘက်ကို လှည့်လာကြတယ်လို့ ထင်ပါတယ်"ဟု ဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးကဆိုသည်။

ပြည်တွင်းငွေဈေးကွက်တွင် ဩဂုတ် ၈ ရက်က ရောင်းဈေး ၁၁၈၈ ကျပ်၊ ဝယ်ဈေး ၁၁၈၅ ကျပ်ရှိခဲ့ရာမှ ဩဂုတ် ၁၁ ရက် ညနေပိုင်းတွင် ရောင်းဈေး ၁၁၉၀ ကျပ်၊ ဝယ်ဈေး ၁၁၈၇ ကျပ်သို့ အနည်းငယ်မြင့်တက်ခဲ့သည်။ ဩဂုတ် ၁၂ ရက်ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၁၉၃ ကျပ်၊ ဝယ်ဈေး ၁၁၉၀ ကျပ်သို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## ပြည်တွင်းရွှေဈေးကွက်အတွင်း၌ ရွှေတစ်ကျပ်သားလျှင် အခွန်ငါးရာခိုင်နှုန်းပေးဆောင်ရမည့်ဂယက် ရိုက်ခတ်နေ

ယခုတစ်ပတ်တွင် ပြည်တွင်းရွှေဈေးကွက်အတွင်း၌ ရွှေတစ်ကျပ်သားလျှင် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းပေးဆောင်ရမည်ဟူသည့် သတင်းထုတ်ပြန်ချက်ကြောင့် ဈေးကွက်အတွင်း ဂယက်ရိုက်ခတ်မှုများရှိနေကြောင်း သိရသည်။

ရွှေဆိုင်များအနေဖြင့် မူလရွှေရောင်းချသူထံမှ ရွှေဝယ်ယူသည်နှင့် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းပေးဆောင်ပြီးသော ပြေစာအား တောင်းခံရမည်ဖြစ်သည်။ ရွှေတစ်ကျပ်သားတန်ဖိုး၏ ငါးရာခိုင်နှုန်းအား ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ပေးဆောင်ရမည်ဆိုသောကြောင့် ရွှေလုပ်ငန်းရှင်အများစု အခက်ကြုံနေရကြောင်း ရွှေကုန်သည်များထံမှ သိရသည်။

"ကျွန်တော်တို့ ရွှေဝယ်လာတာကြာပါပြီ။ တစ်ခါမှ အခုလိုမျိုး ကုန်သွယ်ခွန်ငါးရာခိုင်နှုန်းဆောင်ထားတဲ့ ပြေစာဆိုတာမျိုး မမြင်ဖူးပါဘူး။ အခုလို အခွန်ငါးရာခိုင်နှုန်းဆောင်ရမယ်ဆိုရင် ရွှေဈေးက ဒီထက်ပိုပြီး မြင့်တက်သွားဖို့ပဲရှိတယ်။ သူတို့က ကျွန်တော်တို့ဆီကို သူတို့သွင်းရတဲ့ကုန်သွယ်လုပ်ငန်းခွန်အတွက် ငါးရာခိုင်နှုန်းကို တိုးပြီးတောင်းမယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ပေးလိုက်ရတဲ့ ငါးရာခိုင်နှုန်းအတွက် နောက်ဆုံးပြည်သူတွေဆီက ထပ်ပြီးကောက်မှာပဲ။ အဲဒီအခါကျတော့ ရွှေဈေးက အခုထက်ပိုပြီးမြင့်တက်လာမှာပဲ။ အခုတောင်ရွှေဈေးက ရှစ်သိန်းလေးသောင်းကျော်နေလို့ ရွှေဆိုင်တွေမှာ အရောင်းအဝယ်တွေ အေးကုန်တာ။ အခုထက်ပိုပြီး ဈေးမြင့်တက်လာမယ်ဆိုရင်တော့ ပြည်သူတွေအနေနဲ့ ရွှေကို မဝယ်မဖြစ်တဲ့အနေအထားလောက်ရောက်မှသာ ဝယ်ကြမယ့်အခြေအနေကို ရောက်သွားနိုင်တယ်"ဟု ရွှေကုန်သည်ဦးစံမြင့်က ဆိုသည်။

ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် အနည်းငယ်ပြန်လည်ကျဆင်းလာခဲ့သော်လည်း အရောင်းအဝယ်များမှာမူ အေးနေဆဲပင်ဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၈ ရက်က ကျပ် ၈၄၄၅၀၀ ရှိခဲ့ပြီး ဩဂုတ် ၁၀ ရက်တွင် ကျပ် ၈၄၈၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့သည်။ ဩဂုတ် ၁၁ ရက်တွင် ကျပ် ၈၄၇၀၀၀ သို့ လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် ကျပ် ၈၄၈၅၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။ **မယ်သီတာ**

## သီလဝါရှယ်ယာဈေးများ ဆက်လက်ကျဆင်း

ယခုတစ်ပတ်တွင် သီလဝါရှယ်ယာဈေးနှုန်းများ ဆက်လက်ကျဆင်းလာခဲ့ပြီး စတင်ဖွင့်လှစ်ခဲ့စဉ်က သတ်မှတ်ခဲ့ သည့်အနိမ့်ဆုံးနှုန်းထားအောက်သို့ ရောက်ရှိခဲ့ကြောင်း YSX ၏ထုတ်ပြန်ချက်များအရ သိရသည်။

သီလဝါရှယ်ယာဈေးများကျဆင်းခဲ့သော်လည်း အက်ဖ်အမ်အိုင်၏ ရှယ်ယာဈေးများမှာမူ ပုံမှန်အတိုင်းရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

သို့သော် နေ့စဉ်ရောင်းဝယ်မှုပမာဏမှာမူ အနည်းငယ်သာ ရှိခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း FMI ရှယ်ယာရောင်းချရမှု အရေအတွက်သည် အများဆုံး ၁၇၂၅ စုအထိ ရှိခဲ့ပြီး အနည်းဆုံး ၁၃၅ စုအထိ ရှိခဲ့သည်။ MTSH ရှယ်ယာများသည် အများဆုံး ၁၄၁၂ စုအထိရှိခဲ့ပြီး အနည်းဆုံး ၁၄၁ စုအထိရှိခဲ့ကြောင်း သိရသည်။

MTSH ရှယ်ယာများသည် ဈေးနှုန်းကျဆင်းလာမှုကြောင့် ဝယ်ယူသည့် အရေအတွက်များလာခဲ့သော်လည်း ရောင်းချသူများမှာမူ အနည်းငယ်သာရှိခဲ့သည်ဟုဆိုသည်။

MTSH ရှယ်ယာများသည် ဩဂုတ် ၁၁ ရက်မှစတင်ကာ မူလသတ်မှတ်ထားသည့် အနိမ့်ဆုံးဈေးအောက်ဖြစ်သည့် ကျပ် ၄၅၀၀၀ သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

August 12, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 78.35 |
| CAD | Canada Dollars | 1.30 |
| CNY | China Yuan Renminbi | 6.64 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 66.82 |
| I DR | Indonesia Rupiahs | 13124.22 |
| JPY | Japan Yen | 102.07 |
| MYR | Malaysia | 4.01 |
| PKR | Pakistan Rupees | 104.56 |
| PHP | Philippines Pesos | 46.72 |
| RUB | Russia Rubles | 64.26 |
| SGD | Singapore Dollars | 1.35 |
| KRW | South Korea Won | 1103.00 |
| LKR | Sri Lanka Rupe | 145.35 |
| THB | Thailand Baht | 34.82 |
| GBP | United Kingdom Pounds | 0.77 |
| VND | VietnamDon | 22296.54 |

*Source : xe.com*

## World Gold Price

August, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 8 | 1331 | 1333 | 1333 |
| 9 | 1328 | 1332 | 1333 |
| 10 | 1349 | 1350 | 1350 |
| 11 | 1340 | 1341 | 1341 |
| 12 | 1335 | 1337 | 1338 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 8 -8- 2016 | 844.50 | 843.90 |
| 9 -8- 2016 | 844.50 | 844.00 |
| 10 -8-2016 | 848.00 | 847.80 |
| 11- 8- 2016 | 847.00 | 847.50 |
| 12 -8- 2016 | 849.00 | 849.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 8 | 6 .66 | 34.95 | 78.40 | 66.76 |
| 9 | 6. 66 | 34.95 | 78.30 | 66.95 |
| 10 | 6 64 | 34.78 | 78.16 | 66.76 |
| 11 | 6 .64 | 34.80 | 78.30 | 66.86 |
| 12 | 6.64 | 34.82 | 78.35 | 66.82 |

## Energy NYMEX 12-8-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 43.79 | 0.30 | 0.69 |
| Brent Crude Futr (USD/bbl) | 46.22 | 0.18 | 0.39 |
| Gasoline Rbob Fut (Cent/gal) | 136.24 | 0.07 | 0.05 |
| Natural Gas Futr (USD/MMBtu) | 2.54 | -0.01 | -0.31 |
| Heating Oil Futr (Cent/gal) | 138.55 | 0.06 | 0.04 |

## ဘိလပ်မြေ

### ဘိလပ်မြေ တင်သွင်းမှု လျော့နည်း

ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၂၆၀၆၉၅၈ တန်ဖိုးရှိ ဘိလပ်မြေ ၃၁၅၉၇ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံ တစ်နိုင်ငံတည်းမှသာ စိန်၊ ဆင်နဲ့ အခြားတံဆိပ်များ တင်သွင်းလာခဲ့ပါတယ်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၅၃၂၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၁၆၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ကာလတူကာလဖြစ်တဲ့ ၂၀၁၅ ဩဂုတ် ပထမသီတင်းပတ်အတွင်း ဘိလပ်မြေတင်သွင်းမှုမှာ တန်ချိန် ၅၇၉၀၀ ကျော်ရှိခဲ့တာကြောင့်ဒီနှစ်မှာ ဘိလပ်မြေ တင်သွင်းမှု လျော့နည်းခဲ့ပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းအဝယ်ပုံမှန်ဖြစ်လာ

ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက် သီတင်းပတ်မှာ ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေ အဝင်မှာ ၃၁၅၉၇ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဘိလပ်မြေ အဝင်မှာ ၅၃၂၉၂တန် ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၁၆၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာ ၁၃၀၉၀ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၂၂၂၅ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၈၆၄ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီးနယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့သိရပါတယ်။ ဒီရက်ပိုင်း မိုးလည်းနည်းလာတာကြောင့် အရောင်းအဝယ်က နည်းနည်းဖြစ်လာပါတယ်။ ဆောက်လက်စဆောက်လုပ်ရေးလုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတာကြောင့်အရောင်းအဝယ်နည်းနည်းဖြစ်လာတယ်လို့ သိရပါတယ်။ အရောင်းအဝယ် ပုံမှန်ဖြစ်လာပေမယ့် ဈေးကငြိမ်နေသေးတယ်လို့ ဆိုပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင် ၅၃၀၀ ကျပ်၊ ကြံ့ (မြိုင်ကလေး) ၄၉၀၀ ကျပ်နဲ့ စိန်(ထိုင်း) ၅၂၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** မိုးများလာတာကြောင့်လည်း ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း နားနေရတယ်။ ဒါကြောင့်အရောင်းအဝယ်က တော်တော်လေး အေးနေတယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အရောင်းအဝယ် အေးသလို ဈေးတွေကလည်း ကျလာတယ်လို့ သိရပါတယ်။ မြင်းခေါင်းက လူကြိုက် နည်းပြီး၊ ကြံ့က အသုံးများသလို ကြိုက်လည်း ကြိုက်ကြတယ်။ (ထိုင်း)ဆင်က ဈေးနည်းနည်းမြင့်တာ ကြောင့် ကိုယ်တိုင်လုပ်ငန်းလုပ်သူတွေလောက်ပဲသုံးကြတယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အပါချီ ၅၀၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၂၀၀ ကျပ်၊ ကြံ့ ၄၇၀၀ကျပ်၊ မြင်းခေါင်း ၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက အရောင်းအဝယ် ကောင်းတယ်လို့ သိရပါတယ်။ မိုးလည်းပါးလာတာကြောင့် လုပ်လက်စလေးတွေလည်း ပြန်လုပ်လာကြတာကြောင့် အရောင်းအဝယ် ပြန်ဖြစ်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးများမှာ အေသုံးလုံး ၄၉၀၀ကျပ်၊ မြန်မာဆင် ၄၆၀၀ ကျပ်၊ ဆင်(ထိုင်း)၆၈၀၀ ကျပ်၊စိန်(ထိုင်း) ၆၈၀၀ကျပ်၊ ဆင်မင်း ၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## စာတ်မြေဩဇာ

### မြေဩဇာတန်ချိန် နှစ်သောင်းခွဲနီးပါးဝင်ခဲ့

ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်သီတင်းပတ်အတွင်း ကန်ဒေါ်လာ၅၂၀၆၇၇၇ တန်ဖိုးရှိမြေဩဇာ ၂၄၅၀၄ ဒသမ ၀၉၁ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ပိုတက်ဆီယမ်၊ ယူရီးယား၊ အမိုးနီးယမ်းဆာလဖိတ်၊ ရွှေနဂါးတော့(ပ်)ဝမ်းမြေဩဇာ၊နိုက်တြိုဂျင်၊ ကွန်ပေါင်း၊ မဂ္ဂနီဆီယမ်ဆာလဖိတ်၊ ဓာတ်ဆား၊ ပိုတက်ဆီယမ် စတဲ့မြေဩဇာများတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ဒီတစ်ပတ်မှာ ကနေဒါမှ တန်ချိန် ၂၂၀၀၊ တရုတ်မှ၁၂၉၃၇ဒသမ၂၁၇ တန်၊ ဒိန်းမတ်မှ ၂၁၀၉ ဒသမ ၆ တန်၊ ဂျာမနီမှ ၁၉၇၅တန်၊ ကိုရီးယားမှ ၄ ဒသမ ၈၀၄ တန်၊ မလေးရှားမှ ၅၁၇ ဒသမ ၆၀တန်၊ ရုရှားမှ ၃၈၄ ဒသမ ၆၇ တန်၊ ထိုင်းမှ၃၃၇၄ ဒသမ ၂၀တန်နဲ့ ဗီယက်နမ်မှ ၁၀၀၁ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့တာ တွေ့ရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာတန်ချိန် ၉၃၀၀ ကျော် တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၅၁၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### မိုးနဲ့အတူ မြေဩဇာဈေးကွက် အဝယ်အေးနေ

ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေဩဇာ ၂၄၅၀၄ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်မှာ ၉၃၂၇၀ တန်ဝင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၅၁၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၁၇၇၅၀ တန်ကျော်ရှိခဲ့ ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၅၀၅၀တန်ကျော် ရှိခဲ့ တာကြောင့်ဒီတစ်ပတ်မှာ တန်ချိန်၇၂၀၀ ကျော်အဝင် လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ မြေဩဇာအဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာကအရောင်းပါးတယ်လို့ သိရပါတယ်။ ဒီအချိန်ထိ အဝယ်လည်း သိပ်မရှိသေးဘူး။ မိုးကလည်း များနေတယ်။ မိုးစပါးအတွက်လည်း အဝယ်သိပ်မရှိခဲ့ဘူး။ ဒီတစ်ပတ်မှာ ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၀၅၀၀ ကျပ်၊ ကွန် ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၄၅၀၀ ကျပ်၊ကွန်ပေါင်း၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ၂၀၅၀၀ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် နယ်အဆွဲရှိတာကြောင့် အရောင်း အဝယ်နည်းနည်းလိုက်ပေမယ့် ယူရီးယား၊ တီစူပါနဲ့ သီးစုံမြေဆီဈေးတွေကျလာပြီး ကွန်ပေါင်းက ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ကျတာကလည်း အများကြီး မဟုတ်ဘဲ ၂၀၀ ကျပ် မှ ၅၀၀ ကျပ်အတွင်းသာ ကျခဲ့ပြီး ကွန်ပေါင်းက ၈၀၀ကျပ်ဈေးမြင့်လာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၂၀၀ကျပ်၊ ယူရီးယား(ပန်းဖူး-တရုတ်)၁၈၅၀၀ကျပ်၊ တီစူပါ (၄၆%-တရုတ်) ၁၉၀၀၀ကျပ်၊ ကွန်ပေါင်း၁၀း၁၀း၅ ၁၅၀၀၀ကျပ်၊ မြားသီးစုံ၁၃၅၀၀ ကျပ်၊ ပန်းသီးစုံ၁၄၀၀၀ကျပ်ဈေးရှိတယ်လို့မြေဩဇာအရောင်း ဆိုင်မှ စုံစမ်း သိရှိရပါတယ်။

**မကွေးဈေးကွက်မှာ** မြေဩဇာများက အရောင်းအဝယ်အေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယားနဲ့ တီစူပါကဈေးအနည်းငယ်ကျလာပြီး ကျန်မြေဩဇာများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ မြားကမ္ဘာ-တရုတ်၁၂း၁၃ ၁၅၅၀၀ကျပ်၊ ဆင်၁၀း၁၀း၅ ၁၅၀၀၀ကျပ်၊သီးစုံ (ဝါစိမ်းပြာ) ၁၅၀၀၀ကျပ်၊ အာမို၁၅ ပတ်လည် ၃၇၀၀၀ ကျပ်၊ အာမို၁၆း၁၆း၈က ၃၅၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၁၉၂၀၀ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၈၅၀၀ ကျပ်၊ မြား ၁၅း၇း၈ ၁၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၁၈၀၀၀ ကျပ်၊ တီစူပါ ၁၉၅၀၀ ကျပ်နဲ့ တောင်သူမ ၁၄၈၀၀ ကျပ်၊ ဇာမဏီ ၁၇၆၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ အဝင်လျော့ပြီး နို့မှုန့်ဝင်အားကောင်း

ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၃၀၉၈၆၉ တန်ဖိုးရှိ နို့ဆီ ၂၂၈ ဒသမ ၁၆၈ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၁၀၃ ဒသမ ၉၆၈ တန်နဲ့ စင်ကာပူနိုင်ငံမှ ၁၂၄ ဒသမ ၂၀တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၉၆၀ ကျော် တင်သွင်းနိုင်ခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၇၄၀ ကျော်တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် နို့မှုန့်အဝင်မှာ နယူးဇီလန်မှ ၃၆၄ ဒသမ ၉၅တန်၊ မလေးရှားမှ ၇၉ ဒသမ ၄၃၇ တန်၊ ဖိလစ်ပိုင်မှ ၅ ဒသမ ၉၆ တန်၊ထိုင်းမှ ၅ ဒသမ ၅၀၄ တန်၊ အိုင်ယာလန်မှ ၁၀ ဒသမ ၉၂၇ တန်နဲ့ စင်ကာပူမှ ၁ ဒသမ ၁၄၇တန် စုစုပေါင်း ၄၉၇ ဒသမ၉၂၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၂၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ် တင်သွင်းမှုနဲ့ယှဉ်ရင် တန်ချိန် ၂၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ရန်ကုန်ပတ်ဝန်းကျင်ရော နယ်ဘက်ရော အမှာရှိတာကြောင့် အရောင်း နည်းနည်းဖြစ်တယ်လို့ မြေဩဇာအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ အရောင်းပုံမှန်ရှိပေမယ့် ဒီတစ်ပတ်မှာ မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်)၂၁၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၉၅၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၂၀၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇း (အမ်) ၃၁၉၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (အမ်-တရုတ်) ၃၁၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၇ မှ ၅/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၇ မှ ၂၉/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၁၂·၀၀ | ၆၈၅·၀၀ | (+) ၄၂၇·၀၀ |
| ၂။ | လွယ်ဂျယ် | ၆၆၂·၀၀ | ၁၅၀·၀၀ | (+) ၅၁၂·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၁၃၂၅·၀၀ | ၂၇၆·၀၀ | (+) ၁၀၄၉·၀၀ |
| ၅။ | တာချီလိတ် | ၂၂၅၀·၀၀ | ၁၀၀၀·၀၀ | (+) ၁၂၅၀·၀၀ |
| ၆။ | မြဝတီ | ၉၁၆·၀၀ | ၈၉၆·၅၅ | (+) ၁၉·၄၅ |
| ၇။ | ကော့သောင်း | ၃၅၀၀·၀၀ | ၉၀၃၉·၀၀ | (-) ၅၅၃၉·၀၀ |
| ၈။ | မြိတ် | ၃၃၂၅·၀၀ | ၁၇၉·၀၀ | (+) ၃၁၄၆·၀၀ |
| | စုစုပေါင်း | ၁၃၀၉၀·၀၀ | ၁၂၂၂၅·၅၅ | (+) ၈၆၄·၄၅ |

မြင့်မြင့်မာ

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၇ မှ ၅/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၇ မှ ၂၉/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂၁၈၀·၁၂၀ | ၁၈၅၁၆·၅၅၀ | (-) ၆၃၃၆·၄၃ |
| ၂။ | လွယ်ဂျယ် | ၇၂၇·၀၀၀ | ၃၁၀·၇၅၀ | (+) ၄၁၆·၂၅ |
| ၃။ | ချင်းရွှေဟော် | ၃၅၇၃·၅၀၀ | ၄၀၉၄·၂၅၀ | (-) ၅၂၀·၇၅၀ |
| ၄။ | ကန်ပိုက်တီး | - | - | |
| ၅။ | မြဝတီ | ၁၀၄၄·၉၀၀ | ၁၃၇၄·၉၅၀ | (-) ၃၃၀·၀၅၀ |
| ၆။ | ကော့သောင်း | ၇၅·၀၀၀ | ၂၆၉·၀၀၀ | (-) ၁၉၄·၀၀ |
| ၇။ | မြိတ် | ၁၅၀·၀၀၀ | ၁၈၅·၀၀၀ | (-) ၃၅·၀၀၀ |
| ၈။ | ရိုဒ် | - | ၃၀၀·၀၀၀ | (-) ၃၀၀·၀၀၀ |
| | စုစုပေါင်း | ၁၇၇၅၀·၅၂ | ၂၅၀၅၀·၅၀ | (-) ၇၂၉၉·၉၈ |

ခင်မိုးသူ

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# Sanitary and Phytosanitary (SPS) အကြောင်းသိကောင်းစရာ



ခက်ခက်နွယ်ဖူး

အာရှဖွံ့ဖြိုးရေးဘဏ်၏ ရန်ပုံငွေ ထောက်ပံ့မှုဖြင့်ဆောင်ရွက်နေသော ဒေသဆိုင်ရာ နည်းပညာ အကူအညီပေးသည့် အစီအစဉ်၏ စီမံကိန်း တစ်စိတ်တစ်ပိုင်းဖြစ်သည့် What is SPS Measure သင်တန်းကို နေပြည်တော်ရှိ မန်းမြန်မာဟိုတယ်တွင် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ ဝန်ကြီးဌာန ၅ ခုမှ စုစုပေါင်း သင်တန်းသား ၃၆ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းကို ADB မှ ကျွမ်းကျင်ပညာရှင်များဖြစ်သည့် Mr. Douglas Birnie, Mr. Cornelius Sonneveld နှင့် Mr. David McKellar တို့က SPS ၏ အခြေခံ သဘောတရားများကို သိရှိနားလည်စေရန်၊ SPS သည် မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အရေးပါပုံနှင့် မြန်မာနိုင်ငံနှင့် သင့်တော် မည့် SPS System ကို သိရှိစေရန် ဆွေးနွေး ပို့ချပေးခဲ့သည်။

SPS သည် လူနှင့် တိရစ္ဆာန်တို့၏ ကျန်းမာရေး (Sanitary) နှင့် အပင်ကျန်းမာရေး (Phytosanitary) ကို ကိုယ်စားပြုပြီး မလိုလားအပ်သော ပိုးမွှားများ၊ ရောဂါများနှင့် အဆိပ်သင့်မှုများမှ လူသားများ၊ တိရစ္ဆာန်များနှင့် အပင်များကို ကာကွယ်ပေးသောစနစ်ဖြစ်သည်။

အစားအသောက် ဘေးကင်းရေး (Food Safety) သည် SPS ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး၊ ဘက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် ကပ်ပါးပိုးစသည့် အဏုဇီဝပိုးများ (Microbiological Risks)၊ အဆိပ်များ (Toxins)၊ ညစ်ညမ်းမှုဖြစ်စေသောအရာများ (Contaminants) ကြောင့် ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါ ပိုးမွှားများကို သာမန် မျက်စိဖြင့် မမြင်နိုင်ဘဲ ဓာတ်ခွဲစမ်းသပ်မှသာ တွေ့ရှိနိုင်သည်။

အပင်များနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေး (Plants and Animals Health) သည် နိုင်ငံအတွင်းရှိ ကောက်ပဲသီးနှံများ၊ အခြားသော အပင်များနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးကို ကာကွယ်သည့် စနစ်ဖြစ်ပြီး အဓိကဖြစ်ပွားသည့် အန္တရာယ်များသည် ရောဂါပိုးမွှားများကြောင့် ဖြစ်သည်။ အပင်ပိုးမွှား ကျရောက်မှု ပြင်းထန်ပါက သီးနှံများ ပျက်စီးဆုံးရှုံးနိုင်ပြီး၊ တိရစ္ဆာန်များတွင် ရောဂါကျရောက်ပါက ထုတ်လုပ်မှု လျော့ကျနိုင်မည်ဖြစ်သည်။

နိုင်ငံအတွင်း ရှိနှင့်ပြီးဖြစ်သည့် ရောဂါနှင့် ပိုးမွှားများကို (Endemic) ဟုခေါ်ဆိုပြီး အခြားတစ်နေရာမှ ဝင်ရောက်လာသည့် ရောဂါနှင့် ပိုးမွှားများကို (Exotic) ဟုခေါ်သည်။ သဘာဝအတိုင်း သို့မဟုတ် လူတို့၏ အကူအညီဖြင့် ပျံ့နှံ့နိုင်ပြီး Food Safety အန္တရာယ်ကဲ့သို့ပင် ဓာတ်ခွဲစမ်းသပ်မှသာ တွေ့ရှိနိုင်သည်။ ရောဂါဖြစ်လာပါက လျင်မြန်စွာ တိုက်ဖျက်ခြင်း၊ ရောဂါပိုးမွှား ကျရောက်နေသည့် တိရစ္ဆာန်နှင့် အပင်များ သယ်ယူမှုကို ကန့်သတ်ခြင်း၊ သုတေသနလုပ်ထားသည့် သီးနှံ မျိုးသစ်များ စိုက် ပျိုးခြင်းနှင့် တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ရောဂါပိုးဒဏ်ကို ခံနိုင်ရည် ရှိလာအောင် လုပ်ဆောင်ပေးရမည် ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က SPS ဆိုင်ရာ စည်းမျဉ်းများကို ချမှတ်ထားပြီး ဖြစ်သည်။ WTO-SPS သဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများသည် ရောဂါပိုးမွှား ထိန်းချုပ်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာ၍ သိပ္ပံနည်းကျ ဆုံးဖြတ်ထားခြင်း၊ သွင်းကုန်နှင့်ပြည်တွင်း ထုတ်ကုန် များကို တစ်ပြေးညီကန့်သတ်ခြင်းနှင့် ကုန်ကျစရိတ်ကို အခြေခံ၍ ဝန်ဆောင်ခ ကောက်ခံခြင်းစသည့် SPS စည်းမျဉ်းများနှင့် ကိုက်ညီအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ WTO ၏ SPS ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို လိုက်နာခြင်းဖြင့် ဘေးကင်းစိတ်ချရသော ကုန်သွယ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတကာဈေးကွက်သို့ ပိုမိုလက်လှမ်းမီ၍ ပြည်ပပို့ကုန် ပစ္စည်းများအတွက် ပိုမိုမြင့်မားသော ဈေးနှုန်း များ ရရှိလာနိုင်သည်။ သွင်းကုန်/ပို့ကုန်လုပ်ငန်းရှင်များသည် တင်သွင်းသည့်နိုင်ငံ၏ SPS သတ်မှတ်ချက်များကို လိုက်နာရန်၊ မိမိတို့၏ ထုတ်ကုန်များနှင့် ပတ်သက်၍ တိကျစွာ ထုတ်ဖော်ကြေညာရန်၊ သတ်မှတ်ထားသည့် ဝန်ဆောင်ခများပေးရန်၊ ရောဂါနှင့်ပိုးမွှား သို့မဟုတ် ဆက်စပ်ပျက်စီးမှုများ တွေ့ရှိပါက သတင်းပို့ရန် တာဝန်ရှိသည်။

မြန်မာနိုင်ငံသည် ကုန်းတွင်းနယ်နိမိတ် ရှည်လျားမှုကြောင့် နိုင်ငံအတွင်းသို့ ရောဂါနှင့် ပိုးမွှားများ ဝင်ရောက်မှုကို ထိန်းချုပ်ရန် ခက်ခဲသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများကဲ့သို့ ပြည့်စုံသည့် SPS စနစ်တစ်ခု ချမှတ်ဆောင်ရွက်ရန်အတွက်လည်း ဘဏ္ဍာငွေ အခက်အခဲ ရှိနေသည်။ သို့ဖြစ်ရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်သည်။ SPS ကိုထိန်းချုပ်ရာတွင် ကြိုတင်ကာကွယ်မှုကို မြန်နိုင်သမျှ မြန်မြန် Supply Chain ထဲရောက်အောင် လုပ်ဆောင်ရန် လိုအပ်သည်။ အစိုးရပိုင်းက Food Safety ဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲပြဋ္ဌာန်း၍ ထိန်းချုပ်ရုံသာ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ပုဂ္ဂလိက လုပ်ငန်းများက လက်တွေ့ လိုက်နာဆောင်ရွက်ရန် အဓိကတာဝန်ရှိသည်။

ဦးတည်သော ရောဂါပိုးမွှားကို စမ်းသပ်ဆောင်ရွက်ခြင်းသည် Active Surveillance ဖြစ်ပြီး ဈေးကွက်အတွင်း ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းနှင့် ရောဂါအသစ် တွေ့ရှိပါက သက်ဆိုင်ရာကို အကြောင်းကြားစေခြင်းသည် Passive Surveillance ဖြစ်သည်။ ထို့ပြင် ရောဂါတစ်စုံတစ်ရာ ဖြစ်ပါက SPS နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းထံ တိုင်ကြားသောစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။

ယခုအခါ နယ်စပ်ဒေသများတွင် SPS နှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို နိုင်ငံ အတော်များများတွင် တိုးမြှင့်လုပ်ဆောင်လျက် ရှိနေသည်။ မြန်မာနိုင်ငံတွင် SPS System ကို စနစ်တကျ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် မြန်မာ့ထုတ်ကုန်များအား နယ်စပ်ဒေသများ၌ ရောင်းချရာတွင် အခက်အခဲများ တွေ့ရှိနေရသည်။ သို့ဖြစ်ရာ WTO SPS Agreement နှင့် Trade Facilitation Agreement များ ကိုက်ညီအောင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

SPS ကို သွင်းကုန်အပေါ်တွင်သာ အဓိကထား သတ်မှတ်သည်။ မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် မလိုအပ်ဘဲ အန္တရာယ် (Risk) နည်းသည့် ကုန်များအား ကန့်သတ်ထားသည်ကို တွေ့ရှိရပြီး ကျွမ်းကျင် ပညာရှင်နည်းပါးမှုကြောင့် Low Risk ကုန်ပစ္စည်းများကိုသာ စစ်ဆေးနိုင်သေးသည်။ သို့ဖြစ်ရာ Low Risk ကို ဖြေလျှော့ပေးပြီး High Risk ကုန်ပစ္စည်းများကို တင်းကြပ်ပေးမည်ဆိုပါက ယခုထက် ကုန်သွယ်မှု ပိုမိုလျင်မြန်လာနိုင်မည် ဖြစ်သည်။

အစိုးရပိုင်းမှ ဈေးကွက်ဝင်ရောက်ခွင့် ရရှိရန် အခြားသော နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ပို့ကုန်လုပ်ငန်းရှင်များအား SPS စည်းမျဉ်းများကို ရှင်းလင်းစွာ သိရှိစေရန် အသိပညာပေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တင်သွင်းသည့် တိုင်းပြည်၏ SPS လိုအပ်ချက်နှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးမှုအနေဖြင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့်စနစ် တစ်ခုသာ ရှိသေးသည်ကို တွေ့ရသည်။ တင်ပို့သည့်ကုန်အပေါ် စစ်ဆေးခြင်းမပြုဘဲ တံဆိပ်တုံးထုပို့သော ကုန်ပစ္စည်းသည် အခြား နိုင်ငံသို့ ရောက်ရှိ၍ ပြဿနာဖြစ်ပေါ်လာပါက တစ်နိုင်ငံလုံး၏ ပို့ကုန်များကို ပိတ်ပင်သည်အထိ အကျိုး သက်ရောက်မှု ကြီးမားသွားနိုင်သည်။ SPS ဖွဲ့စည်း ဆောင်ရွက်ပြီးပါက ပို့ကုန်တင်ပို့သည့် နိုင်ငံများသို့ အကြောင်းကြားသွားရန် လိုအပ်သည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် SPS ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန် အပြင် မိမိ၏ ထုတ်ကုန်ပစ္စည်းနှင့် ပတ်သက်သည့် တိကျသော သတင်းအချက်အလက်များကို ပေးရန် လိုအပ်သည်။ မြန်မာလယ်သမားများသည် SPS နှင့် ပတ်သက်၍ သိရှိနားလည်မှု နည်းပါးသောကြောင့် အခြားနိုင်ငံများမှ လယ်သမားများနှင့်နှိုင်းယှဉ်ပါက များစွာခေတ်နောက်ကျနေသည်ကို တွေ့ရှိရသည်။ လယ်သမားများ၏ ဝင်ငွေကို နှိုင်းယှဉ်ကြည့်ပါက SPS ၏ အရေးပါ ပုံကို ပိုမိုသိရှိနိုင်မည်ဖြစ်သည်။ လယ်သမားများသာမက လုပ်ငန်းရှင်ကြီးများ အဆင့်ထိပါ SPS ၏အရေးကြီးပုံကို သိရှိအောင် ပညာပေးရန် လိုအပ်မည်ဖြစ်ပြီး ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် ဖြစ်သည်။

အချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် SPS နှင့်ပတ်သက်သည့် သိရှိမှုဗဟုသုတများ များစွာနည်းပါးနေသေးသည်။ အထူးသဖြင့် WTO SPS စည်းမျဉ်းများကို သိရှိသူများ၊ နားလည်သူများမှာ မရှိသလောက်ပင်ဖြစ်နေသည်ကို တွေ့ရှိနေရသည်။ WTO SPS သိရှိသူ၊ နားလည်သူ နည်းပါးသဖြင့် မြန်မာ့ထုတ်ကုန်များကို တင်ပို့ရာတွင် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းရရှိမှု နည်းသည့်အပြင် အခက်အခဲ များလည်း တွေ့ကြုံနေရသည်။ ထို့ပြင် ဌာနတစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်သွားရန်နှင့် ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများကို အများပြည်သူ သိရှိအောင် လုပ်ဆောင်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။ ယခုနှစ် အတွင်း ရန်ကုန်နှင့် နေပြည်တော်တို့တွင် SPS Management, Food Safety, Plant Protection နှင့် Forestry Surveillance in Planted Forests နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း ADB မှ ဆက်လက် ကျင်းပပေးသွားမည်ဖြစ်ရာ SPS အကြောင်း ပိုမိုသိရှိနားလည်ပြီး အသုံးချနိုင်စေရန်အတွက် တက်ရောက်သင့်သော သင်တန်းများပင် ဖြစ်ကြောင်း မျှဝေလိုက်ရပါသည်။

## ၂၀၁၇ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ဆန်စပါးဈေးနှုန်း ကျဆင်းမှုနှင့် ကြုံတွေ့ရမည်

၂၀၁၇ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၌ ဆန်ရောင်းလိုအား များပြား၍ ပြည်တွင်းဆန်ဈေးကွက်နှင့် နိုင်ငံခြားသို့ တင်ပို့သည့် ဈေးကွက်များ၌ ဆန်ဈေးကျဆင်းမှုနှင့် ကြုံတွေ့ရ၍ ဆန်တင်ပို့မှု ကျဆင်းမည်ဖြစ်ပါသည်။ ထို့အပြင် ထိုင်းဘတ် ငွေတန်ဖိုးမြင့်တက်မှုသည်လည်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုကို ထိခိုက်နိုင်ပါသည်။

ထိုင်းနိုင်ငံ၏ ဆန်ရောင်းလိုအားသည် နှစ်စဉ်ပုံမှန် တန်ချိန် ၂၂ သန်းဝန်းကျင်ရှိသော်လည်း ယခုနှစ် နိုဝင်ဘာလမှရှေ့နှစ် ဇန်နဝါရီလအတွင်း ဆန်ရောင်းလိုအားသည် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ပါသည်။ ကမ္ဘာ့ဆန်ဈေးကွက်သို့ ထိုင်းနိုင်ငံနှင့်အပြိုင်တင်ပို့ ရောင်းချလျက်ရှိကြသည့် အဓိက နိုင်ငံ များဖြစ်သော အိန္ဒိယ၊ ဗီယက်နမ်နှင့် ပါကစ္စတန်စသည့် နိုင်ငံများ၏ စပါးရိတ်သိမ်းချိန်ကာလများသည် ထိုင်းနိုင်ငံနှင့် အတူတူပင် ဖြစ်ကြ ပါသည်။

ယခုနှစ် နောက်ဆုံးသုံးလပတ်မှစ၍ ကမ္ဘာ့ဆန်ဈေးကွက်တွင် ရောင်းလိုအားများပြား၍ဈေးနှုန်းကျဆင်းနိုင်ကြောင်း တွေ့ရှိရပါသည်။ ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ဆန် စားသုံးမှုသည် ၂၀၁၆ ခုနှစ်ထက် တန် ၄၈၀ (သို့မဟုတ်) သုည ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာမည်ဖြစ်သော်လည်း ရောင်းလိုအားသည် တန်ချိန် ၄၈၁ ဒသမ ၂၃ သန်းရှိမည်ဖြစ်ရာ ၂ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန(USDA) က ခန့်မှန်းထားပါသည်။

ထိုင်းနိုင်ငံ၏ ငွေလဲနှုန်းသည် ဩဂုတ်လ ၁ ရက်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ၃၄ ဒသမ ၇၂ ဘတ်ဖြစ်ပေါ်ခဲ့သဖြင့် ဘတ်ငွေတန်ဖိုးသည် ၃ ဒသမ ၃ ရာခိုင်နှုန်းဖြင့် တစ်နှစ်အတွင်း အမြင့်ဆုံး မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ ဘတ် ငွေတန်ဖိုးမြင့်တက်လာခြင်းသည်လည်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုကို ထိခိုက်နိုင်ကြောင်း ဖော်ပြထားပါသည်။

ကမ္ဘာ့ဆန်ဈေးကွက်သို့ ၂၀၁၇ ခုနှစ်အတွင်း ဆန်တင်ပို့မှုအား USDA ကခန့်မှန်းရာတွင် ထိုင်းနိုင်ငံက ဆန်တန်ချိန် ကိုးသန်း၊ ဗီယက်နမ်နိုင်ငံက တန်ချိန် ခုနစ်သန်း၊ အိန္ဒိယနိုင်ငံက တန်ချိန် ၅ ဒသမ ၅သန်းနှင့် ပါကစ္စတန်နိုင်ငံက တန်ချိန် ၄ ဒသမ ၂၅သန်း တင်ပို့ကြမည်ဟုဆိုသည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင် ထိုင်းဆန်ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၅ ရှိသဖြင့် ဗီယက်နမ်ဆန်ဈေးနှုန်းထက် ဒေါ်လာ ၅၀ ခန့် မြင့်မားလျက်ရှိပါသည်။ ဈေးသက်သာသည့် ဗီယက်နမ်ဆန်များကို ပိုမိုဝယ်ယူမှုများရှိနေသဖြင့် ထိုင်းဆန် ဝယ်ယူမှုသည် ကျဆင်းလာနိုင်ကြောင်း တွေ့ရှိရပါသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## ဟောင်ကောင်မြို့အတွင်းရှိ အများပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်သော ဆိုင်းဘုတ်များအား ဖယ်ရှား

ဟောင်ကောင်မြို့အတွင်းရှိလမ်းမများ၊ လမ်းသွယ်များပေါ်တွင် အချို့ဆိုင်းဘုတ်များမှာ မေးမိုန်၍ ကာလရှည်ကြာပြီး အိုမင်းဆွေးမြေ့ကာ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသည့် အများပြည်သူများအတွက် အန္တရာယ်ဖြစ်စေနိုင်သော ဆိုင်းဘုတ်များအား အာဏာပိုင်များမှ တရားမဝင်သော၊ ခွင့်မပြုသောဆိုင်းဘုတ်အဖြစ် သတ်မှတ်ပြီး ဖယ်ရှားသွားမည်ဖြစ် ကြောင်းနှင့် ဆိုင်းဘုတ်တစ်ရာကျော်အားလည်း ဖြုတ်ချဖယ်ရှားခဲ့ပြီးဖြစ်ကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်းဝန် Paul Chan Mo-po က ပြောကြားခဲ့သည်။



၎င်းဆိုင်းဘုတ်များသည် မြို့တော်၏ပုံရိပ်ကိုထိခိုက်စေသည့် အပြင် ဟောင်ကောင်၏ ယဉ်ကျေးမှုအမွေအနှစ်ကိုလည်း ထိခိုက်စေခဲ့ကြောင်း၊ ပြည်သူများ၏ အန္တရာယ်ကင်းရှင်းရေးမှာ အာဏာပိုင်များ၏ တာဝန်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆောက်အဦ အမိန့်ကြေညာချက်အရ ဆိုင်းဘုတ်တင်ခြင်းမှာ အဆောက်အဦကော်မတီ၏ ထိန်းချုပ်မှုအောက်တွင် ရှိကြောင်း၊ လိုအပ်သောသတ်မှတ်ချက်နှင့် ပြည့်မီခြင်းမရှိသည့် ဆိုင်းဘုတ်များအား ခွင့်ပြုမည်မဟုတ်ဘဲ ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း၊ အဆောက်အဦဌာနမှ ပြောကြားခဲ့သည်။

ပိုင်ရှင်များအနေဖြင့် ကျွမ်းကျင်ပညာရှင်များအား အသုံးပြု၍ ဆိုင်းဘုတ်တင်ရန် လျှောက်ထားနိုင်ကြောင်း၊ အဆောက်အဦဆိုင်ရာ ပညာရှင်များနှင့် မှတ်ပုံတင်ထားသော အဆောက်အဦဆောက်လုပ်သူများက ဆိုင်းဘုတ်များအား သတ်မှတ်ချက်နှင့်ကိုက်ညီခြင်းရှိ၊ မရှိ စစ် ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါ သည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်တည်ထောင်ရန် အိန္ဒိယအစိုးရစီစဉ်

အိန္ဒိယအစိုးရသည် အာရှ ဥရောပမြန်မာနိုင်ငံ၌ ဆိပ်ကမ်းတစ်ခု တည်ဆောက်ပြီးဖြစ်သည့်အပြင် စစ်တွေမြို့၌ အထူးစီးပွားရေးဇုန် တစ်ခု တည်ထောင်ရန်အတွက်လည်း စီစဉ်နေကြောင်း၊ အိန္ဒိယမှ အဆိုပြုထားသည့် အထူးစီးပွားရေးဇုန်သည် စစ်တွေမြို့မှ ၈၀ ကီလိုမီတာအကွာ၌ တည်ရှိနေသည့် တရုတ်အထူးစီးပွားရေးဇုန်နှင့် အပြိုင်ဖြစ်ကြောင်း၊ အိန္ဒိယအစိုးရသည် အဆိုပါနေရာအား စီးပွားရေး အချက်အချာနေရာတစ်ခုအဖြစ် ဖန်တီးရန် လျာထားကြောင်း သိရပါ သည်။

စစ်တွေအထူးစီးပွားရေးဇုန်တည်ဆောက်မည့် ရည်ရွယ်ချက်မှာ တရုတ်နိုင်ငံက ဒေသတွင်း၌ ဘုံလမ်းမကြီးတစ်ခုထားရှိရန် စီမံ ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံချက်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အရှေ့တောင်အာရှဒေသအတွင်း လမ်းမကြီးများနှင့် ဆိပ်ကမ်းဆက်သွယ်မှုဆိုင်ရာ စီမံကိန်းကြီးများ လျာထားဆောင်ရွက် လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့်လည်း ဒေသတွင်းဆက်သွယ်မှုကို ဖြန့်ကျက်သည့် အနေဖြင့် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပြီး အဆိုပါ အထူးစီးပွားရေးဇုန်အတွက် အိန္ဒိယနိုင်ငံ၏ အစီအစဉ်များနှင့် စပ်လျဉ်းပြီး လာအိုနိုင်ငံ၌ ကျင်းပသော အိန္ဒိယ-အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန၏ Minister of State ဖြစ်သူ VK Singh ကရှင်းလင်းပြောကြားခဲ့ကြောင်း သိရပါသည်။

အိန္ဒိယနိုင်ငံသည် အာဆီယံဆက်သွယ်ရေးစီမံကိန်းကြီး အကောင်အထည်ဖော်ရန်အတွက် ၎င်းတို့အနေဖြင့် ဆက်လက်ကူညီ ထောက်ပံ့ပေးရန် သဘောတူညီခဲ့ကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးအား လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့သို့ ဆက်လက်တိုးချဲ့ဖောက်လုပ်ရန်ကိုလည်း စူးစမ်းလေ့လာ လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အနေဖြင့်လည်း Motor vehicles agreement သဘောတူညီချက်အား အပြီးသတ်ချုပ်ဆိုနိုင်ရန်အတွက် ပူးပေါင်းအဖြေရှာကြရန် တိုက်တွန်းပြောကြားခဲ့ပြီး၊ စစ်တွေအထူးစီးပွားရေးဇုန်တွင် ပူးပေါင်းပါဝင်ရန် အာဆီယံနိုင်ငံများ အား VK Singh က ဖိတ်ခေါ်ခဲ့ကြောင်း သိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ဟောင်ကောင်အပေါင်စာချုပ်ကော်ပိုရေးရှင်းမှ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ချေးငွေချေးယူနိုင်ရေး တွန်းအားပေးမည့် အစီအစဉ်စတင်

ဟောင်ကောင် အပေါင်စာချုပ်ကော်ပိုရေးရှင်း (Hong Kong Mortgage Corporation) မှ အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများအတွက် အစိုးရ၏ အာမခံချက်အစီအစဉ်ရန်ပုံငွေအဖြစ် ဟောင်ကောင်ဒေါ်လာ ၁၂၀ ဘီလီယံကို ထုတ်ချေးရန် စတင်စီစဉ် ဆောင်ရွက်ခဲ့သည်။ ဤသို့ဆောင်ရွက်ရခြင်းမှာ HKMZ က ဆောင်ရွက်သော အစီအစဉ်အတွက် ယမန်နှစ်နှစ်ဝက်တွင် လျှောက်လွှာ ပေါင်း ၆၆၀ ရှိခဲ့သော်လည်း ယခုနှစ်ကာလတူတွင် ၄၁၅ သာ လျှောက် ထားခဲ့ပြီး ၃၇ ရာခိုင်နှုန်းကျဆင်းခဲ့သည့်အတွက်ဖြစ်သည်။ လျှောက် ထားသည့် ချေးငွေတန်ဖိုးမှာ ယမန်နှစ်တွင် ၁ ဒသမ ၈၇ ဘီလီယံမှ ယခုနှစ်တွင် ၁ ဒသမ ၃၂ ဘီလီယံသာရှိခဲ့ပြီး ၂၉ ရာခိုင်နှုန်းကျဆင်း ခဲ့သည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် ချေးယူလိုစိတ်နည်းပါးရခြင်းမှာ တရုတ်ပြည်မကြီး၏ စီးပွားရေးကျဆင်းမှုနှင့်ဇွန်လအတွင်း၌ ဗြိတိန်၏ အီးယူမှခွဲထွက်ခြင်းအတွက် မဲပေးခဲ့မှုများကြောင့်ဖြစ်ပြီး၊ ၎င်းတို့ကိုယ်တိုင် ဆန္ဒမရှိပါကလည်း ကော်မရှင်အနေဖြင့် မည်သို့မျှမကူညီပေးနိုင်ကြောင်း၊ ဘဏ်မှငွေချေးယူရန် အခက်အခဲရှိသော လုပ်ငန်းများအား အစိုးရ၏ အာမခံရန်ပုံငွေမှ ၆၅ ဘီလီယံအထိ အာမခံပေးပါက ၈၀ ဘီလီယံထိ ချေးငှားနိုင်သော အစီအစဉ်မှ လုပ်ငန်းများအားချေးငွေ ချေးယူလျှောက်ထားနိုင်ရေးအတွက် အားပေးကူညီသွားမည်ဖြစ်ကြောင်း ကော်မရှင်၏ အမှုဆောင်ချုပ် Li Ling -cheung မှ ပြောကြားခဲ့သည်။

၎င်းချေးငွေအစီအစဉ်အား အစိုးရက ဘဏ္ဍာရေးအကျပ်အတည်းဖြစ်ပြီးနောက် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် အထူးအာမခံချေးငှားခြင်း အစီအစဉ်အား ဟောင်ကောင်ဒေါ်လာ ဘီလီယံ ၁၀၀ နှင့်စတင်ခဲ့ပြီး ၂၀၁၁ ဇန်နဝါရီတွင် စီမံချက်အတွက် စီမံခန့်ခွဲမှုအား ဟောင်ကောင် အပေါင်စာချုပ်ကော်ပိုရေးရှင်းသို့ လွှဲအပ်ခဲ့သည်။ ၎င်းအစီအစဉ်အရ ငွေချေးငှားရန်အတွက် ပိုင်ဆိုင်ပစ္စည်းတင်ပြရန်မရှိသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အစိုးရမှ ဘဏ်ပေါင်း ၃၀ သို့ချေးငွေ၏ ၈၀ ရာခိုင်နှုန်းအား ထောက်ပံ့အာမခံပေးခဲ့သည်။ သို့သော်လည်း ၎င်းအစီအစဉ်မှာ များစွာအောင်မြင်ခြင်းမရှိဘဲ ယခုအချိန်ထိ အစိုးရမှ ၃၅ ဘီလီယံအာမခံပေးခဲ့ပြီး ဟောင်ကောင်ဒေါ်လာ ၄၄ ဒသမ ၄ ဘီလီယံထိ ထုတ်ချေးခဲ့သည့် လုပ်ငန်းပေါင်း ၁၁၀၃၄ သာရှိကြောင်း သိရှိရသည်။

ဘဏ်များအနေဖြင့်လည်း ချေးငွေပြန်ဆပ်ချိန်မှာ ကာလကြာသည့်အတွက် ငွေထုတ်ချေးရန်စိတ်ဝင်စားမှုနည်းခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် အစိုးရရန်ပုံငွေမှ ချေးငွေပြန်လည်ရရှိရန် လိုအပ်သော စာရွက်စာတမ်းမပြည့်စုံမှုကြောင့် ပျမ်းမျှရက်ပေါင်း ၅၀၀ ကျော် စောင့်ရကြောင်း၊ ယခုအခါတွင် ဘဏ်များမှ ချေးငွေပိုမိုထုတ်ချေးနိုင်ရေး အတွက် တောင်းခံသည့်နေ့မှ ရက်ပေါင်း ၁၀၀ အတွင်း ပြန်လည်ရရှိ မည်ဖြစ်သည်။ ဟောင်ကောင်အပေါင်စာချုပ်ကော်ပိုရေးရှင်းမှ ယခု စီမံချက်အား အားပေးမြှင့်တင်နိုင်ရေးအတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ နှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**ဖြူဖြူလှိုင်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဟောင်ကောင်မြို့**

## တရုတ်နိုင်ငံ၌ အသက်အာမခံထားရှိမှု တိုးတက်လာ

ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံ၌ အသက် အာမခံပရီမီယံကြေးရငွေမှာ လျင်မြန်စွာတိုးတက်လာပြီး တရုတ်ယွမ် ၁ ဒသမ ၉ ထရီလီယံ အထိရောက်ရှိခဲ့ကြောင်း၊ သို့သော်လည်း ယခုအခါတွင် စတော့ရှယ်ယာဈေးကွက်ကျဆင်းမှုကြောင့် အသက်အာမခံလုပ်ငန်း၏ အမြတ်အစွန်းရရှိမှုမှာ မခန့်မှန်းနိုင်သေးကြောင်း တရုတ်အာမခံလုပ်ငန်းကော်မရှင်က ပြောကြားခဲ့ပါသည်။ နိုင်ငံတစ်ဝန်းအာမခံလုပ်ငန်းမှ ရငွေမှာ ယခုနှစ်ဝက်အတွင်း ၃၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ အသက်အာမခံမှ ရငွေမှာ ၄၅ ဒသမ သုည ရာခိုင်နှုန်းနှင့် ပိုင်ဆိုင်မှုပစ္စည်းများ အာမခံထားရှိမှုမှရငွေမှာ ၇ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။

ယခုကဲ့သို့ အာမခံထားရှိမှုတိုးမြင့်လာခြင်းမှာ စီးပွားရေးလုပ်ငန်းပုံသဏ္ဍာန်တိုးတက်ကောင်းမွန်လာခြင်းနှင့်လူများ၏ risk control အပေါ် နားလည်အာရုံစိုက်မှု တိုးတက်လာခြင်းကြောင့်ဖြစ်ကြောင်း သုံးသပ်ထားပါသည်။ အထူးသဖြင့် လူလတ်တန်းစားများက ကျန်းမာရေးစောင့်ရှောက်မှု အသိပညာကိုပို၍ အာရုံစိုက်လာသည့်အပြင် ယခုလတ်တလော စတော့ရှယ်ယာလုပ်ငန်း မတည်ငြိမ်သည့်ကာလအတွင်း အသက်အာမခံထားရှိခြင်းမှ ပြန်လည်ရရှိမှု သည် အလားအလာကောင်းတစ်ခုဟု ယူဆလာခြင်းကြောင့် သိသိသာသာ တိုးတက်လာခြင်းဖြစ်ပါသည်။

သို့သော်လည်း ယခုနှစ်ဝက်အတွင်း အာမခံကုမ္ပဏီများ၏ စုစုပေါင်းအမြတ်ရငွေမှာ တရုတ်ယွမ် ၁၀၅ ဒသမ ၆ ဘီလီယံသာရရှိခဲ့ပြီး နှစ်စဉ် ၅၄ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းနေကြောင်း၊ စတော့ရှယ်ယာဈေးကွက်၌ အာမခံရင်းနှီးမြှုပ်နှံမှုမှ စုစုပေါင်းရငွေမှာ တရုတ်ယွမ် ၂၄ ဒသမ ၁ ဘီလီယံသာရှိခဲ့ပြီး ယခင်နှစ်ထက် တရုတ်ယွမ် ၂၆၁ ဒသမ ၂ ဘီလီယံလျော့နည်းခဲ့ကြောင်း၊ အကြောင်းရင်းမှာ စတော့ရှယ်ယာဈေးကွက်ကျဆင်းနေမှုကြောင့်ဖြစ်ပြီး ဒုတိယနှစ်ဝက်တွင်လည်း ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် လေ့လာသုံးသပ်သူများက တရုတ်အာမခံကုမ္ပဏီများသည် ၎င်းတို့၏အာမခံလုပ်ငန်းအပေါ် ရင်းနှီးမြှုပ်နှံမှု ပုံသဏ္ဍာန်ကိုပြောင်းလဲသင့်ပြီး အခြားနိုင်ငံများ၌ သွားရောက်ရင်းနှီးမြှုပ်နှံသင့်ကြောင်း သုံးသပ်ထားပါသည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၅–၈–၂၀၁၆)

ဇော်ဝင်း

## မူဆယ်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် မူဆယ်ဈေးကွက်မှာ ပြောင်းဈေး အပြောင်းအလဲမရှိခဲ့ဘဲ ယခင်တစ်ပတ် ဈေးနှုန်းအတိုင်း ၅၀ ကီလိုတစ်အိတ်ကို ၈၃ ယွမ်မှ ၈၇ ယွမ် (တစ်တန်ကို ၁၆၆၀ ယွမ်မှ ၁၇၄၀ ယွမ်) နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဈေးနှုန်းငြိမ်နေပေမယ့် အရောင်းအဝယ်အေးခဲ့ပြီး တစ်ပတ်အတွင်းတန်ချိန် ၁၁၉၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးမှာ ပြောင်းဈေးကျပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ်တောင်ကြီးဈေးကွက်မှာ ပြောင်းဈေးအနည်းငယ်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကို ၃၈၅ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၃၈၀ (တစ်တန်ကို ၂၃၂၇၀၈ ကျပ်)နဲ့ ရန်ကုန်ဝယ်လက် တိရစ္ဆာန်အစာစပ်စက်ရုံတွေက အဝယ်ဖွင့်ခဲ့ပါတယ်။ ပြောင်းအသစ်ပေါ်တော့မှာနဲ့ ပြောင်းအဟောင်း လက်ကျန်နည်းလာတာတို့ကြောင့် ပြောင်းအရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ ပိဿာချိန် ၅၆၀၀၀ ခန့်သာ ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ပြောင်းဈေးကျ

ဒီတစ်ပတ် ရေစကြိုဈေးကွက်မှာ CP ပြောင်းဈေးအနည်းငယ်ကျခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၃၉၀ ရှိခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာကျပ် ၃၇၀ (တစ်တန်ကို ၂၂၆၅၈၄ ကျပ်) သာရှိခဲ့တာမို့ ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ယခင်တစ်ပတ်က အိတ် ၃၀၀ခန့်သာဖြစ်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပတ်အတွင်း အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့တာမို့ အရောင်းအဝယ်ပုံမှန်ရှိနေကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်သော်လည်း အစေ့ထုတ်ပြောင်းဈေး ဆက်လက်ကျဆင်း

ဒီတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးတက်ခဲ့ပေမယ့် အစေ့ထုတ်ပြောင်းကတော့ ဈေးဆက်လက်ကျဆင်းနေကြောင်းသိရပါတယ်။ မတ်ပဲအနေနဲ့ ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၅၀၀ သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ၂၆၂၅ ကျပ်(တစ်တန်ကို ၁၆၀၇၅၂၃ကျပ်) ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တန်ကို ၇၆၀၀၀ ကျော်ခန့် ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာကို ၄၀၅ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၄၀၀ (တစ်တန်ကို ၂၄၄၉၅၆ ကျပ်) ဖြစ်ခဲ့တာမို့ ဈေးနှုန်းဆက်လက်ကျဆင်းနေကြောင်းနဲ့ တစ်နေ့ကို ၇၅ တန်ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးကျခဲ့ပြီး၊ နှမ်းမျိုးစုံဈေးငြိမ်နေ

ယခုတစ်ပတ်အောင်လံဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးကျဆင်းခဲ့ပြီး၊ နှမ်းမျိုးစုံဈေးကတော့ အတက်အကျမရှိဘဲဈေးငြိမ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီဈေး ယခင်တစ်ပတ်က တစ်ပိဿာ ကျပ်၂၀၅၀ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၀၂၅ (တစ်တန်ကို ၁၂၄၀၀၈၉ကျပ်) ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ဈေးကျခဲ့ပါတယ်။ တစ်နေ့ကိုအိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကတော့ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၂၅၀ ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကို ကျပ် ၁၂၀၀ (တစ်တန်ကို ၇၃၄၈၆၈ ကျပ်) ဖြစ်ခဲ့တာကြောင့် ဈေးဆက်လက်ကျဆင်းနေခဲ့ပါတယ်။ တစ်နေ့ကို အိတ် ၄၀၀ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ ဈေးနှုန်းအတက်အကျငြိမ်နေပြီး ယခင်တစ်ပတ်ကဈေးနှုန်းအတိုင်း နှမ်းနီတစ်ပိဿာ၁၉၃၅ ကျပ်၊ နှမ်းနက်တစ်ပိဿာ ၂၁၁၀ ကျပ်၊ သိပ္ပံနှမ်း တစ်ပိဿာကျပ် ၃၃၈၀နဲ့ ဆက်လက်ဈေးဖွင့်ခဲ့ပြီး နှမ်းမျိုးစုံတစ်နေ့အိတ် ၁၀၀ မှ ၂၅၀ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးအတက်အကျမရှိဘဲ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာကျပ် ၄၀၀ (တစ်တန်ကို ၂၄၄၉၅၆ကျပ်)နဲ့ တရုတ်ဝယ်လက်က ဈေးဖွင့်ဝယ်ယူခဲ့ပါတယ်။ ရေတိုက်စားမှုကြောင့် လမ်းများပျက်စီးခဲ့ပြီး ကားကြီးများသွားလာရန် ခက်ခဲမှုရှိတာကြောင့် အရောင်း အဝယ်အေးခဲ့ပြီး တစ်ပတ်အတွင်း ပိဿာချိန် ၂၂၁၀၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေးဆက်လက်ကျပြီး၊ ကုလားပဲဖြူလုံးကြီးဈေးတက်

ဒီတစ်ပတ်ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီဈေး ဆက်လက်ကျဆင်းခဲ့ပြီး ကုလားပဲဖြူလုံးကြီးဈေးတက်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်ကတစ်ပိဿာကျပ် ၂၀၇၀ ရှိခဲ့တဲ့ ပဲစင်းငုံနီက ဒီတစ်ပတ်မှာ ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်ပိဿာ ၂၀၀၅ ကျပ် (တစ်တန်ကို ၁၂၂၇၈၄၁ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို အိတ် ၁၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ ယခင်တစ်ပတ်မှာ တစ်ပိဿာ ၂၁၆၀ ကျပ်ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၈၅ ကျပ်(တစ်တန်ကို ၁၃၃၈၀၇၂ ကျပ်) ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး တစ်နေ့ကို အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်းသိရပြီး ကုလားပဲဟော်လန်က ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာကျပ် ၂၀၈၀ (တစ်တန် ကို ၁၂၇၃၇၇၁ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေး ဆက်လက်ကျဆင်း

ယခုတစ်ပတ် မကွေးဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ပဲတီစိမ်းဈေးဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီအနေနဲ့ ဇူလိုင်လနောက်ဆုံးပတ်မှာ တစ်ပိဿာ ၂၁၇၅ကျပ်၊ ဩဂုတ်ပထမပတ်မှာ ကျပ် ၂၀၆၀ နဲ့ ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၂၀၀၀ (တစ်တန်ကို ၁၂၂၄၇၈၀ ကျပ်)ဖြစ်ခဲ့တာကြောင့် ဈေးနှုန်းဆက်လက်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ တစ်နေ့ကို အိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲတီစိမ်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၂၆၅ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၁၆၀ (တစ်တန်ကို ၇၁၀၃၇၂ ကျပ်)ဖြစ်ခဲ့တာကြောင့် ယခင်တစ်ပတ်ထက် ဈေးနှုန်းကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်အနေနဲ့တစ်နေ့ကို အိတ် ၄၀၀ ခန့်ရှိကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကတော့ နှမ်းဖြူ တစ်ပိဿာ ၂၄၀၅ ကျပ်နဲ့ ယခင်တစ်ပတ်ဈေးအတိုင်း ဈေးဖွင့်ခဲ့ပြီး၊ နှမ်းနက်စမုံ ကတော့ ယခင်တစ်ပတ်ထက် ဈေးနိမ့်ပြီး တစ်ပိဿာကို ကျပ် ၃၅၁၀နဲ့ ဈေးဖွင့်ခဲ့ပါတယ်။ နှမ်းမျိုးစုံအနေနဲ့ တစ်ပတ်အတွင်း အိတ် ၂၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

×××××××××××××××××

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်ပြန်တက်ခဲ့သော်လည်း ပဲစင်းငုံနီဈေးဆက်လက်ကျဆင်း

ဒီတစ်ပတ် ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးအနည်းငယ်ပြန်တက်ခဲ့ပေမယ့် ပဲစင်းငုံဈေးကတော့ ဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ FAQ တစ်တန်ကို ၁၆၄၂၀၀၀ ကျပ်၊ SQ တစ်တန်ကို ၁၆၆၂၀၀၀ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာ FAQ တစ်တန်ကို ၁၆၅၁၀၀၀ကျပ်၊ SQ တစ်တန်ကို ၁၆၇၅၀၀၀ ကျပ်ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်ထက်ဈေးမြင့်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ဇူလိုင်နောက်ဆုံးပတ်မှာ FAQ တစ်တန်ကို ၁၃၁၃၀၀၀ ကျပ်၊ ဩဂုတ်လ ပထမပတ်မှာ ကျပ် ၁၃၀၀၀၀၀နဲ့ ယခုတစ်ပတ်မှာ ၁၂၁၅၀၀၀ ကျပ်ဖြစ်ခဲ့တာမို့ ဈေးနှုန်းဆက်လက်ကျဆင်းနေကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးပြန်တက်ခဲ့သော်လည်း ပဲတီစိမ်း ဈေးကျ

ဒီတစ်ပတ် မန္တလေးဈေးကွက်မှာ မတ်ပဲဈေးပြန်တက်ခဲ့ပြီး ပဲတီစိမ်းဈေးကတော့ ကျဆင်းခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်မှာ မတ်ပဲဈေးတစ်ပိဿာ ၂၄၇၀ ကျပ်သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကို ၂၇၅၀ ကျပ် (တစ်တန်ကို ၁၆၈၄၀၇၂ ကျပ်ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်ထက် ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ ပဲခွဲစက်တွေက အဝယ်ရှိပြီး တစ်နေ့ကို သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းအညာကတော့ ယခင်တစ်ပတ်မှာ တစ်ပိဿာ ၁၄၈၅ ကျပ်ဖြစ်ခဲ့ပြီး ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၁၃၆၉ ကျပ်(တစ်တန်ကို ၈၃၈၃၆၁ ကျပ်) သာ ရှိခဲ့တာမို့ ယခင်တစ်ပတ်ထက်ဈေးကျဆင်းခဲ့ပါတယ်။ အရောင်းအဝယ်အနေနဲ့ တစ်နေ့ကို သုံးတင်းအိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ တစ်ပိဿာကို ၂၀၆၅ ကျပ် (တစ်တန်ကို ၁၂၆၄၅၈၅ ကျပ်) နဲ့ဈေးဖွင့်အဝယ်ရှိခဲ့ပြီး တစ်နေ့ကို သုံးတင်းအိတ် ၃၀၀ မှ ၄၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲဈေး ပြန်တက်လာ၊ ငုံနီဈေးငြိမ်

ဒီတစ်ပတ် ပြည်ဈေးကွက်မှာ မတ်ပဲဈေးပြန်လည်ဈေးကောင်းလာခဲ့ပြီး ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဈေးငြိမ်နေကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ၂၄၂၅ကျပ်သာရှိခဲ့တဲ့ မတ်ပဲဈေးက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၂၆၀၀ (တစ်တန်ကို ၁၅၉၂၂၁၄ ကျပ်)ဖြင့် ဈေးဖွင့်လာခဲ့ကြောင်း သိရပါတယ်။ တစ်နေ့ကို မတ်ပဲ အိတ် ၂၀၀ မှ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်ဈေးနှုန်းအတိုင်း တစ်ပိဿာကိုကျပ် ၂၀၅၀ (တစ်တန်ကို ၁၂၅၅၃၉၉ ကျပ်) နဲ့ဈေးဖွင့်ခဲ့ပြီး ရက်ခြားမှသာ အိတ် ၂၀၀ မှ ၃၀၀ ကြား အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကတော့ တစ်ပိဿာ ၂၁၇၅ ကျပ်(တစ်တန် ၁၃၃၁၉၄၈ ကျပ်) နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကို အိတ် ၂၀၀ မှ ၃၀၀ ကြားသာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲတီစိမ်းဈေး ဆက်လက်ကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ ပဲတီစိမ်းဈေးဆက်လက်ကျဆင်းခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာကို ၁၃၄၂ ကျပ်ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၁၂၅၀ (တစ်တန်ကို ၇၆၅၄၈၇ ကျပ်) ဖြစ်ခဲ့တာမို့ ယခင်တစ်ပတ်ထက်ဈေးဆက်လက်ကျဆင်းခဲ့ပြီး တစ်နေ့ကိုအိတ် ၃၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ယခင်တစ်ပတ်ထက်ဈေးနိမ့်ပြီး တစ်ပိဿာ ၂၀၈၅ ကျပ်(တစ်တန်ကို ၁၂၇၆၈၃၃ ကျပ်)နဲ့ ဈေးဖွင့်ခဲ့ပြီး တစ်နေ့ကိုရက်ခြားအိတ် ၃၀၀ မှ ၁၀၀၀ ကြားအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# မြန်မာနိုင်ငံတွင် ဝက်ခြံပေါက်သူအမျိုးသမီးအများစုမှာ သမားရိုးကျ ဆေးမြီးတိုများဖြင့်သာ ကုသနေဟုဆို




မြန်မာနိုင်ငံတစ်ဝန်းရှိ ဝက်ခြံပေါက်သူအမျိုးသမီးအများစုမှာ အိမ်တွင်းကုထုံးများဖြစ်သည့် သံပုရာရည်၊ ထုံးရည်ကြည်၊ သွားတိုက်ဆေးအစရှိသည့် ဆေးမြီးတိုများဖြင့် ကုသလျက်ရှိကြောင်း Pond's ၏ လေ့လာတွေ့ရှိချက်များအရ သိရသည်။

Pond's အလှကုန်ပစ္စည်း ထုတ်လုပ်ရေးကုမ္ပဏီက ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နေထိုင်ကြသည့် အမျိုးသမီးပေါင်း ၇၀၀ ကျော်ကို လေ့လာ၍ စစ်တမ်းကောက်ယူခဲ့ရာ ၅၇ ရာခိုင်နှုန်းမှာ လက်ရှိတွင် ဝက်ခြံပြဿနာများနှင့် ရင်ဆိုင်နေရပြီး အနည်းဆုံးတစ်လလျှင် တစ်ကြိမ်ခန့် ဝက်ခြံဖြစ်သည့် အမျိုးသမီးဦးရေမှာ ၄၇ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။

ထို့ပြင် ဝက်ခြံဖြစ်ပွားသည့်အမျိုးသမီးများ၏ ၅၀ ရာခိုင်နှုန်းခန့်မှာ သံပုရာရည်၊ ထုံးရည်ကြည်၊ သွားတိုက်ဆေးအစရှိသည့် အိမ်တွင်းသုံးဆေးမြီးတိုများကိုသာ အသုံးပြုလျက်ရှိကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

အဆိုပါစစ်တမ်းများအရ Pond's ကဦးစီး၍ ဝက်ခြံဖြစ်ပွားမှုပြဿနာအတွက် ပထမဆုံးသော အရေပြားအထူးကု ဆရာဝန်များ၏စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက်က ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရှိ အရေပြားအထူးကုဆရာဝန်ကြီးများက ဝက်ခြံဖြစ်ရသည့် အဓိကအကြောင်းအရင်းများ၊ ကုသမှုဆိုင်ရာ လူသိနည်းသော အကြောင်းအရာများ၊ ယခုခေတ်တွင် ဝက်ခြံဖြစ်နှုန်းမြင့်မားလာမှုနှင့် ဖြေရှင်းပေးနိုင်သော ကုသမှုနည်းလမ်းအသစ်များ အစရှိသည့်များစွာသောခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဝက်ခြံဖြစ်ပွားစေသည့်အဓိကအကြောင်းအရင်းမှာ ပြင်းထန်သော ရာသီဥတုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး အထူးသဖြင့် မြို့ပြရိုကားများမှတစ်ဆင့် ဖြစ်ပေါ်လာသည့်ညစ်ညမ်းမှုများ၊ နေ့စဉ်နေထိုင်စားသောက်မှု ပုံစံများ၊ စိတ်ဖိစီးမှုများစသည့်လူနေမှုပုံစံ၊ ဖုန်နှင့်ပတ်ဝန်းကျင်လေထုထဲရှိ ညစ်ညမ်းမှုများပင်ဖြစ်ကြောင်း သိရသည်။မြန်မာပြည်သူများအနေဖြင့် ဝက်ခြံဖြစ်ပွားမှုကို ကုသသည့်နည်းလမ်းများနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးလျက်ရှိသည်ဟုဆိုသည်။

ဝက်ခြံပြဿနာနှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးသူ ဒေါက်တာစိုးဝင်းဦးက အရှိန်အဟုန်နှင့် တိုးတက်လာသည့် မြန်မာနိုင်ငံတွင် စိတ်ဖိစီးမှုများ၊ လေထုညစ်ညမ်းမှုများနှင့် မြို့ပြလူနေမှုစနစ်များသည် ဝက်ခြံဖြစ်ပွားရန်အဓိကတွန်းအားပေးသည့် အရာများပင်ဖြစ်ကြောင်း၊ ဝက်ခြံသည် အသားအရေအတွင်းပိုင်းသာမက အပြင်ပိုင်းဆိုင်ရာပြဿနာတစ်ခုလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မယ်သီတာ**

# Myanmar FoodBev and Myanmar Retail Expo တွင် အရှေ့တောင်အာရှနိုင်ငံများမှ ကုမ္ပဏီများ အများအပြား လာရောက်ပြသမည်

တတိယအကြိမ်မြောက် Myanmar FoodBev ကို နိုင်ငံတကာမှ ကုန်ပစ္စည်းဖြန့်ချိသူများနှင့် ပြည်တွင်းမှ စူပါမားကက်များ၊ ဟိုက်ပါမားကက်များ၊ လက်လီရောင်းချသူများနှင့် သွင်းကုန်လုပ်ငန်း လုပ်ကိုင်သူများသာမက ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်လုပ်ငန်းလုပ်ကိုင်နေသည့် နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ တိုက်ရိုက်ထိတွေ့ပြီး အဆက်အသွယ် ကောင်းများရရှိစေရန်ရည်ရွယ်၍ကျင်းပခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါပြပွဲနှင့်ပူးတွဲ၍ ကျင်းပမည့် မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းများအား လက်လီဖြန့်ချိသူများအတွက် ရည်ရွယ်သည့် ပထမဆုံး Myanmar Retail Expo 2016 ပြပွဲကိုပါ ထည့် သွင်းပြသသွားမည်ဖြစ်သည်။

ယင်း Myanmar Retail Expo 2016 ပြပွဲသည် ကုန်ပစ္စည်းထုတ်လုပ်သူများနှင့် လက်လီစီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဆိုင်ခန်းအပြင်အဆင်၊ အတွင်း ပိုင်းပြင်ဆင်မှု၊ ကုန်ပစ္စည်းများ ခင်းကျင်းထားမှု၊ လိုအပ်သည့်စက်ကိရိယာများနှင့်စနစ်များ၊ အိုင်တီနည်းပညာရပ်များအား တစ်နေရာတည်းတွင် တွေ့မြင်နိုင်မည့်ပြပွဲတစ်ပွဲဖြစ်သည်။

ယင်းပြပွဲများကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကုန်သည်လုပ်ငန်းရှင်များ၊ ထိုင်း၊ မလေးရှားနှင့်စင်ကာပူနိုင်ငံတို့မှ ကုန်အမှတ်တံဆိပ်နှင့် ကုမ္ပဏီပေါင်း ၈၀ ကျော်တို့ လာရောက်ပြသကြမည်ဖြစ်သည်။

ယင်းပြပွဲတွင် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ နေ့လယ်စာအချက်အပြုတ် ပြိုင်ပွဲ၊ Myanmar Bartenders Association ၏ Cocktail ပြပွဲနှင့် Barista Association of Myanmar က ဦးဆောင်ကျင်းပမည့် The Art of Expresso အစီအစဉ်ကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့ပြင် အဆိုပါပြပွဲတွင် "မြန်မာနိုင်ငံတွင် အလယ်အလတ်တန်းစား လူဦးရေတိုးမြင့်လာခြင်းကြောင့် အနာဂတ်စီးပွားရေးတိုးတက်ပြောင်းလဲမှု"ဟူသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသည် စီးပွားရေးလုပ်ငန်းရှင်များ၊ လက်လီရောင်းချသူများ၊ လက်ကားရောင်းချသူများ၊ စူပါမားကက်များ၊ ကုန်စုံဆိုင်များ၊ ဟိုတယ်နှင့်စားသောက်ဆိုင်များ၊ ကုန်ပစ္စည်းဖြန့်ချိသူများ၊ နည်းပညာ ပံ့ပိုးပေးသူများ၊ စျေးဝယ်စင်တာများနှင့် လက်ရှိ ပြောင်းလဲနေသည့် စျေး ကွက်လိုအပ်ချက်နှင့် အဆက်အသွယ်ကောင်းများ ရရှိလိုသည့် မည်သူမဆို လာရောက်လေ့လာသင့်သည့် ပြပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# ပြည်ခရိုင် ကြံနှင့် သကြားစိုက်ပျိုး ထုတ်လုပ်သူများ အသင်းဖွဲ့စည်း

ပြည်ခရိုင် ကြံနှင့် သကြား စိုက်ပျိုးထုတ်လုပ်သူများ အသင်းကို ဩဂုတ်လ ၈ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်မြို့၌ အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

အသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်မှာ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ကျင့်သုံး နိုင်အောင်ဆောင်ရွက်ရန်၊ စက်ကိရိယာများကို စုပေါင်းဝယ်ယူအသုံးပြုနိုင်ရန်၊ မှန်ကန်သော အရည်အသွေးရှိသည့် သွင်းအားစုများကို စုပေါင်းဝယ်ယူသုံးစွဲနိုင်ရန်၊ ငွေကြေးအရင်းအနှီးများ ရရှိအောင် စုပေါင်း ဆောင်ရွက်နိုင်ရန်နှင့် ကြံနှင့် သကြား စိုက်ပျိုးထုတ်လုပ်သူများ အကျိုးအမြတ်များ ပိုမိုရရှိစေရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။

အသင်းဖွဲ့စည်းခြင်းအခမ်းအနားသို့ မြန်မာနိုင်ငံ သကြားနှင့် ကြံလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးစံသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးနိုင်ဦး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်လွင်၊ ခရိုင်ဦးစီးမှူး ၊ မြို့နယ်ဦးစီးမှူးများ ၊ သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိသူများ ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော် များ၊ ကြံနှင့်သကြား စိုက်ပျိုးထုတ်လုပ်သူများ စုစုပေါင်း ၁၇၁ ဦးတက်ရောက်ခဲ့ကြောင်း သိရပါသည်။

အသင်းဖွဲ့စည်းရာတွင် အသင်းဥက္ကဋ္ဌအဖြစ် ဦးလှထွန်း ( တောင်ကံကလေး-ပေါက်ခေါင်း) ၊ အတွင်းရေးမှူးအဖြစ် ဦးဇော်ဝင်း (ကံကျိုး-ပြည် )၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးနေအောင် (ပြန်ချီတက်-ပေါင်းတည် ) ၊ စာရင်းစစ်အဖြစ် ဦးအောင်ဝင်း (နတ်တလင်းအုပ်စု-ပေါက်ခေါင်း) တို့ကို အသင်းသူ အသင်းသားများက မဲစနစ်ဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရှိရပါသည်။

**ထွန်းမင်းထွန်း (ပြည်)**

# ခရီးသွားလာမှုကောင်းမွန်သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းသည် ပြည်တွင်းခရီးသွားလာမှုအပေါ် သက်ရောက်မှုများရှိနိုင်

ခရီးသွားလာမှုကောင်းမွန်သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း Jovago ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မိုးရာသီအတွင်း မိုးကြီးခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းများသည် မြန်မာနိုင်ငံအပါအဝင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံအချို့တွင်ပင် နှစ်စဉ် ကြုံတွေ့နေရသည့်ဖြစ်စဉ်တစ်ခုဖြစ်သော်လည်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းကြောင့် ပြည်တွင်းခရီးသွားလာမှု လျော့နည်းခြင်းကို ဖြစ်ပေါ်စေလျက်ရှိကြောင်း Jovago ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် လည်ပတ်ဖွယ်ကောင်းသည့် မန္တလေးတိုင်းဒေသကြီး အပါအဝင် အခြားသောမြန်မာနိုင်ငံအလယ်ပိုင်းဒေသအချို့နှင့်အခြားသော ကမ်းရိုးတန်းဒေသများတွင် ဩဂုတ်လဆန်းမှစတင်ကာ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေခြင်းကြောင့် ခရီးသွားများအတွက် ခရီးသွားလိုစိတ်အပေါ် အနည်းနှင့်အများ သက်ရောက်မှုရှိနေသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင် မေလဆန်းမှ စက်တင်ဘာလကုန်ပိုင်းထိ မိုးရာသီကာလဖြစ်ပြီး ယင်းရာသီအတွင်း ခရီးသွားလာမှုမှာ နည်းပါးလေ့ရှိကြောင်း ခရီးသွားလုပ်ငန်းအများစုက သတ်မှတ်ထားသည်။ သို့သော် ယခုကဲ့သို့ မိုးရာသီအတွင်းတွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတစ်ခုဖြစ်သည့် မန္တလေးတိုင်းဒေသကြီးကဲ့သို့သော ဒေသများတွင် မြန်မာနိုင်ငံ၏ ရိုးရာပွဲတော်များဖြစ်သည့် တောင်ပြုံးပွဲ၊ ရတနာ့ဂူပွဲအစရှိသည့်ပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော်လည်း မိုးများမှု၊ ရေကြီးမှုများကြောင့် တကူးတကသွားရောက်လည်ပတ်မည့် ရပ်ဝေးမှခရီးသွားများအနေဖြင့် တွန့်ဆုတ်မှုများရှိနေကြပြီး တချို့မှာခရီးစဉ်ပြောင်းလဲကာ ပုဂံ၊ ပုပ္ပားကဲ့သို့သောဒေသများသို့ ခရီးစဉ်ပြောင်းလဲကာ သွားရောက်နေကြကြောင်း Jovago တွင် ကြိုတင်စာရင်း ပေးသွင်းထားသည့် အချက်အလက်များအရ သိရသည်ဟု ဆိုသည်။

"Jovago အနေနဲ့ခရီးသွားတွေ သွားလာရတာ အဆင်ပြေဖို့အတွက်သာ ဦးတည်ထားတဲ့အတွက် ကျွန်တော်တို့ဆီမှာ ဘွတ်ကင်တင်ထားပေမယ့် ခရီးစဉ်နှောင့်နှေးတာ၊ ပျက်ပြယ်တာမျိုးရှိခဲ့ရင်တောင် အားလုံးအတွက် ဘွတ်ကင်ကို အခမဲ့ ပယ်ဖျက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်ယုံကြည်စိတ်ချစွာနဲ့ jovago မှာ ဘွတ်ကင်တင်ရင်းခရီးသွားဖို့အတွက် တိုက်တွန်းလိုပါတယ်"ဟု Jovago မှ Managing Director ဖြစ်သူ Hugo Schleicher က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံ၏ အထူးထင်ရှားသော ပုဂံဒေသသို့ ဧည့်သည်ဝင်ရောက်မှုသည် ဦးရေ နှစ်သိန်းခွဲဝန်းကျင်၊ မန္တလေးမြို့သို့ ခရီးသွားဝင်ရောက်မှုသည် သုံးသိန်းကျော်ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီမှ ဇွန်လအထိ ခြောက်လတာအတွင်း နိုင်ငံခြားသား ခရီးသွား ၂ ဒသမ ၁ သန်းကျော်ရှိခဲ့ကြောင်း သိရသည်။

**မယ်သီတာ**

## မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဩဂုတ်ပထမပတ်တွင် ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများနဲ့ ကုန်သွယ်ရေးဇုန်များမှ ဩဂုတ်လ ပထမပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၄၇ သန်း တန်ဖိုးရှိ ရေထွက်ပစ္စည်းမျိုးစုံ တန်ချိန် ၂၄၅၀ ခန့်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ဇူလိုင်နောက်ဆုံးပတ် အတွင်း တန်ချိန် ၂၄၀၂ တန်သာ တင်ပို့ ခဲ့တဲ့ အတွက် ယခုတစ် ပတ်မှာ ၄၈ တန် ခန့် ပိုမိုတင်ပို့နိုင်တယ်လို့ ကုန်သွယ်ရေး စခန်းများမှ သိရပါတယ်။

ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေး စခန်းအလိုက် တင်ပို့မှုအခြေအနေကို ကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၄ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ငါးရှဉ့် ပုစွန်စုစုပေါင်း တန်ချိန်၈၅ တန်ခန့် ကိုလည်းကောင်း၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၁၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ကဏန်းနဲ့ အခြား ရေထွက်ပစ္စည်းတို့ကို စုစုပေါင်း တန်ချိန် ၇၉၉ တန်ခန့်နဲ့ မြိတ်ကုန်သွယ်ရေး စခန်း မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၀၇ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ အေးခဲပုစွန်၊ အေးခဲကဏန်းပျော့၊ ရေခဲပုစွန်၊ ပုစွန်ခြောက်၊ ငါး ခြောက်၊ ငါးအသားလွှာ၊ ကဏန်းသေး (အသေ) ကင်းမွန်တို့ကို စုစုပေါင်း တန်ချိန် ၁၅၆၆ ခန့်အသီးသီး တင်ပို့ နိုင်ခဲ့တယ်လို့ သိရပါတယ်။

**ခင်မိုးသူ**

■

## စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုငါး တန် ၇၀ တင်ပို့

မြန်မာဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ ဩဂုတ်ပထမ ပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၇၃ သန်းတန်ဖိုးရှိ ရေချိုငါးတန် ၇၀ ခန့်ကို တင်ပို့ခဲ့ပါတယ်။ ဇူလိုင်နောက်ဆုံးပတ်မှာ ရေချိုငါးကို တင်ပို့နိုင်ခြင်းမရှိဘဲ ယခုတစ်ပတ်မှသာ ပြန်လည်တင်ပို့ခဲ့တာဖြစ်ပါတယ်။ စစ်တွေကုန်သွယ်ရေးစခန်းမှ ပြီးခဲ့တဲ့ဇူလိုင်တစ်လလုံး တင်ပို့မှုအခြေအနေကိုကြည့်ပါက အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇၄ သန်း တန်ဖိုးရှိရေချိုငါး ၁၆၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခု ဩဂုတ်လဆန်းပိုင်းမှာ ရေချိုငါးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိမန်ကျည်းစေ့ တန် ၄၀ နဲ့ အမေရိကန် ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိ ဆီးယိုထုပ် ၂၅ တန်ကိုပါ တင်ပို့ခဲ့တယ်လို့ စစ်တွေကုန်သွယ်ရေးစခန်းမှ သိရပါတယ်။ **ခင်မိုးသူ**

## ပြည်ပဈေးကွက်ဝင် ငါးရှဉ့် ယခုရက်ပိုင်း အရောင်းအဝယ်အေး

ဧရာဝတီတိုင်း ဒေသကြီး၏ ထွက်ကုန်များတွင် ပြည်ပ ဈေးကွက်ဝင် ငါးရှဉ့်များကို နှစ်ပတ်လည် တင်ပို့ ရောင်းချလျက် ရှိသော်လည်း ပွင့်လင်းရာသီထက် ယခုလိုမိုးတွင်းတွင် ငါးရှဉ့်များ ပိုမိုဝင်ရောက်လျက် ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

ဇွန်လမှ နိုဝင်ဘာလအထိ ဈေးကွက်မှာ တင်ပို့မှုများ၍ ဒီဇင်ဘာလ နောက်ပိုင်း ငါးရှဉ့်အဝင် နည်းသွားကြောင်း၊ ပုသိမ်ဈေးကွက်မှ တင်ပို့သော ငါးရှဉ့်များမှာ ပါးနီ၊ ပါးမွဲ နှစ်မျိုးသာ Export ဈေးကွက်တင်ပို့လျက်ရှိကြောင်း၊ ကျန်းမာရေးအတွက် သွေးအားကောင်းပြီး ဆေးဖက်ဝင် အစားအစာအဖြစ် ပြည်ပနိုင်ငံများတွင် လူကြိုက်များမှု ရှိကြောင်း၊ ပြည်တွင်းတွင် ပြည်တွင်းစားသုံးမှုနှင့် ဟိုတယ်စာအဖြစ် စားသုံးလျက် ရှိကြောင်း သိရပါတယ်။

ပုသိမ်ဈေးကွက်သို့ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်တို့ရှိ ကျေးရွာများမှ အဝယ်ဒိုင်သို့ အဓိကလာရောက် ရောင်းချလျက်ရှိပြီး အကောင်အကြီး၊ အသေးပေါ် မူတည်၍ တစ်ပိဿာလျှင် ၃၀၀၀ကျပ်၊ ၄၀၀၀ ကျပ်၊ ၅၀၀၀ ကျပ် ဈေးဖြင့် ဝယ်ယူပြီး ငါးရှဉ့်များကို ရေ နှစ်ထပ်၊ သုံးထပ် လဲလှယ်၍ ငါးရှဉ့် အသေများကို ဖယ်ပြီး ဖော့ပုံးများတွင် ၂၅ပိဿာခန့် ထည့်သွင်း၍ ရန်ကုန်မြို့ ရှိ စံပြဈေး၊ လှိုင်သာယာ၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်း ငါးရှဉ့် အဝယ်ဒိုင်ကြီးများသို့ တင်ပို့ ရောင်းချလျက် ရန်ကုန်-မူဆယ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချလျက် ရှိကြောင်း၊ ပုသိမ် မြို့ရှိ ငါးရှဉ့် လုပ်ငန်းရှင် ဦးစိုးနိုင်က ပြောပါတယ်။

ငါးရှဉ့်မျိုးများ ထိန်းသိမ်းရန် ငါးလုပ်ငန်း ဦးစီးဌာနမှ အရွယ်အစား သတ်မှတ်ထားပြီး ငါး စင်တီမီတာလုံးပတ် အထက်သာ ဖမ်းဆီးတင်ပို့ ရောင်းချလျက်ရှိကြောင်း၊ တရုတ် နှစ်သစ်ကူးချိန်မှာ အရောင်းအဝယ်သွက်လျက် ယခုလို ရှစ်လပိုင်း တရုတ်နိုင်ငံ ဘုရားရှိခိုး ဆုတောင်းပွဲမှာ အရောင်းအဝယ် သွက်နိုင်သော်လည်း ရန်ကုန်- မူဆယ် ကားလမ်း သွားလာနိုင်မှု အခက်အခဲပေါ် မူတည်၍ အရောင်းအဝယ်သွက်မှုနှင့် အရောင်း အဝယ်အေးမှုဖြစ်နိုင်ကြောင်း ၎င်းက ဆက်လက် ပြောကြားပါတယ်။

**မင်းမင်းဦး**

■

## ဇူလိုင်လအတွင်း မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် တင်ပို့မှု လျော့ကျ

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ဇူလိုင်လအတွင်း အမေရိကန် ဒေါ်လာ သုညဒသမ ၄၆၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်၊ ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်၊ ကင်းမွန်တို့ကို ၂၈၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံး ကာလဖြစ်တဲ့ ဇွန်လက ရေထွက်ကုန် ပစ္စည်းတန်ချိန် ၃၇၉ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ၉၅ တန် ကျော် လျော့နည်းတင်ပို့နိုင်ပြီး ကာလတူဖြစ်တဲ့ ယခင်နှစ်ဇူလိုင်လထက်ပါ တစ်တန်ကျော်ခန့် လျော့ကျတင်ပို့ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ရေထွက်ကုန်လျော့ကျရခြင်းမှာ ငါးမျိုးစုံ၊ ကဏန်းနဲ့ ရေထွက်ကုန်ပစ္စည်းများ လျော့နည်းတင်ပို့ခဲ့ပြီး ကာလတူထက် ကဏန်းတင်ပို့မှု လျော့ကျခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။

မြဝတီ ကုန်သွယ်ရေးဇုန်သည် သွင်းကုန်အဓိကထားတင်သွင်းသော စခန်းဖြစ်ပြီး ပို့ကုန်တင်ပို့မှု နည်းပါးခြင်းတို့ကြောင့် ပဲမျိုးစုံများ၊ ရေထွက်ကုန်ပစ္စည်းများ၊ ဒေသ ထွက်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ OSS အဖွဲ့ဝင် ဌာနများ၊ ဆက်စပ်ဌာနများ၊ ကုန်သည် လုပ်ငန်းရှင်များနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး ကုန်သွယ်မှု တိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိတယ်လို့ ကုန်သွယ်ရေးဇုန်မှ သတင်းရရှိပါတယ်။ **ခင်မိုးသူ**

## မိုရေး-တမူးနယ်စပ်မှ ITCကတ်ဖြင့် ဆိုင်ကယ်တင်သွင်း

နယ်စပ်ဒေသများရှိ အသေးစားလုပ်ငန်းရှင်များ တရားဝင်ကုန်သွယ်မှုဆောင်ရွက်လာစေရေးကြိုးပမ်းရာတွင် ပြည်တွင်းဝယ်လိုအားရှိသည့် ဆိုင်ကယ် တင်သွင်းမှုနှင့် ပတ်သက်၍ တစ်ဖက်နိုင်ငံမှ တရားမဝင်သယ်ယူမှုများရှိနေသဖြင့် တရားဝင်လမ်းကြောင်းမှ ဆောင်ရွက်လာစေရေးအတွက် ITC ကတ် မှတ်ပုံတင်ထားသူ တစ်ဦး တစ်ရက်လျှင် ဆိုင်ကယ်တစ်စီးတင်သွင်းခွင့်ပြုရန် တစ်ဦးကို တစ်ပတ်လျှင် ဆိုင်ကယ် စီးရေ ငါးစီးအထိ တစ်ကြိမ်တည်း စုဆောင်းတင်သွင်းလိုပါကလည်း ဆောင်ရွက်ခွင့်ပြုရန် ဖြေလျော့ခွင့်ပြုပေးထားပါတယ်။

တမူးမြို့မှ ITC-T0001 ကိုင်ဆောင်သူ ဦးသက်တင်သည် အိန္ဒိယနိုင်ငံထုတ် 2016 Model ဆိုင်ကယ် FZ/FZ-S သုံးစီး၊ 2016 Model ဆိုင်ကယ် Ray-Z နှစ်စီး၊ စုစုပေါင်း ငါးစီးကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ITC လိုင်စင်နဲ့ တင်သွင်းခဲ့ပြီး OSS အကောက် ခွန်မှလည်း ID ထုတ်ပေး၍ အမှန်တင်သွင်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် တမူးကုန်သွယ်ရေးစခန်းမှ ITC ကတ်နဲ့ ဆိုင်ကယ်တင်သွင်းမှု စတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါတယ်။ **တမူးကုန်သွယ်ရေးစခန်း**

## စင်ကာပူနိုင်ငံသို့ ကော်ဖီမှုန့်ကုန်ကြမ်း ခုနစ်တန်ကျော် တင်ပို့

မြန်မာနိုင်ငံတွင် ကော်ဖီပင်၊ လက်ဖက်ပင်များအား အအေးပိုင်းဒေသဖြစ်သည့် ရှမ်းပြည်နယ် မြောက် ပိုင်း ကျောက်မဲနဲ့ ပြင်ဦးလွင်မြို့တို့တွင် အများဆုံး စိုက်ပျိုးဖြစ်ထွန်းပြီး၊ ယခင် က ပြင်ဦးလွင် ခြံသော့ကော်ဖီမှုန့်သည် အရောအနှော မပါသဖြင့် (Pure Coffee) ဟု နာမည်ရခဲ့ပါသည်။

ယခုအခါ နည်းပညာများ ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ စားသုံးကုန်များသည် ရောင်းလိုအား မြှင့်တင်သကဲ့သို့ ဝယ်လိုအားလည်း အရှိန်မြင့်လာခဲ့ပါသည်။

ယခင်က ပို့ကုန်တင်ပို့ရာတွင် ကော်ဖီစေ့သာ တင်ပို့နိုင်ခဲ့ပြီး ယခုအခါ Coffee Mix အသင့်ပြုလုပ်နိုင်သော Raw For Instant Coffee Powder အား ပြည်ပနိုင်ငံများမှ ဈေးကွက် ဝယ်လိုအား ရှိသဖြင့် စင်ကာပူနိုင်ငံသို့ Myanmar G R Co., Ltd. မှ Raw For Instant Coffee Mix Powder ၇ဒသမ ၃၆ တန်ကို တင်ပို့သွားမှာ ဖြစ်ပါတယ်။ အလားတူ လက်ဖက်ခြောက်ကိုလည်း Value Added ပြုလုပ်၍ Instant Coffee Powder ကဲ့သို့ တင်ပို့နိုင်ပါက အကျိုးအမြတ်များစွာ ရရှိနိုင်ကြောင်း သတင်းရရှိပါတယ်။

**အိလေးမွန် (DOT-Export)**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ဇူလိုင် ကုန်သွယ်မှုပမာဏ လျာထားချက်ထက် ကျော်လွန်ဆောင်ရွက်

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ဇူလိုင်လအတွင်း ပို့ကုန် အမေရိကန်ဒေါ်လာ ၂၉၇ ဒသမ ၃၉၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၈၈၀ သန်း ရှိခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၄၅၇ ဒသမ ၂၇၇ သန်းဆောင်ရွက်နိုင်ခဲ့ပြီး ဇူလိုင် လ၏ကုန်သွယ်မှုပမာဏလျာထားချက် အမေရိကန်ဒေါ်လာ သန်း ၄၅၀ ဖြစ်ပြီး ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၄၅၇ ဒသမ ၂၇၇ သန်းဖြစ်သဖြင့် လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုမှာ ၁၀၁ ဒသမ ၆၂ ရာခိုင်နှုန်း ဖြစ်ပါသည်။

အနီးစပ်ဆုံး ဇွန်လနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၄၉ ဒသမ ၅၃၇ သန်းပိုမိုခဲ့ပြီး သွင်းကုန် တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၉၉၄ သန်း လျော့နည်းခဲ့ကြောင်း တွေ့ရပါသည်။ ပို့ကုန်တင်ပို့မှုအနေဖြင့် ရေထွက်၊ သတ္တုတွင်းထွက်နှင့် စက်မှုကုန်ချော ပစ္စည်းအုပ်စုတို့ကို အနီးစပ်ဆုံးကာလထက် ပိုမိုတင်ပို့နိုင်ခဲ့ပါသည်။

ဇူလိုင်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကြီးမှူးကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲမှ ရောင်းချသည့်ကျောက်စိမ်း(အရိုင်း) များ တင်ပို့ခြင်းနှင့်အတူ ငါးရှဉ့်၊ ငါးမျိုးစုံ၊ စကျင် ကျောက်တုံး၊ သဘာဝ ဓါတ်ငွေ့နှင့် ကုက္ကိုသားပန်းပုရုပ် စသည်တို့ တစ်ဖက်နိုင်ငံသို့ တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် အနီး စပ်ဆုံးကာလထက် ပို့ကုန်ပိုမိုရခြင်းဖြစ်ကြောင်း သိရပါသည်။

သွင်းကုန်တင်သွင်းမှုတွင် ရင်းနှီးမြှုပ်နှံမှုအုပ်စုမှ မော်တော်ယာဉ် အပိုပစ္စည်းများ တင်သွင်းမှုပိုမိုသော်လည်း မိုးရာသီဖြစ်သည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းများ ခေတ္တရပ်နားထားသည့် ကာလဖြစ်၍ဆောက်လုပ်ရေးသုံးပစ္စည်း တင်သွင်းမှုလျော့နည်းခဲ့ခြင်း၊ ယခုဘဏ္ဍာနှစ် ဇူလိုင် ၁၅ ရက်နေ့မှစ၍ ဒေါ်လာဈေး၊ တရုတ်ငွေဈေး တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး လုပ်ငန်းရှင်များအနေဖြင့် ငွေဈေးအတက်အကျ စောင့်ကြည့်လျက်လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရပါသည်။

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ပို့ကုန်တင်ပို့မှုများ ယခုထက် ပိုမိုတိုးတက် တင်ပို့နိုင်ရေး၊ ပို့ကုန်အမယ်သစ်များ တိုးတက်တင်ပို့နိုင်ရေး၊ ဆန်၊ ပြောင်း၊ ရော်ဘာ၊ ပဲမျိုးစုံ၊ ရေထွက်တင်ပို့မှုများတိုးတက်တင်ပို့နိုင်ရေးနှင့် တရားမဝင် သယ်ဆောင်မှုများ မရှိစေရေးတို့ကို သက်ဆိုင်ရာဌာနများနှင့် စိစစ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါသည်။

**မော်မော်အောင်**

# ရှောင်ကြဉ်ဖွယ်ရာ ဓာတုပစ္စည်းပါ အစားအစာ



ဒေါက်တာလပြည့်ခင်

ဓာတုကုန်ကြမ်းမှ ထုတ်လုပ်ထားသော ဓာတုအရောင်ဆိုးဆေး (Synthetic Color)များတွင် အစားအသောက်အတွက် ခွင့်ပြုသည့် ဆိုးဆေး (Permitted Color in Food)နှင့် ခွင့်မပြုသည့် ဆိုးဆေး(Non-permitted Color in Food ) တစ်နည်းအားဖြင့် စက်မှုလုပ်ငန်းသုံးဆိုးဆေး (Industrial Dyes)ဟု နှစ်မျိုး ရှိပါသည်။

မြန်မာနိုင်ငံတွင် အစားအစာအတွက် ခွင့်ပြုထားသည့် ဆိုးဆေးအမျိုး ၂၀ခန့်ရှိပြီး ၎င်း ဆိုးဆေးများ၏ အမည်မှာ Allura Red AC-INS 129၊ Amaramh-INS 123၊ Red 2G-INS 128၊ Citrus Red 2-INS 121၊ Quinoline Yellow WS-INS 104၊ Azorubine-INS122၊ Sunset Yellow FCF-INS 110၊ Tartazine-INS 102၊ Yellow 2G-INS 107၊ Brilliant Blue FCF-INS 133၊ Indigotine-INS 132၊ Patent Blue V-INS 131၊ Fast Green FCF-INS 143၊ Green S-INS 142၊ Chocolate Brown HT-INS 155၊ Brown FK-INS 154၊ Brilliant Black BN-INs 151၊ Eryhrosine-INS 127၊ Ponceau 4 R-INS 124၊ Ponceau SX-INS 125 တို့ဖြစ်ပြီး ထိုဆိုးဆေးများမှာ ဈေးကြီးပြီး ရှားပါးသဖြင့် ဈေးပေါပြီး အလွယ်တကူ ရရှိနိုင်သော ခွင့်မပြု ဆိုးဆေးများဖြစ်သည့် အခြားစက်မှုလုပ်ငန်းသုံး ဆိုးဆေးများကို အသုံးပြုကာ အစားအစာများကို ထုတ်လုပ်ရောင်းချနေကြပါသည်။ ထိုကဲ့သို့ အစာဆိုးဆေး အမျိုးမျိုးကို ရောနှောပြီး လိုချင်သည့် အရောင်ရရှိအောင် ဆေးဆိုးထားသည့် အစာများကို မြင်နေကြဖြစ်သောအခါတွင် မိမိတို့ ပြည်သူပြည်သားများ သည် ဆိုးဆေးမပါလျှင် မလတ်ဆတ်၊ အရည်အသွေး မပြည့်မီ၊ ချွတ်ယွင်းချက် အပြစ်အနာအဆာ ရှိနေသည်ဟု ထင်မှတ်မှားလာကြပါသည်။

ဥပမာအားဖြင့် ဝက်အူချောင်း၊ ကြက်အူချောင်းတို့ကို ယမ်းစိမ်း (Sodium Nitrate) ဖြင့် နီအောင်လုပ်ခြင်း၊ လက်ဖက် (Pickled Tea leave)ကို ချည်ထည်ဆိုးဆေး အိုရာမင်အို (Ora -mine O)ဖြင့် စိမ်းဝါဝါအရောင်ဖြစ်စေခြင်း၊ ပုစွန်ကို ဆပ်ပြာရည် (Detergent Liquid)ဖျော်၍ စိမ်ခြင်း၊ မဲနယ်ဆိုးခြင်း၊ လိမ္မော်သီး အခွံပေါ်တွင် အညိုကွက်ဖြစ်ပေါ်နေပါက Citrus Red No.2 ကို ဖြန်းပေးပြီး ဈေးကွက်သို့ပို့ခြင်း၊ ငှက်ပျောသီး၊ သရက်သီး၊ ထောပတ်သီးအစရှိသော သစ်သီးများကို အမှည့်ပုံစံဖြစ်နေစေရန် အက်သလင်းဓာတ်ငွေ့(Ethylene Gas)ဖျန်း၍ ဈေးကွက်သို့ပို့ခြင်း၊ မျှစ် (Bamboo shoot)၊ နနွင်းမှုန့် (Turmeric Powder)၊ အရောင်တင်မှုန့် (Chili Color Powder)နှင့် ငရုတ်သီးမှုန့် (Chilli Powder)၊ သစ်သီးများ (Preserved Fruits)၊ ခရမ်းချဉ်သီးဆော့စ် (Sauce)၊ ငါးအသားပြားလွှာ (Fish Paste) နှင့် ပုစွန် အသားပြားလွှာ (Shrimp Paste)တို့တွင် Rhodamine B (Red Color) ချည်ထည်အရောင် ဆိုးဆေးများ ထည့်သွင်းရောင်းချခြင်း၊ လက်ဖက်ခြောက် (Black Tea)၊ ခရမ်းချဉ်သီးဆော့စ် (Sauce)တို့တွင် Orange II (Orange Color) တို့ကိုထည့်သွင်း၍ အရောင်လှလှ ကြိုက်သော စားသုံးသူများအတွက် ပြုလုပ်ရောင်းချပေးလျက် ရှိပါသည်။ ထိုကဲ့သို့ အစားအစာများတွင် ထည့်သွင်း အသုံးပြုနေသော ချည်ထည်ဆိုးဆေး (Textile Dye)များမှာ လူတို့၏ကျန်းမာရေးကို အကြီးအကျယ် ထိခိုက်စေကာ ကင်ဆာဖြစ်သည်အထိ ဆိုးရွားစွာ အန္တရာယ်ပေးနိုင်ပါသည်။

ဓာတုကုန်ကြမ်းမှ ထုတ်လုပ်ထားသော ဓာတုအရောင် (Synthetic Color) ဆိုးဆေးအများစုမှာ မီးသွေး-ကတ္တရာ (Coal, Tar) မှ ဓာတုနည်းလမ်း (Chemical Technique) ဖြင့် ထုတ်လုပ်ထားခြင်း ဖြစ်ပြီး အစားအသောက်တွင် သာမက သုတ်ဆေး၊ ဆေးဝါး၊ အလှကုန်၊ မင်အမျိုးမျိုး၊ ချည်မျှင်၊ အထည်အလိပ် အစရှိသည့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးနှင့် လယ်ယာစိုက်ပျိုးရေးသုံး ကုန်ပစ္စည်းများဖြစ်သည့် ပိုးသတ် ဆေးနှင့် မြေဩဇာတို့တွင်လည်း ထည့်သွင်းသုံးစွဲကြပါသည်။ အစာဆိုးဆေးတွင် ရေ၌ပျော်ဝင်သော ဆိုးဆေးကို Dye ဟုခေါ်ပြီး မုန့်ဖုတ်ပြီး ထုတ်လုပ်သည့် အစားအစာ၊ ဖျော်ရည်အမျိုးမျိုး၊ နို့ထွက်ပစ္စည်း အမျိုးမျိုးတို့တွင် အသုံးပြုကြပါသည်။ ရေတွင်မပျော်ဝင်သော ဆိုးဆေးကို Lake ဟုခေါ်ပြီး Dye ထက် စွဲမြဲအား ပိုမိုကောင်းမွန်ကာ စားသုံးဆီနှင့် ရေမပါသော အဆီအမျိုးမျိုးတွင် သုံးသည့်အပြင် ရေမပါဝင်ဘဲ စိုထိုင်းမှုကင်းသည့် ကိတ်၊ ဆေးဝါးအကာသား၊ သကြားလုံးအမျိုးမျိုးနှင့် ပီကေတို့တွင် သုံးကြပါသည်။ အချို့ဆိုးဆေးများသည် ဓာတ်မတည့်သည့်ပြဿနာ (Allergy) ရှိပြီး ရင်ကျပ်ခြင်း (Asthama)၊ ချွဲကျပ်ခြင်း၊ အသက်ရှူကျပ်ခြင်း (Breathing Difficulties)၊ အရေပြားယားယံခြင်း (Irritation) စိတ်လှုပ်ရှား ထကြွမှု များပြားခြင်းတို့ ဖြစ်စေပါသည်။

စားသောက်ကုန်များကို ဆွဲဆောင်မှုကောင်းပြီး ရောင်းတန်းဝင် စားစရာများ ဖြစ်စေရန် အတွက် အနံ့၊ အရသာ၊ ခံတွင်းခံစားမှုတို့ကို ဖြစ်ပေါ်စေသည့် Flavour ကိုလည်း ပိုမိုကောင်းမွန်အောင် ပြုလုပ်လာကြပါသည်။ Flavour သည် အရသာ (Taste) နှင့်မတူပါ။ အရသာသည် ယေဘုယျအားဖြင့် အချဉ်၊ အငန်၊ အချို၊ အခါး အစပ်အဟပ်မတည့်မှုတို့နှင့် သက်ဆိုင်ပြီး လျှာပေါ်မှ အရသာခံနိုင်သည့် ပွင့်ဖတ်ဆဲလ်လေးများက အချက်အလက်ရယူပြီး ဦးနှောက်သို့ ပို့ဆောင်ပေးပါသည်။ စားသောက်ကုန်တို့သည် အချိန်ကြာလာသည်နှင့်အမျှ မော်လီကျူးလေးများ အငွေ့ပျံခြင်း (Volatile Molecule) ဖြစ်ကာ လေထုထဲသို့ဖြစ်စေ၊ နီးစပ်ရာ အရာဝတ္ထုဆီသို့ ရောက်ရှိသွားနိုင်သည့် အငွေ့ပျံသတ္တိ ရှိပါသည်။ Volatile Molecule လေးများ နေရာရွှေ့သွားသဖြင့် စားသောက်ကုန်များတွင် အရသာလျော့ခြင်းများ ဖြစ်စေသောကြောင့် လေလုံအောင် ထုပ်ပိုးခြင်းဖြင့် လေထုနှင့်မထိတွေ့အောင် ကာကွယ်ပေးရပါမည်။ Flavour တွင်လည်း နှစ်မျိုးရှိရာ ရေတွင်ပျော် ဝင်သော Flavour သည် ချက်ချင်းသိနိုင်ပြီး ကြာရှည်မခံပါ။ ဆီ၌ပျော်ဝင်သော Flavour သည် ခံတွင်းထဲသို့ ရောက်ရောက်ချင်း ချက်ချင်း မသိနိုင်သော်လည်း ပါးစပ်ထဲ တွင် စွဲကျန်ရစ်စေပါသည်။ ထို့ကြောင့် အဆီဖယ်ထုတ်ထားသော စားစရာသည် အရသာ ပြောင်းလဲသွားပါသည်။

အဆီများ မပါဝင်တော့သဖြင့် အခြား Flavour မှ ပေးသည့် ခံတွင်းခံစားမှုကို ရရှိစေပါသည်။ အရသာအတွက် အစားအစာများတွင် အချိုမှုန့် (Mono Sodium Glutimate) များ အလွန်အကျွံ ထည့် ခြင်း၊ အချိုကဲစေရန်အတွက် Sweeteners အဖြစ် ဆေးသကြား အမျိုးအစားများဖြစ်သည့် Saccharine၊ Aspartame၊ Cyclamate တို့ကဲ့သို့ ဓာတုပစ္စည်းများကို လွန်ကဲစွာ အသုံးပြုခြင်း၊ အာလူးကြော်၊ ပဲကြမ်း ကြော်၊ နံနက်စာ အီကြာကွေးတို့ကဲ့သို့ အကြော်များကြော်ရာတွင် ကြွပ်ရွနေစေရန် ပလတ်စတစ် ရေသန့်ဗူးခွံများ၊ PVC ပလတ်စတစ်များ ထည့်သွင်း ကြော်လှော်ခြင်းတို့သည် စားသုံးသူများအတွက် အလွန်အန္တရာယ် ကြီးလှပါသည်။ ■

## ကွမ်းသီးကို မိုရေးဈေးကွက်သာမက အိန္ဒိယအတွင်းပိုင်းထိ ဈေးကွက်သို့ထိုးဖောက်ရန် တမူးကုန်သွယ်ရေးစခန်း တာဝန်ခံ ပြောကြား



တမူးကုန်သွယ်ရေးစခန်းရဲ့ အဓိကပို့ကုန်မှာ ကွမ်းသီးဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမ သုံးလပတ်ကာလအတွင်း ကွမ်းသီးတန် ၉၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း၊ တစ်လပျမ်းမျှ တင်ပို့နိုင်တဲ့ ပမာဏမှာ တန် ၃၀၀၀ ခန့်ရှိသည်ကိုတွေ့ရပြီး အလားတူကာလဖြစ်သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမသုံးလပတ် ကာလ တွင် ကွမ်းသီးတန်ချိန် ၇၅၀၀ ကျော်တင်ပို့ခဲ့ကြောင်း၊ တစ်လပျမ်းမျှတင်ပို့နိုင်သည့် ပမာဏမှာ တန်ချိန် ၂၅၀၀ ခန့်ဖြစ်ပြီး အလားတူကာလနဲ့နှိုင်းယှဉ်ပါက ကွမ်းသီး တန်ချိန် ၁၈၀၀ ကျော်ခန့် ပိုမိုတင်ပို့တာကို တွေ့ရတယ်လို့ ဇူလိုင် ၂၇ ရက်နေ့မှာ တမူးကုန်သွယ်ရေးစခန်း အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ကုန်သွယ်မှု မြှင့် တင်ရေးအစည်းအဝေးမှာ စခန်းတာဝန်ခံက ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး တမူးဒေသအနေဖြင့် ကွမ်းသီးတင်ပို့မှု စဉ်ဆက်မပြတ်ရှိနေမှသာ ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည့် အပြင်ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကွမ်းသီး တင်ပို့မှုတွင် ရောင်းသူဈေးကွက်ဖြစ်ပေါ်လာစေရေးအတွက် နယ်စပ်အမှတ် (၁) ဂိတ်တွင် ကုန်စည်ဒိုင်တစ်ခု ဖြစ်ပေါ်လာရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ကိုလည်း ပြောကြားသွားပါတယ်။ ကွမ်းသီးကုန်သွယ်မှုလုပ်ငန်း အနေဖြင့် အရင်းအနှီးကြီးမားသည့်အတွက် ငွေကြေးအင်အား တောင့်တင်းသည့် အများပိုင် ကုမ္ပဏီထူထောင်ရေး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်တယ်လို့လည်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ကွမ်းသီးတင်ပို့မှုတွင် မိုရေး ဈေးကွက်သာမက အိန္ဒိယနိုင်ငံအတွင်းပိုင်း ဈေးကွက်အထိ ထိုးဖောက်ဝင်ရောက်ရန်ဖြစ်ကြောင်း ဩဂုတ်လကုန်သွယ်မှု လျာထားချက်အနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၃ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ တစ်သန်း ၊ ကုန်သွယ်မှု မပမာဏ အမေရိကန်ဒေါ်လာ ၄ သန်း ဖြစ်သဖြင့် ဩဂုတ် လကုန်သွယ်မှု ပမာဏ ပြည့်မီကျော်လွန်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက် ပေးရန် လိုကြောင်းကို စခန်းတာဝန်ခံက ဖြည့်စွက်ပြောကြားသွားတယ်လို့ သတင်းရရှိပါတယ်။

ခင်မိုးသူ

## ဩဂုတ်လ ပထမပတ်မှာ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါးရရှိ

ယခုဘဏ္ဍာနှစ် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၈ ရက်အထိ ပို့ကုန်တင်ပို့နိုင်မှုတွင် အမေရိကန်ဒေါ်လာ ၃၂၄ ဒသမ ၀၄၁ သန်း၊ သွင်းကုန် တင်သွင်းနိုင်မှုတွင် အမေ ရိကန်ဒေါ်လာ ၃၂၂ ဒသမ ၂၆၆ သန်းရှိပြီး စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေ ရိကန်ဒေါ်လာ စုစုပေါင်း ၆၄၆ ဒသမ ၃၀၇ သန်းဖြစ်ပါတယ်။ ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၇၅ သန်းဖြစ်ပြီး ထိုသို့ပိုမိုရခြင်းမှာ သဘာဝဓါတ်ငွေ့ ၊ ဆန်နဲ့ ပဲတီစိမ်း ပိုမိုတင်ပို့နိုင်ခဲ့လို့ ဖြစ်ပါတယ်။

ထိုသို့ ပိုမိုတင်ပို့နိုင်မှုမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှဖြစ်ပြီး ပို့ကုန် အမေရိကန်ဒေါ်လာ ၁၃၈ ဒသမ ၄၅၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၄ ဒသမ ၈၂၀ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုပိုငွေမှာ အမေရိကန်ဒေါ်လာ ၈၃ ဒသမ ၆၃၈ သန်းဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ပိုမိုသော်လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကုန်သွယ်မှုလိုငွေ ပြခဲ့ပါတယ်။ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၈၅ ဒသမ ၅၈၂ သန်း၊ သွင်းကုန် အမေ ရိကန်ဒေါ်လာ ၂၆၇ ဒသမ ၄၄၅ သန်းဖြစ်တဲ့အတွက် ကုန်သွယ်မှုလိုငွေမှာ အမေ ရိကန်ဒေါ်လာ ၈၁ ဒသမ ၈၆၃ သန်းဖြစ်ပါတယ်။ ကုန်သွယ်ရေးစခန်းများမှ ပို့ကုန် ပိုမို ဆောင်ရွက်နိုင်တဲ့အတွက် ယခုတစ်ပတ်မှာ ကုန်သွယ်မှုပိုငွေ အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၇၅ သန်းရရှိခဲ့ခြင်းဖြစ်ပါတယ်။

ယဉ်ယဉ်အေး

Vol: 16, No.30 Monday August 15 2016

# မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၅-၁၆ဘဏ္ဍာနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ

မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်၏ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ဩဂုတ်လ ၁၃ ရက်တွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး၊ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးဦးဟန်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန် သည်များနှင့်စက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက်အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဆွေနှင့်ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။




အဆိုပါအခမ်းအနားတွင် စားသုံး သူရေးရာဦးစီးဌာန၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် ဥက္ကဋ္ဌ ဦးလှမော်ဦးက မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ခေတ်အဆက်ဆက် ပြောင်းလဲလာခဲ့ပြီး ယနေ့အထိ နိုင်ငံတကာ၏အကူအညီမပါဘဲရပ်တည်နိုင်ခဲ့ကြောင်း၊ လက်ရှိအစိုးရသစ်လက် ထက်တွင် စားသုံးသူရေးရာဦးစီးဌာနကိုသီးခြားဖွဲ့စည်းလိုက်သည့်အတွက် စားသုံးသူရေးရာ ဦးစီးဌာနနှင့်အတူ ပူးတွဲပြီး တိုက်ပွဲဝင်မည့်၊ တချို့နေရာများတွင် စားသုံးသူရေးရာဦးစီးဌာနကိုယ်စား တိုက်ပွဲဝင်ပေးမည့်ရဲဘော်ရဲဘက်သည် MITS ပင်ဖြစ်ကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနနှင့် MITS တို့ပူးပေါင်း၍ တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများကို နယ်စပ်ဂိတ်စခန်းများတွင်သော် လည်းကောင်း၊ ရေကြောင်းလမ်းမှ တင်သွင်းမှုများတွင် သော်လည်းကောင်း၊ တားဆီးနိုင်ရေးအတွက် နည်းလမ်းများ ရှာကြံကြရမည်ဖြစ်ကြောင်း၊ MITS ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၏လက်အောက်တွင်ထားရှိပြီး ဝန်ကြီးဌာန၏ Back up လုပ်ငန်းတစ်ခုအဖြစ် နိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြ၍ နိုင်ငံတကာသို့ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပို့ကုန်လုပ်ငန်းတွင် လုပ်ငန်းအများဆုံးအပ်နှံသည့် ကုမ္ပဏီများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ရာ ပထမ မိုးသုခကုမ္ပဏီလီမိတက်၊ ဒုတိယ ရွှေချမ်းသာဒေါင်းမင်းကုမ္ပဏီလီမိတက်၊ တတိယမြဝတီထရိတ်ဒင်းလီမိတက်၊ စတုတ္ထ AUSP-CIOUS Millenium ကုမ္ပဏီလီမိတက်နှင့် ပဉ္စမ ရောဟသ်ာ ကုမ္ပဏီလီမိတက်၊ သွင်းကုန်လုပ်ငန်းပိုင်း တွင် လုပ်ငန်းအများဆုံးအပ်နှံခဲ့သည့် အေးဂျင့်ဦးကျော်မြင့်ခိုင်တို့အား စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်၊ MITS ၏ ဥက္ကဋ္ဌ ဦးလှမော်ဦးက ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့ပြင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်းမှ ဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း အမှတ်စဉ် (၇) တွင် ပထမဆုရရှိခဲ့သည့် ဦးသန်းထွန်းဝင်းနှင့် အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ ■

---

# မြန်မာ့ရေဘေးအမြဲမကြုံရလေအောင်

## ကာကွယ်ကြစို့

မယ်သီတာ

**မြန်**မာနိုင်ငံမှာ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့ ရေကြီးမှု၊ မိုးခေါင် ခြောက်သွေ့မှု၊ ရေရှားပါးမှုစတဲ့ အန္တရာယ်တွေ ကြုံတွေ့နေရတာဟာ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးချိန်က စခဲ့တယ် လို့ဆိုရမှာ ဖြစ်ပါတယ်။

နာဂစ်မုန်တိုင်းမတိုက်ခင်အချိန်က မြန်မာနိုင်ငံမှာ နှစ်စဉ်နှစ်တိုင်း သာမန် မုန်တိုင်းလေးတွေ သာတိုက်ခတ်သလို အဲဒီမုန်တိုင်းဒဏ်ကို ရခိုင်ပြည်နယ် တစ်ခုတည်းကသာခံစားခဲ့ကြရပါတယ်။ ကျန်တဲ့ပြည်နယ်တိုင်းတွေကတော့ မုန် တိုင်းရဲ့ အစွန်အဖျားတိုက်ခတ်မှုလောက် ကိုပဲ ခံစားခဲ့ကြရတာပါ။ အဆိုးရွားဆုံး ရေကြီးတာတွေ၊အဆိုးရွားဆုံးမြေပြိုတာတွေကို ကြုံခဲ့ကြဖူးမည်မထင်။

ဒါပေမယ့် ၂၀၀၈ခုနှစ် နာဂစ်မုန် တိုင်း တိုက်ခတ်လိုက်တဲ့အချိန်မှာတော့ မုန်တိုင်းတိုက်ခြင်းရဲ့ဆိုးရွားလှတဲ့အတွေ့ အကြုံကို ခါးသီးစွာခံစားလိုက်ရသလို ပြီးခဲ့တဲ့နှစ်ကလည်း ကလေးမြို့မှာ သမိုင်းတစ်လျှောက်မကြုံခဲ့ဖူးတဲ့ရေလွှမ်း မိုးမှုဖြစ်ပွားခဲ့ရတာဟာ မြန်မာပြည်သူတွေအတွက် ဆိုးရွားလှတဲ့ အတိတ်တွေ ပါပဲ။

အဲဒီလိုဖြစ်ရပ်ဆိုးတွေကို ကြုံတွေ့ခဲ့ရပြီး နောက်မှာသဘာဝဘေးအန္တရာယ် မျိုးစုံကို မြန်မာပြည်သူတွေ ခံစားခဲ့ကြရပါတယ်။

မိုးခေါင်ခြောက်သွေ့မှုကြောင့် သီးနှံတွေ ပျက်စီးဆုံးရှုံးခဲ့ရသလိုရေလွှမ်း မိုးမှုတွေကြောင့်လည်း သီးနှံတွေ စိုက်ခင်းတွေ၊ အိုးအိမ်တိုက်တာတွေ ပျက်စီး ဆုံးရှုံးခဲ့ရပါတယ်။

၂၀၁၅ခုနှစ်အတွင်းမှာဖြစ်ပေါ်ခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီးနဲ့မကွေးတိုင်း ဒေသကြီးတို့မှာ ဖြစ်ပေါ်ခဲ့တဲ့ ရေလွှမ်းမိုးမှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေနဲ့ရင်ဆိုင်ခဲ့ကြရပါတယ်။ကလေးမြို့တစ်မြို့တည်းမှာပင် လယ်မြေဧကပေါင်း ၁၉၀၀၀၀ ရေလွှမ်းမိုးခံခဲ့ရပြီး ဧကပေါင်း ၁၇၀၀၀ ကတော့ လုံးဝပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

အလားတူ မကွေးတိုင်းဒေသကြီး မှာလည်း ပွင့်ဖြူ စေတုတ္တရာနဲ့ငဖဲမြို့တို့မှာလည်း ရေလွှမ်းမိုးမှုတွေနဲ့ရင်ဆိုင် ခဲ့ရပါတယ်။

၂၀၁၅ခုနှစ်ကဖြစ်ပေါ်ခဲ့တဲ့ရေလွှမ်း မိုးမှုတွေမှာ အစိုးရအပါအဝင်ပြည်သူများရဲ့ဝိုင်းဝန်းပံ့ပိုးမှုနဲ့ရေဘေးပြန်လည် ထူထောင်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ကြရပါတယ်။

မြန်မာပြည်အထက်ပိုင်းဒေသ ရေကြီးမှုနောက်ဆက်တွဲဟာ မြန်မာပြည် အောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသ ဧရာဝတီတိုင်းဒေသကြီးဆီကို ရောက်ရှိ လာခဲ့ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ဟာ မြစ်ချောင်းအင်းအိုင်ပေါများလှတဲ့ဒေသတစ်ခုဖြစ်လို့ မူလအစကတည်းက ရေကြီးမှုဖြစ်ပွားတတ်တဲ့ဒေသတစ်ခုပါ။ ဒါပေမယ့်လည်း အပေါ်ရေ(မြန်မာပြည် အထက်ပိုင်းမှကျလာတဲ့ရေ)ကျဆင်းလာမှုကြောင့် ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်လာခဲ့တဲ့အခါမှာ မူလရေလွှမ်းမိုးတာရဲ့ နှစ်ဆခံစားကြရမှာ ဖြစ်ပါတယ်။

ဒီနှစ်မှာ ဇူလိုင်လကတည်းက မြန်မာနိုင်ငံ အထက်ပိုင်းဒေသတွေဖြစ်တဲ့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အဲဒီနောက် အလယ်ပိုင်းမြေနိမ့်ဒေသတွေဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်တောင်း မြစ်ဝှမ်းဒေသဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နဲ့ မြစ်ဝကျွန်းပေါ်ဒေသဖြစ် တဲ့ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီ တိုင်းဒေသကြီးတို့မှာ ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်လျက်ရှိနေတာကို နေ့စဉ်ထုတ် သတင်းစာတွေမှာ နေ့စဉ်ရက်ဆက်ဆိုသလို မြင်တွေ့နေရပါတယ်။

ရေလွှမ်းမိုးမှုတွေဟာ အခုအချိန် အထိ ဆက်လက်ဖြစ်ပေါ်နေဆဲပဲဖြစ်ပါတယ်။ ရေလွှမ်းမိုးမှုများကြောင့် ပျက်စီးဆုံးရှုံးမှု အသေးစိတ်ကို မသိရှိရသေးပေ မယ့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရဲ့ သတင်းထုတ်ပြန်ချက်များအရ ဩဂုတ် လ ၁၂ ရက်အထိ လူရှစ်ဦးသေဆုံးခဲ့ရ ပြီး အိမ်ထောင်စုပေါင်း ၁၀၆၁၈၆နဲ့ လူဦးရေပေါင်း ၄၃၂၀၁၈ ဦး ရေဘေးသင့်ခဲ့ရတယ်လို့ သိရှိရပါတယ်။

အဲဒီဝန်ကြီးဌာနအနေနဲ့ ယခုနှစ် ရေဘေးသင့်ပြည်သူတွေကို ထောက်ပံ့မှုတွေ ကူညီမှုတွေ ပြုလုပ်လျက်ရှိရာမှာ ဩဂုတ်လ ၁၂ ရက်အထိ အရေးပေါ် အစားအစာ ကျပ်သန်း၈၀ နီးပါး၊ ဆန်ရိက္ခာ ကျပ်သန်း ၄၀ နီးပါးအပါအဝင် အိမ်ဆောက်ပစ္စည်းများ၊ အခြားလူသုံးပစ္စည်းများ တန်ဖိုးစုစုပေါင်း ကျပ်သိန်းပေါင်း ၅၀၀၀ ကျော် ကူညီထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဒါတင်မကပြည်သူတွေရဲ့ထောက်ပံ့ပေးမှုတွေကလည်း ကျပ်သိန်းထောင်ပေါင်းမက ရှိနေခဲ့တာကို မြင်တွေ့ကြရ မှာ ဖြစ်ပါတယ်။

ဒါတွေဟာ ပြည်သူတွေရဲ့စားဝတ်နေရေးအတွက် ထောက်ပံ့ပေးမှုတွေပါ။ ရေပြန်လည်ကျဆင်းသွားတဲ့အချိန်မှာ ပြုလုပ်ပေးရမယ့်ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွေအတွက် ကုန်ကျစရိတ်တွေကိုပါ ထည့်တွက်မယ်ဆိုရင် ဆုံးရှုံးမှု တန်ဖိုးဟာ ကျပ်သိန်းထောင်ပေါင်း များစွာရှိလာမှာဖြစ်ပါတယ်။ ဒီရေလွှမ်းမိုးမှုတွေဟာ မနှစ်က တစ်ကြိမ်၊ ဒီနှစ်တစ်ကြိမ်နဲ့တင် ရပ်သွားမှာမဟုတ်ပါဘူး။ နှစ်စဉ်နှစ်တိုင်းလိုလို ဖြစ်ပေါ်နေမှာဖြစ်ပါတယ်။ ရေကြီးမှု ရေလျှံရမှုတွေကို ပြန်ကြည့်ရင် မိုးသည်းထန်စွာရွာသွန်းလို့ ရေလျှံတယ်ဆိုတာထက် မြစ်ရေလျှံတက်မှုကြောင့်ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်ရတယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် လာမယ့်နှစ်တွေမှာ ရေကြီးရေလျှံမှုတွေ မဖြစ်ပေါ်ရအောင် မြစ်ချောင်းတွေကိုပိတ်ပြီးဆောက်လုပ်ထားတဲ့ ဆည်တမံတွေ၊ မြစ်ချောင်းတွေရဲ့ တိမ်ကောလာမှုတွေကို ပြန်ပြီးသုံးသပ်ရတော့မှာဖြစ်ပါတယ်။ မြစ်ချောင်းတွေဟာ နှစ်ကာလကြာမြင့်လာတာနဲ့အမျှ ပြည်သူတွေရဲ့ မဆင်မခြင်စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုတွေ၊ စည်းကမ်းမဲ့ သဲစုပ်ယူမှုတွေကြောင့် မြစ်ချောင်းတွေတိမ်ကောလာရတာဖြစ်ပါတယ်။ မြစ်ချောင်းတွေ တိမ်ကောလာရတာဟာ ရေကြီးရေလျှံမှုရဲ့တစ်စိတ်တစ်ဒေသဖြစ်လျက် ရှိပါတယ်။

ဒ့ါအပြင် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုတွေကြောင့် ရှစ်နှစ်တစ်ကြိမ် အလှည့်ကျဖြစ်ပေါ်လာမယ့် လာနီညာနဲ့ အယ်နီညိုရာသီဥတုတွေကို အံတုနိုင်မယ့် အစီအမံတွေ ချမှတ်လုပ်ဆောင်ရတော့မှာဖြစ်ပါတယ်။ ရေကြီးမှုရေလျှံမှုဖြစ်တိုင်း နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေ၊ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေ ပျက်စီး ဆုံးရှုံးနေရတာဟာ နိုင်ငံ တော်အတွက် များစွာနစ်နာလှသလို ပြည်သူတွေ အနေနဲ့လည်း ဆုံးရှုံးမှုတွေကို ရင်ဆိုင်ကြရမှာဖြစ်ပါတယ်။

ဒါကြောင့် လာမယ့်နှစ်တွေမှာ မြစ်ချောင်းတွေက ရေတွေမြင့်တက်လာလို့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်မလာအောင် အားလုံးဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်ကြရမှာ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

GLOBAL WORLD INSURANCE CO., LTD

## သင်နှင့်သင့်ပိုင်ဆိုင်မှုများအတွက် စိုးရိမ်နေသလား ဂလိုဘယ်ဝေါ(လ်) မှာ အာမခံထား

*We always with you.*

ရုံးချုပ်
ရွှေသရဖီဒိုင်မွန်၊ အမှတ်(၃၉) ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၁ – ၅၃၀၇၇၃၊ ၅၃၀၇၇၄၊ ၅၃၀၇၇၈၊ ဖက်(စ်) – ၀၁ – ၅၃၀၆၆၅

ရန်ကုန်ရုံးခွဲ
အမှတ်(၁၃၃–၁၃၅)၊ ဗိုလ်မြတ်ထွန်းလမ်း၊ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ – ၇၉၃၀၈၇၀၀၂

မန္တလေး
အမှတ် (၈၆)၊ ၆၂ လမ်း၊ ၃၄ × ၃၅ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း – ၀၉ – ၇၉၆၅၂၇၃၀၀၊ ဖက်(စ်) – ၀၂ – ၆၅၆၀၂

မကွေး
အမှတ် (၁၁–၁၂) ဆိုင်း(အေး/ကာ)တိုက်တန်း၊ ရန်အောင်ရပ်၊ မကွေးမြို့၊
ဖုန်း – ၀၉ – ၂၅၄၄၅၀၃၆၉

- အသက်အာမခံ ( Life Insurance )
- မီးအာမခံ ( Fire Insurance )
- အလုံးစုံမော်တော်ယာဉ်အာမခံ ( Comprehensive Motor Insurance )
- ငွေသားလုံခြုံမှုအာမခံ ( Cash In Safe Insurance )
- ငွေပို့ငွေသယ်အာမခံ ( Cash In Transit Insurance )
- သမာဓိအာမခံ ( Fidelity Guarantee Insurance )
- အထူးခရီးသွားအာမခံ ( Special Travel Insurance )
- ကျန်းမာရေးအာမခံ ( Health Insurance )
- ရေကြောင်းကုန်ပစ္စည်းအာမခံ ( Marine Cargo Insurance )

**Hot Line : 09 - 33087771, 33087774, 793087771**

ANT

## AUNG NAING THITSAR CO., LTD.

| | | |
|---|---|---|
| Address | : | Dagon Center II, Pyay Road, No. 268, Room 14(C & E), 14th Floor, Sanchaung Township, Yangon. MYANMAR |
| Tel | : | +95 1 2314195, 2316304, +95 9 25072 4448 |
| Fax | : | +95 1 2316304 |
| Mobile | : | +95 9 5045921 |
| Email | : | ant.inttrade@gmail.com |
| Website | : | www.aungnaingthitsar.com |

J&M 1994

## JOHN & MAUNG CO.,LTD.

Construction Chemicals, Waterproofing & Epoxy

Building (15), 2nd Floor, Tha Kywe Street,
Tamwe Township, Yangon. Ph: 095174522, 09-73090436



ECOPROOF CWP | LAVATEX 2000 | ECOSHIELD

Building (15), 2nd Floor, Tha Kywe Street,
Tamwe Township, Yangon. Ph: 095174522, 09-73090436

MMA

မြန်မာအင်ဂျင်နီယာများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည်

## မိုးမြင့်အာကာ ကုမ္ပဏီလီမိတက်

ကုမ္ပဏီမှတ်ပုံတင်အမှတ် ၃၇၂၄/ ၂၀၁၂ - ၂၀၁၃



အရည်အသွေးပြည့်မီသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကိုသာ အသုံးပြုသည်။

- အထပ်နိမ့်၊ အထပ်မြင့် အဆောက်အဦများဆောက်လုပ်ခြင်း။ (PAE စနစ်၊ အခန်းပေးအခန်းယူစနစ်)
- လျှပ်စစ်ဝန်ကြီးဌာနအသိအမှတ်ပြုကွန်ကရစ်တိုင်လုပ်ငန်းများဆောင်ရွက်ခြင်း။
- ပါကေး၊ လျှောထိုးခင်းခြင်း၊ ကြွေပြား၊ ကျောက်ပြားကပ်ပေးခြင်း။
- အသင့်နေထိုင်နိုင်သော တိုက်ခန်းများကိုလည်း ရောင်းချပေးနေပါသည်။

- အမှတ်– ၂၅၇၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်းမ၊ ရန်ကုန်မြို့။
  ☎ ၀၁– ၂၅၂၅၂၅၊ 📱 ၀၉– ၄၇၀၅၃၄၀၁
- အမှတ်– ၂၄၆၊ သီရိနန္ဒာ(၂၈)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
  📱 ၀၉– ၅၁၄၀၁၃၀၊ ၀၉– ၇၃၁၆၅၈၁၀၊ ၀၉– ၄၇၀၅၃၄၀၁
- အမှတ်– ၄၄၇၊ စံပြလမ်း၊ အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့။
  📱 ၀၉– ၆၈၁၃၉၉၁၊ ၀၉– ၅၁၃၆၅၀၆၊ ၀၉– ၄၇၁၁၃၀၂၂၊ ၀၉– ၂၁၁၀၉၂၀
  ☎ ၀၇၁– ၂၃၁၃၃

um

## UNITEAM MARINE

## UNITEAM MARINE IS RECRUITING FOR THE CHINA NAVIGATION COMPANY NOW!



The China Navigation Company is the oldest independent British shipping company managing its own tonnage.

RANKS IN DEMAND:
- MASTERS
- CHIEF OFFICERS
- SECOND ENGINEERS
- ELECTRICIANS

Masters and Chief Officers must have experience on Log / Bulker, 20,000 to 70,000 dwt.

2E shall possess RT flex certs and ME certs.

Competitive terms offered.

Candidates who have served on less than 20,000DWT will not be considered.



## BE ONE OF US.

UNITEAM MARINE (YANGON) LIMITED
84, Pan Hlaing Street,
Sanchaung Township, Yangon,
The Republic of the Union of Myanmar

+95 1 519 115 apply@uniteam-yangon.com
www.uniteammarine.com

## ပြောင်း

### မူဆယ်မှ ပြောင်းပိုမိုတင်ပို့

ဩဂုတ်ပထမပတ်တွင် မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးစခန်းစုံမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၉၇ သန်း တန်ဖိုးရှိ ပြောင်း ၁၄၂၃၃ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

စခန်းအလိုက် တင်ပို့မှုအနေနဲ့ကတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၁၁၇၁၄ တန်ခွဲ၊ ချင်းရွှေဟော်မှ ၁၇၇၄ တန်၊ လွယ်ဂျယ်မှ ၆၃၅ တန်နဲ့ ကန်ပိုက်တီးမှ တန် ၁၁၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ် ပတ်က မူဆယ်မှ ၁၀၃၉၀ တန်၊ ချင်းရွှေဟော်မှ ၁၈၂၆ တန်ခွဲ၊ လွယ်ဂျယ်မှ ၇၇၉ တန်ကျော်နဲ့ ကန်ပိုက်တီးမှ ၁၃၅ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် မူဆယ်မှပြောင်း တင်ပို့မှုပိုမိုလာတာ တွေ့ရပါတယ်။

လားရှိုး၊ ကျောက်မဲရှိ ပြောင်းဂိုဒေါင်များမှာ မိုးရွာသွန်းမှုကြောင့် ရေတက်သည့်အတွက် ရေစိုပြီးပျက်စီးမှုမှ ကာကွယ်ရန် မဖြစ်မနေ တင်ပို့ရခြင်း၊ ပြောင်းဖူးအသစ်ထွက်တော့မှာဖြစ်လို့ ဂိုထောင်ရှိပြောင်း လက်ကျန်များ အချိန်မီထုတ် ရောင်းရခြင်းတို့ကြောင့် ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု ပိုမိုခဲ့ရတယ်လို့ မူဆယ်ကုန်သွယ်ရေးမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ရှမ်းပြောင်းသစ်တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်

ယခင်လ နောက်ဆုံးပတ်ကစပြီး တောင်ကြီးဈေးကွက်မှာ ရေသွင်းပြောင်းတွေ စပြီးဝင်လာပါတယ်။ တောင်ကြီးမြို့နယ်ထဲက ပြောင်းအထွက်များတဲ့ တောင်လေးလုံး၊ တောင်နီ၊ ဟက်ကယ် စတဲ့ နယ်တွေက ပြောင်းတွေ ဝင်လာတာ ဖြစ်ပါတယ်။

လက်ကျန်ပြောင်းတွေလည်း ကုန်သလောက် ဖြစ်နေပြီး ပွဲရုံနဲ့ ကုန်သည်တွေထံမှာ လက်ရှိ ပြောင်းတန်ချိန်က တစ်သောင်းခန့်သာ ကျန်ရှိတော့တယ်လည်း သိရပါတယ်။ ဆီဆိုင်မြို့နယ်ကလည်း ပြောင်းတွေကို စပြီးရိတ်သိမ်းနေတယ်လို့ သိရပေမယ့် ဈေးကွက်ကိုတော့ ဝင်မလာသေးပါဘူး။ မိုးကများနေတော့ ပြောင်းတွေမှာ အစိုဓါတ် တွေ များနေသေးတယ်လို့လည်း သိရပါ တယ်။

ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်ကလည်း ရေသွင်းပြောင်း အစိုက်များပြီး တောင်ကြီးဈေးကွက်ကို ဝင်တာကြောင့် ဒီတစ်ပတ်မှာ လွိုင် ကော်ပြောင်းလို့ခေါ်တဲ့ ဒီမောဆိုး ပြောင်းတွေလည်း အဝင်ရှိလာပါတယ်။ လောလောဆယ်တော့ အစိုဓာတ်တွေများလို့ အရောင်းအဝယ် သိပ်မဖြစ်သေးပါဘူး။ အဟောင်းတွေသာ အရောင်းအဝယ်ဖြစ်နေပြီး ပြောင်းဟောင်းက တစ်ပိဿာ ၃၈၀ ကျပ် မှ ၃၈၅ ကျပ်ဈေး ရှိပါတယ်။ ရေသွင်းပြောင်း အသစ်ကတော့ တစ်ပိဿာ ၃၄၀ကျပ် မှ ၃၅၀ကျပ်ဈေးနဲ့ ဈေးဖွင့်တယ်လို့ သိရပါတယ်။

**ဇေခိုင် (တောင်ကြီး)**

## သကြား

### မူဆယ်ရော လွယ်ဂျယ်မှပါ သကြားပိုမိုတင်ပို့

ဩဂုတ်ပထမပတ်တွင် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆၃၈ သန်း တန်ဖိုးရှိ သကြား ၃၉၃၄၂ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က ၂၃၆၅၈ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ် သကြား ၁၅၆၈၄ တန် ပိုမိုတင်ပို့လာပါတယ်။

ယခုတစ်ပတ် ပြည်တွင်းသကြားဈေးမှာ ယခင်တစ်ပတ်အတိုင်း တစ်တန်လျှင် ရှစ်သိန်းလေးသောင်းကျပ်အထိ ဝယ်ယူရသလို တစ်ဖက်နိုင်ငံမှာလည်း ၅၀ ကီလိုတစ်အိတ်လျှင် ၂၃၅ - ၂၃၉ ယွမ်အထိ ဈေးရှိနေတယ်လို့သိရပါတယ်။ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၀၁၃၀၀ တန်ဖိုးရှိ သကြား ၃၆၆ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က ၅၆၅ တန်ကျော် တင်ပို့ခဲ့သဖြင့် လွယ်ဂျယ်စခန်းကတော့ သကြားတင်ပို့မှု လျော့နည်းသွားပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၁၉၅၀၅၀ တန်ဖိုးရှိ သကြား ၃၉၉၁ တန်ကို Re-export စနစ်နဲ့ တင်သွင်းခဲ့ပါတယ်။ မြဝတီမှ သကြားတင်သွင်းရာမှာ ၁၂ ဘီးယာဉ်၊ ၁၄ ဘီးယာဉ်၊ ၁၈ ဘီးယာဉ်များနဲ့ တင်ဆောင်လာကြတယ်လို့ မြဝတီကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဝါ

### မူဆယ် (၁၀၅)မိုင်မှ ဝါဂွမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်မှ ဩဂုတ် လပထမပတ်တွင် အမေရိကန်ဒေါ်လာ ၇၃၉၂၀၀ တန်ဖိုးရှိ ငွေချည်-၆-ဝါ ၃၃၆ တန် တင် ပို့နိုင်ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၉၃ တန် တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ဝါ ၁၄၃ တန် ပိုမိုတင်ပို့လာပါတယ်။ တရုတ်နိုင်ငံက ယခုလို ပုံမှန်ဝယ်ယူမှုရှိနေတော့ ဝါစိုက်သူတောင်သူတွေအတွက် အခြေအနေ ကောင်းတယ်လို့ တံတားဦးမြို့နယ်မှ ဝါစိုက်တောင်သူတစ်ဦးက ပြောကြားခဲ့ပါတယ်။

**မော်မော်အောင်**

## ရော်ဘာ

### ကုန်သွယ်ရေးစခန်းများမှ ရော်ဘာပိုမိုတင်ပို့

ဩဂုတ်လ ပထမပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉ သန်း တန်ဖိုးရှိရော်ဘာ ၁၇၇၉ တန် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 ၅၂၉ တန်ကျော်၊ RSS-5 ၁၃၅ တန်ကျော်၊ MSR-20 ၁၅၃ တန်နဲ့ RSS-1 ၆၅ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ MSR-20 ၄၁၁ တန်နဲ့ RSS-3 ၅၃ တန်ကျော်၊ ကော့သောင်းကုန်သွယ်ရေး စခန်းမှ RSS-3 ၁၉၂ တန်နဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ ရော်ဘာစေး တန် ၂၄၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၇၅၉ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ် ကုန်စည်ဒိုင်မှာ RSS-3 တစ်တန်ပေါက်ဈေး ၁၃၉၀၉၉၇ ကျပ်ရှိပြီး ယခင်တစ်ပတ်ထက် တစ်တန်ကို ၃၆၇၃ ကျပ်ဈေး အနည်းငယ်တက်လာကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၄ သန်း တန်ဖိုးရှိရော်ဘာတန် ၃၃၀ ကို မလေးရှားနိုင်ငံ တစ်နိုင်ငံတည်းကိုသာ တင်ပို့ခဲ့ပါတယ်။ RSS-3 တန် ၁၀၀၊ MSR-20 တန် ၂၁၀ နဲ့ RSS-2 တန် ၂၀ တင် ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ မလေးရှားတစ်နိုင်ငံတည်းကိုသာ တင်ပို့ခဲ့တဲ့အတွက် ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၆၀၀ လျော့ နည်းခဲ့ပါတယ်။

နိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာ ယခုတစ်ပတ်အတွင်း အတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပပို့မယ့် မြန်မာ့ရော်ဘာဈေးနှုန်းကိုလည်း ယခင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘဲ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ခဲ့ပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ | ၁၆၀၀-၁၇၀၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၀၀-၁၃၀၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀ -၁၅၀၀ |
| Mixtures of Natural Rubber MSR-3L and Synthetic Rubber (97.5% MSR-3L,2.5% SBR 1502) | တစ်တန်လျှင် | ဒေါ်လာ | ၁၇၀၀ -၁၈၀၀ |
| Concentrate Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ | ၁၀၁၀ - ၁၀၆၀ |

**ယဉ်ယဉ်အေး**

## သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုသော ကုန်စည်လိုင်း ၂၆၇ လိုင်းအား ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သွင်းကုန်လိုင်စင် လျှောက်ထားရယူ ဆောင်ရွက်ရမည့် ကုန်စည် ၄၄၀၅ လိုင်းအနက် ကုန်စည်လိုင်း ၂၆၇ လိုင်းအား သွင်းကုန်လိုင်စင် လျှောက်ထားရန်မလိုသော ကုန်စည် လိုင်းများအဖြစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ ဖြေလျှော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ WTO ၏ Agreement on Import Licensing Procedures နှင့် နိုင်ငံတကာတွင်ကျင့် သုံးနေသော လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရန်အတွက် လိုင်စင်လျှောက်ထားရန်လိုသည့် သွင်းကုန်အမယ်များစာရင်းကို မြန်မာနိုင်ငံ၏ HS Code 2012 Version အရ စုစုပေါင်း ကုန်စည်လိုင်းများမှ ကုန်စည် ၄၄၀၅ လိုင်းအား လိုင်စင်လျှောက်ထားရယူရမည့် Negative List အဖြစ် အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၁၅ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ အမိန့်ဖြင့်ထုတ်ပြန်ခဲ့သည့် သွင်းကုန်လိုင်စင် လျှောက်ထားရယူဆောင်ရွက်ရမည့် ကုန်စည် ၄၄၀၅လိုင်းအနက်မှ ကုန်စည်လိုင်း ၂၆၇ လိုင်းအား သွင်းကုန်လိုင်စင် လျှောက်ထားရန် မလိုသော ကုန်စည်လိုင်းများအဖြစ် ဖြေလျှော့လိုက်ကြောင်း သိရသည်။

သွင်းကုန်လိုင်စင်လျှောက်ထားရန် မလိုသောကုန်စည်လိုင်း ၂၆၇ လိုင်းများအနက် ရော်ဘာနှင့် ရော်ဘာဆိုင်ရာ ပစ္စည်းများ၊ ချည်ထည်များ၊ သံ၊ သံမဏိနှင့် စတီး ပစ္စည်းများ၊ ကြေးနီ၊ ကြေးဝါနှင့် ၎င်းတို့နှင့်ဆိုင်သောပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊ မော်တော်ယာဉ် အစိတ်အပိုင်းများနှင့် ဆက်စပ်ပစ္စည်းများ စသည်တို့နှင့်ပတ်သက်သည့် ကုန်စည်အမျိုးအမည်အုပ်စုဝင်များ ပါဝင်ကြောင်းသိရသည်။

သွင်းကုန်လိုင်စင် လျှောက်ထားရယူရန်လိုအပ်သော ကုန်စည်အမယ်စာရင်းကို အခါအားလျော်စွာ စိစစ်သုံးသပ်ပြင်ဆင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါဖြေလျှော့လိုက်သည့် ကုန်စည်လိုင်း ၂၆၇ လိုင်းအား အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# အမေရိကန်လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန၏နိုင်ငံရပ်ခြားလယ်ယာ စိုက်ပျိုးရေးဌာနကို မြန်မာနိုင်ငံတွင် စတင်ဖွင့်လှစ်

အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏နိုင်ငံ ရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာနကို မြန်မာနိုင်ငံရှိ အမေရိကန်နိုင်ငံသံရုံးတွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ယင်းဌာနစတင်ဖွင့်လှစ်ခြင်းကို ဩဂုတ်လ ၈ ရက်က မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၌ ကျင်းပခဲ့သည်။

အမေရိကန်နိုင်ငံလယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ နိုင်ငံရပ်ခြား လယ်ယာစိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုဌာန၏ အုပ်ချုပ်ရေးမှူး ဖီးလ်ကာစတင်က "မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကဏ္ဍမှာ ပိုမိုပူးပေါင်းပါဝင်လာစေရေးနဲ့ နိုင်ငံတွင်းမှာရှိတဲ့ ပြည်သူတွေ လက်တွေ့ခံစားနိုင်မယ့် စီးပွားရေးအကျိုးရလဒ်တွေကို ဆောင်ကြဉ်းပေးနိုင်ရေးမှာ အထောက်အကူဖြစ်စေမယ့် အားလုံးပါဝင်နိုင်တဲ့စီးပွား ရေးဖွံ့ဖြိုးမှုကို ကူညီပံ့ပိုးပေးသွားဖို့ အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက သန္နိဋ္ဌာန်ချမှတ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံရပ်ခြား လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာနသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်သံရုံးများနှင့် သံတမန်အဖွဲ့အစည်းများတွင် ရုံးခန်းပေါင်း ၉၄ ခုကို ဖွင့်လှစ်ထားရှိခဲ့ပြီး နိုင်ငံပေါင်း ၁၇၁နိုင်ငံနှင့်ချိတ်ဆက်ကာ ကွန်ရက်များဖွဲ့ထားနိုင်ပြီဖြစ်သည်။



အဆိုပါဌာနသည် နိုင်ငံတကာ ဈေးကွက်တည်ဆောက်ခြင်းနှင့် အမေရိကန်အစားအစာနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ခြင်းတို့အပြင် အမေရိကန်လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ကြိုးပမ်းအားထုတ်မှုများဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ယင်းနိုင်ငံများ၏ အစားအစာနှင့် လယ်ယာစိုက်ပျိုးရေးစနစ် အားကောင်းလာစေရေးနှင့် အနာဂတ်ကုန်သွယ်ရေး အခွင့်အလမ်းများအတွက် အခြေခံအုတ်မြစ်တစ်ခု ချမှတ်တည်ဆောက်ပေးခြင်းတို့တွင်လည်း နိုင်ငံရပ်ခြား လယ်ယာစိုက်ပျိုးရေးဝန်ဆောင်မှုဌာနက ဦးဆောင်လျက်ရှိကြောင်း သိရသည်။

အမေရိကန်လယ်ယာစိုက်ပျိုးရေးဌာန၏ အဓိကအရေးပါသောကဏ္ဍဖြစ်သည့် ကမ္ဘာတစ်ဝန်းရှိ စားရေရိက္ခာလိုအပ်နေသူများအတွက် အကူအညီပေးရေးတွင်လည်း နိုင်ငံရပ်ခြားလယ်ယာ စိုက်ပျိုးရေးဆိုင်ရာဝန်ဆောင်မှုဌာနက ပံ့ပိုးကူညီပေးလျက်ရှိသည်။

နိုင်ငံရပ်ခြား လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာနသည် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ အပါအဝင်အခြားမိတ်ဖက်လက်တွဲဖော်များနှင့်အတူ လက်တွဲကာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စားရေရိက္ခာအကူအညီပေးရေး အစီအစဉ်များ စီမံခန့်ခွဲခြင်းနှင့် စားရေ ရိက္ခာဖူလုံရေးကဏ္ဍတိုးမြှင့်ရေးအတွက် နည်းပညာကျွမ်းကျင်မှု အကူအညီများကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။

နိုင်ငံရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာနသည် ၎င်းလုပ်ငန်းလုပ်ဆောင်လည်ပတ်ရာနိုင်ငံများ၏ အနာဂတ်အတွက် ယင်းနိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အင်စတီကျူးရှင်းများနှင့်စည်းမျဉ်းထိန်းညှိမှုများ အားကောင်းလာစေရေး၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေမည့် သဘာဝပတ်ဝန်းကျင်တစ်ခုပေါ်ပေါက်ရေးဖော်ဆောင်မှုတို့တွင် အကူအညီပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံလျက်ရှိသည်။

နိုင်ငံတကာသုတေသီများ၊ မူဝါဒဖော်ဆောင်သူများနှင့် လယ်ယာစိုက်ပျိုးရေးကျွမ်းကျင်ပညာရှင်များအား ၎င်းတို့နှင့် နယ်ပယ်တူကျွမ်းကျင်ရာ အမေရိကန်လုပ်ဖော်ကိုင်ဖက်များနှင့်အတူ လက်တွဲဆောင်ရွက်နိုင်ရေး၊ ၎င်းတို့မိခင်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့် လိုအပ်သောအတတ်ပညာနှင့် ကျွမ်းကျင်မှုစွမ်းရည်များရရှိရေးတို့အတွက် ပညာသင်ဆုအစီအစဉ်များ နှီးနှောဖလှယ်ရေး အစီအစဉ်များကိုလည်း နိုင်ငံရပ်ခြားလယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုဌာနက ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**မယ်သီတာ**

## မြန်မာနိုင်ငံတွင် ပြည်ပခရီးသွားလုပ်ငန်းလိုင်စင်များ ထပ်မံထုတ်ပေးခြင်းနှင့် ပတ်သက်၍ Vietjet ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mdm Thuy Binh နှင့် တွေ့ဆုံမေးမြန်းခြင်း

**မြန်မာနိုင်ငံရဲ့လေကြောင်းလိုင်းကဏ္ဍတွင် ဝင်ရောက်လာသည့် လေကြောင်းလိုင်းသစ်ဖြစ်သောVietjet လေကြောင်းလိုင်းသည် မြန်မာနိုင်ငံတွင် ခရီးသွားပြည်သူများ စိတ်ဝင်စားလာသည့် လေကြောင်းလိုင်းတစ်ခုအဖြစ် ရပ်တည်လာခဲ့သည်။ အဆိုပါလေကြောင်းလိုင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို မေးမြန်းဖော်ပြလိုက်ပါသည်-**

**မေး - အခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံမှာရှိတဲ့ ခရီးသွားလုပ်ငန်းကုမ္ပဏီတွေအတွက် မြန်မာနိုင်ငံအစိုးရသစ်က ပြည်ပခရီးသွားလုပ်ငန်းလိုင်စင်တွေ ထပ်ပြီးခွင့်ပြုမယ်ဆိုတာနဲ့ပတ်သက်ပြီး ဘယ်လိုထင်မြင်ပါသလဲ။**

ဖြေ - မြန်မာအစိုးရအနေနဲ့ ပြည်ပခရီးသွားလုပ်ငန်းလိုင်စင် ၂၅၀ ထပ်ပြီး ထုတ်ပေးလိုက်ပြီဆိုတော့ မြန်မာလူမျိုးတွေရော နိုင်ငံရဲ့ခရီးသွားကဏ္ဍအတွက်ပါ ကောင်းတဲ့အလားအလာတစ်ခုအဖြစ်ယူဆပါတယ်။ ခရီးသွားလုပ်ငန်းအေဂျင်စီတွေကို လုပ်ငန်းလိုင်စင် ၂၅၀ ထပ်တိုးထုတ်ပေးလိုက်ပြီဆိုတော့ မြန်မာခရီးသွားတွေအနေနဲ့ ပြည်ပခရီးဝန်ဆောင်မှုတွေကို ပိုပြီးရရှိလာတော့မှာဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုဆိုရာမှာ ဈေးသက်သက်သာသာ လွယ်ကူစွာနဲ့ လေယာဉ်လက်မှတ်တွေ ဝယ်ယူနိုင်တာလည်းပါပါတယ်။ ဒီလိုထုတ်ပေးခြင်းက နိုင်ငံရဲ့ခရီးသွားကဏ္ဍ တိုးတက်မှုကို အထောက်အကူပေးနိုင်မှာဖြစ်ပြီး အထူးသဖြင့် လေကြောင်းခရီးသွားကဏ္ဍကို တိုးတက်စေမှာပါ။

အားလုံးသိတဲ့အတိုင်း ဗီယက်နမ်နဲ့ မြန်မာဟာ စီးပွားရေးအရရော ယဉ်ကျေးမှုအရပါ တူညီတဲ့အရာတွေ အများကြီးရှိပါတယ်။ ဗီယက်နမ်ကို လာရောက်လည်ပတ်တဲ့ မြန်မာခရီးသွားတွေ ပိုပိုများလာသလိုပဲ မြန်မာကိုလည်ပတ်ကြတဲ့ ဗီယက်နမ်ခရီးသွားတွေလည်း များပြားလာပါတယ်။ နှစ်နိုင်ငံအကြား ခရီးသွားလာသူ များပြားလာတာနဲ့အမျှ ဒီဈေးကွက်မှာ တိုးတက်မှုတွေရှိလာမယ်ဆိုတာ အခိုင်အမာ ယုံကြည်ထားပါတယ်။

ဒီနေ့ခေတ်ရဲ့ လေကြောင်းလိုင်းတစ်ခုအနေနဲ့ ဒီလိုမျိုးလိုင်စင်တွေ ထပ်မံထုတ်ပေးတာကို တကယ့်ကိုကြိုဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့တန်ဖိုးထားရတဲ့ ခရီးသည်တွေကို ပိုမိုဝန်ဆောင်မှုပေးနိုင်တော့မှာကြောင့် ဖြစ်ပါတယ်။အာရှ-ပစိဖိတ်ဒေသမှာရှိတဲ့ ကျွန်မတို့ရဲ့ ကျယ်ပြန့်တဲ့ချိတ်ဆက်မှုတွေကြောင့် ခရီးသွားဧည့်သည်တွေ လိုအပ်တဲ့အချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

**မေး - ခရီးသွားအေဂျင်စီတွေအနေနဲ့ ဒီလိုမျိုး ပြည်ပခရီးသွားလုပ်ငန်းလိုင်စင်တွေရတဲ့အတွက် မြန်မာခရီးသည်တွေမှာ ဘယ်လိုအကျိုးကျေးဇူးရှိလာမယ်လို့ ထင်ပါသလဲ။**

ဖြေ - သေချာတာတစ်ခုကတော့ ဒီလိုလုပ်ငန်းလိုင်စင်ရှိတဲ့ အေဂျင်စီတွေ ပိုများလာတာဟာ ခရီးသွားမယ့်သူတွေအတွက် ခရီးစီစဉ်ရတဲ့အခါ အချိန်ကုန်သက်သာပြီး ဈေးလည်းပိုသက်သာမယ်ဆိုတာပါပဲ။ ဗီယက်နမ်လိုနေရာမျိုးကို လည်ပတ်မယ်ဆိုရင် မြို့တော်ဟိုချီမင်းကနေပြီးတော့ တခြားဗီယက်နမ်ရဲ့မြို့တွေကိုလည်း ချိတ်ဆက်လည်ပတ်နိုင်မယ့်အပြင် ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ စင်ကာပူ၊ မလေးရှားနဲ့ ထိုင်းနိုင်ငံတို့ကိုလည်း ထပ်ပြီး ချိတ်ဆက်လည်ပတ်နိုင် ပါသေးတယ်။ ပြည်ပခရီးစဉ်ကို ပထမဆုံးသွားမယ့် ခရီးသွားတွေအတွက် ဒီလိုမျိုး နေရာအနှံ့အပြားလည်ပတ်မယ့်ခရီးစဉ်တွေဆိုရင် အေဂျင်စီတွေကတစ်ဆင့် သွားလာတာဟာ ပိုပြီးအဆင်ပြေလွယ်ကူစေမှာပါ။



**မေး -ဒီလိုင်စင်ရှိထားတဲ့ ခရီးသွားကုမ္ပဏီတွေနဲ့ Vietjet က ဘယ်လိုမျိုး အတူတကွလက်တွဲလုပ်ဆောင်မှာပါလဲ။**

ဖြေ - ခရီးသွား ကုမ္ပဏီတွေကနေတစ်ဆင့် Vietjet က ဗီယက်နမ်မှာရှိတဲ့ သွားလာလည်ပတ်လို့ကောင်းတဲ့နေရာတွေကို ညွှန်းပေးနိုင်ပါတယ်။ ခရီးသွားကုမ္ပဏီတွေအနေနဲ့ ခရီးသွားတွေ စိတ်ကြိုက်ရွေးချယ်ထားတဲ့ နေရာတွေကို ခရီးစီစဉ်ပေးနိုင်အောင်လည်း ဈေးနှုန်းသက်သာတဲ့ လေယာဉ်ခရီးစဉ်တွေကို ပေးထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက အေဂျင်စီနဲ့ ဗီယက်နမ်က အေဂျင်စီတို့ ချိတ်ဆက်ပြီး ခရီးစဉ်စီစဉ်တဲ့အခါ ပြည်တွင်းမှာသွားလာမှုတွေအတွက်လည်း သွားလာရေးစီစဉ်ပေးပါတယ်။

**မေး - ခရီးသည်တွေအနေနဲ့ Vietjet နဲ့ လိုက်ပါစီးနင်းရတဲ့အတွက် ဘယ်လိုထူးခြားကောင်းမွန်မှုမျိုးရရှိနိုင်မလဲ။**

ဖြေ - Vietjet နဲ့ပျံသန်းတာကြောင့် ခရီးသည်တွေအနေနဲ့ အရည်အသွေး မြင့်လေယာဉ်တွေကို ဈေးသက်သက်သာသာနဲ့ စီးနင်းရပြီး ပျံသန်းစဉ်အချိန်မှာလည်း အကောင်းဆုံး ဝန်ဆောင်မှုတွေပေးဖို့ မြန်မာအပါအဝင် တခြားသော အာရှ-ပစိဖိတ်နိုင်ငံများစွာကနေလာတဲ့ လေ့ကျင့်သင်ကြားထားတဲ့ Vietjet ရဲ့ လေယာဉ်မောင်မယ်တွေရှိနေပါတယ်။ လေယာဉ်ပျံသန်းနေချိန် စီးနေချိန်တွေမှာ ပိုပြီးအရည်အသွေးမြင့်တဲ့ ဝန်ဆောင်မှုတွေကိုပေးနိုင်ဖို့ လေယာဉ်ပေါ်မှာ တည်ခင်းတဲ့အစားအသောက်တွေရဲ့ အရည်အသွေးကိုလည်း မြှင့်တင်ထားပါတယ်။ ခရီးသွားတိုင်း အကြိုက်ဖြစ်စေဖို့ စီမံထားတဲ့ အာရှရဲ့ တမူထူးခြားတဲ့အရသာကို ပေးနိုင်တဲ့ ဟင်းလျာတွေ ဖြစ်ပါတယ်။

လက်ရှိမှာ Vietjet က A320s and A321s အပါအဝင် လေယာဉ်အစင်းပေါင်း ၄၀ နဲ့ တစ်နေ့ကို ခရီးစဉ်ပေါင်း ၃၀၀ ပျံသန်းနေပါတယ်။ ဗီယက်နမ်ကနေပြီးတော့ ထိုင်း၊ စင်ကာပူ၊ တောင်ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ တရုတ်နဲ့ မြန်မာနိုင်ငံကိုပျံသန်းနေတဲ့ ခရီးစဉ်ပေါင်း ၅၃ ခုရှိနေပါပြီ။

**စာမျက်နှာ ၂၂ သို့ ➲**




## မန္တလေးမြို့တွင်ကျင်းပမည့် အိမ်ခြံမြေအရောင်းပြပွဲတွင် ကျပ်သိန်းပေါင်း နှစ်သောင်းကျော်ဖိုးခန့် ရောင်းချရမည်ဟုခန့်မှန်း

မန္တလေးမြို့၊ မြို့တော်ခန်းမတွင် ဩဂုတ် ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် အိမ်ခြံမြေအရောင်းပြပွဲတွင် ကျပ်သိန်းပေါင်းနှစ်သောင်းကျော် ဖိုးခန့်ရောင်းချရမည်ဟု ခန့်မှန်းထားကြောင်း အဆိုပါပြပွဲကို စီစဉ်သူဖြစ်သည့် iMyanmar House ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အရောင်းပါးကာလဖြစ်သည့် မိုးရာသီကာလတွင် အဆိုပါပြပွဲကို ကျင်းပမည်ဖြစ်သော်လည်း မန္တလေးမြို့ခံများ၏ အိမ်ဝယ်ယူမည့်သဘောထားကို စစ်တမ်းများကောက်ယူပြီးမှသာ စီစဉ်ခြင်းဖြစ်သည့်အတွက် အဆိုပါအိမ်ခြံ မြေ အရောင်းပြပွဲတွင် တိုက်ခန်းနှင့် ကွန်ဒိုများအား ရောင်းသူရော၊ ဝယ်သူပါ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း iMyanmar House ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးနေမင်းသူက ပြောကြားခဲ့သည်။ အဆိုပါအရောင်းပြပွဲတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုးစသည့် မြို့ကြီးများမှအထင်ကရအိမ်ရာစီမံကိန်းများကို တစ်နှစ်မှ ၁၄နှစ်အထိ အရစ်ကျစနစ်များ၊ အထူးလျှော့ဈေးများဖြင့် ဝယ်ယူရရှိနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ပြပွဲသုံးရက်အတွင်း အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်သည့် ဦးကိုကိုထွေး(တော်ဝင်စင်တာ)၊ ဦးတင်မောင်(မန္တလေးတိုင်းအိမ်ခြံမြေကိုယ်စားလှယ်များဖွံ့ဖြိုးတိုးတက်ရေးအသင်း)၊ ဦးအေးမင်း(အောင်သမာဓိအကျိုးဆောင်)၊ ဦးပီတာ(အောင်သမာဓိအကျိုးဆောင် စီးပွားရေးအတိုင်ပင်ခံ)၊ ဦးစိုင်းခွန်နောင် (စိုင်းခွန်နောင်အိမ်ခြံမြေ)၊ လွှတ်တော်ရှေ့နေ မောင်ကောင်းဖေ၊ ဦးဝင်းဇော် (အိမ်ရာဖွံ့ဖြိုးရေးဘဏ်)၊ ဦးမြတ်သူဝင်း (ရွှေမင်းသားဖောင်ဒေးရှင်း)၊ ဦးနေမင်းသူ (iMyanmar House)၊ ဒေါ်စုလတ်ဖြူ (MCEA) တို့က အိမ်ခြံမြေနှင့်ပတ်သက်၍ အသိပညာဗဟုသုတများကို ဆွေးနွေးဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

### ➡ စာမျက်နှာ ၂၁ မြန်မာနိုင်ငံတွင် ပြည်ပခရီးသွားလုပ်ငန်း သတင်းမှအဆက်

**မေး - Vietjet နဲ့ခရီးသွားရတာ တခြားလေကြောင်းလိုင်းတွေနဲ့ ဘာများ ကွာခြားမှုရှိသလဲ။**

ဖြေ - Vietjet ကို စတင်ပျံသန်းခဲ့တဲ့နေ့ကတည်းက ကျွန်မတို့ရဲ့ရည်ရွယ်ချက်ဟာ ခရီးသွားတွေအတွက် အကောင်းဆုံးပျံသန်းမှု အတွေ့အကြုံကို ပေးချင်တာပါ။ ကျွန်မတို့က ခေတ်မီလေယာဉ်သစ်တွေ ဝယ်ယူမှုမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ အများအပြားလုပ်ထားပါတယ်။ ဒီလေယာဉ်သစ်တွေက အကောင်းဆုံးအတွေ့အကြုံကိုပေးနိုင်တဲ့အပြင် ဆီစားလည်း သက်သာစေပါတယ်။ Vietjet က ပြောင်းလဲလို့လွယ်ကူတဲ့ လက်မှတ်ဝယ်ယူခြင်း သတ်မှတ်ချက်တွေ၊ ဝန်ဆောင်မှုတွေ၊ လေယာဉ်ပျံချိန်မှာ လုပ်ဆောင်ပေးတဲ့ ဖျော်ဖြေမှုတွေကို အမြဲဆန်းသစ်အောင် လုပ်ဆောင်ရင်း ခရီးသွားတွေရဲ့ လိုအပ်မှုတွေ လိုအပ်ချက်တွေကို အမြဲဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားနေတာပါ။ ခရီးသည်တွေကို လိုရာခရီးပို့ပေးရုံသက်သက်မဟုတ်ဘဲ မမေ့နိုင်တဲ့ အကောင်းဆုံးခရီးစဉ်ဖြစ်အောင် စီစဉ်ပေးနေပါတယ်။ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ အစားအသောက်တွေ ယဉ်ကျေးမှုတွေကို လေ့လာပြီးတော့မှ လေယာဉ်တွင်း အစားအသောက်ကို စီစဉ်ထားတာဖြစ်ပါတယ်။ လေယာဉ်မောင်မယ်တွေကလည်း ဖော်ရွေပျူငှာပြီး ပျော်စရာအစီအစဉ်လေးတွေနဲ့ဝန်ဆောင်ပေးဖို့ အမြဲအသင့်ရှိနေတာပါ။ ကျွန်မတို့လေယာဉ် ခရီးစဉ်တွေမှာဆိုရင် မွေးနေ့ရှင်ကို မွေးနေ့လက်ဆောင်ပေးတာတို့၊ ချစ်သူတွေ ဇနီးမောင်နှံတွေအတွက် အထူးလက်ဆောင်တွေ စီစဉ်ပေးတာတို့က အမြဲလုပ်ပေးနေတဲ့အရာတွေပါ။

ဈေးနှုန်းသက်သာတဲ့ လက်မှတ်တွေအပြင် အချိန်ကုန်သက်သာပြီး ကောင်တာမှာ တန်းမစီချင်သူတွေ၊ နေရာထိုင်ခုံရွေးချယ်ချင်သူတွေ၊ VIP နားနေခန်းသုံးချင်သူတွေ၊ လေယာဉ်အချိန်နဲ့ခရီးစဉ်ကို မကြာခဏ ပြောင်းလဲချင်သူတွေ၊ ကီလို ၃၀ အိတ်သယ်ချင်သူတွေနဲ့ ဂေါက်ရိုက်တံအိတ်ကိုပါ သယ်ယူချင်သူတွေအတွက်လည်း SkyBoss ဆိုတဲ့ ဝန်ဆောင်မှုလက်မှတ်တွေ ရောင်းချပေးနေပါသေးတယ်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ ပေ | အခန်းဖွဲ့ ခုနစ်လွှာ | ၁၅၀၀ သိန်း | ရပ်ကွက်သန့် ဓာတ်လှေကားပါ | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း | (၃၀ x ၇၀) စ/ပေ | အဆင့်မြင့်ပြင်ပြီး ပထပ် | ၁၄ သိန်း | ၁ လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၃။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးကားလမ်း | (၄၀ x ၆၀) ပေ | မြေသီးသန့် | ၇၀ သိန်း | ရွာမြေ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၄။ | မြေ | လှည်းကူးမြို့နယ်၊ရန်ကုန်-မန္တလေးကားလမ်းဘေး | ၁ ဧကနီးပါး | မြေသီးသန့် | သိန်းတစ်သောင်း | ဂရန်မြေ | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ | ၅၀၀၀ စ/ပေ | RC ၁ထပ်၊ | ၇၀၀၀ သိန်း | ဗီအိုင်ပီကွက် | ၀၉/၉၇/၆၃၁၁၂၃ |
| ၆။ | လုံးချင်းအိမ် | သယ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ လမ်းသွယ် (၆)လမ်း | မြေ ၆၄၀၀ စ/ပေ အိမ် ၂၄၀၀ စ/ပေ | RC၂ထပ်၊ MB (၃) ခန်း | ၃၂သိန်း | ၁ လအငှားနှုန်း | ၀၉/၅၆/၃၀၇၀ |
| ၇။ | တိုက်ခန်း | လှိုင်မြို့နယ်၊ သံလမ်း | (၁၃ x ၅၅) ပေ | ငါးလွှာ | ၂၂၅ သိန်း | | ၀၉/၉၇/၆၃၁၁၂၃ |
| ၈။ | တိုက်ခန်း | စမ်းချောင်းမြို့နယ်(တောင်)၊ မိုးမခလမ်း | ၇၅၀၀ ပေ | ၃ လွှာ၊ ခန်းဖွဲ့ | ၃၇၅ သိန်း | | ၀၉/၉၇/၆၃၁၁၂၃ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့ ဆင်ခေါင်းလေး | (၄၀ x ၆၀) ပေ | မြေသီးသန့်၊ အုတ်ခတ် | ၂၅၀ သိန်း | လမ်းမကြီးနီးရွာမြေ | ၀၉/၅၁/၁၇၂၆၂ |

## မော်တော်ကား အရောင်းအဝယ်အေးမှုကြောင့်စလစ်ဈေး အနည်းငယ်ကျဆင်းသွား



ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန(ရုံးချုပ်)မှ တိုက်ကြေမူဝါဒအသစ် ထုတ်ပြန်ပြီးနောက်ပိုင်းတွင် အိမ်စီးကား စလစ်ဈေးများ မြင့်တက်သွားသောကြောင့် ကားဈေးနှုန်းများမှာလည်း ပိုမိုမြင့်တက်ခဲ့ရကြောင်း Motor. com. mm ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ချွင်းချက်အနေဖြင့် ဇူလိုင် ၂၅ ရက်အထိ အပ်နှံခဲ့သော တိုက်ကြေများအတွက် အိမ်စီးကားစလစ် ထုတ်ပေးမည်ဖြစ်ကြောင်းသိရှိခဲ့ရပြီးနောက် ကားဈေးကွက်အတွင်းရှိ လုပ်ငန်းရှင်များထံမှ ဝေဖန်သံများ၊ အကြံပြုသံများ အများအပြား ပေါ်ထွက်ခဲ့သည်။

ကားလုပ်ငန်းရှင်အများစုက မူဝါဒထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ကြိုတင်အသိပေးသင့်ကြောင်း အများဆုံးပြောကြားခဲ့ကြပြီး အဆိုပါကိစ္စနှင့် ပတ်သက်၍ ကြိုတင်အသိပေးပါက သတိပေးကာလအတွင်း တိုက်ကြေကားများစွာကို လုပ်ကြံဖန်တီးကာ အပ်နိုင်သောကြောင့် ယခုကဲ့သို့ ရုတ်တရက်ထုတ်ပြန်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ကညနမှ ပြန်လည်ပြောကြားခဲ့သည်ဟု ဆိုသည်။

ယင်းမူဝါဒနှင့်ပတ်သက်၍ စလစ်ဈေးအပေါ်မည်သို့ အကျိုးသက်ရောက်မှုရှိသည်ကို motors.com.mm မှ ကားဈေးကွက်အတွင်း လေ့လာခဲ့သည်။ ကားလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ မူဝါဒထုတ်ပြန်ပြီးနောက်ပိုင်းတွင် စလစ်ဈေးတက်ကာ ကားဈေးများ မြင့်သွားခဲ့သော်လည်း ဩဂုတ်လ ၁၂ ရက်က စလစ်ဈေးအနည်းငယ် ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။ သီရိမင်္ဂလာကားဈေးကွက်အတွင်းရှိ ကားတင်သွင်းရောင်းချသူတစ်ဦးက "လွန်ခဲ့တဲ့ရက်တွေတုန်းက စလစ်ဈေးက ၉၁ သိန်း- ၉၂ သိန်းဖြစ်နေပြီး အမည်ပေါက်ပါ ထပ်ပေါင်းရင် သိန်းတစ်ရာလောက်ဖြစ်သွားတယ်၊ အခုအချိန်မှာတော့ စလစ်ဈေးက ၈၈ သိန်းအထိ ကျသွားပြီး အမည်ပေါက်ပါ ထည့်ပေါင်းရင် ၉၅ သိန်းလောက်ပဲ ရှိတော့တယ်"ဟု ဆိုသည်။ ရှင်စောပုကားဈေးကွက်အတွင်းရှိ ကားတင်သွင်း ရောင်းချသူတစ်ဦးကမူ "ဒါက ရိုးရိုးရှင်းရှင်းလေးပါပဲ။ စလစ်ဈေးတက်ရင် ကားဈေးမြင့်မယ်။ ကားဈေးမြင့်ရင် အဝယ်နည်းသွားမယ်။ အဝယ်နည်းတဲ့အခါ စလစ်ဈေး ပြန်ကျသွားမှာပဲလေ၊ အခုအခြေအနေအတိုင်းဆိုရင် စလစ်ဈေး ထပ်တက်ဖို့ သိပ်မမြင်ပါဘူး"ဟု ဆိုခဲ့သည်။

ထို့အပြင် ကားဈေးကွက်အတွင်းရှိ လုပ်ငန်းရှင်အများစုက ရန်ကုန်တိုင်းအတွက် မော်တော်ယာဉ်တင်သွင်းမှုနှင့် ပတ်သက်ပြီး မူဝါဒများ မကြာခဏ ပြောင်းလဲခြင်း၊ မူဝါဒများ ရှုပ်ထွေးနေခြင်းကြောင့် အရောင်းအဝယ်ပြုလုပ်ရသည်မှာ များစွာခက်ခဲကြောင်း motors. com.mm သို့ ပြောကြားခဲ့သည်ဟုဆိုသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မစ်ဆူဘီရှိ RVR (၂၀၁၀) | ယာယီ | ၃၅၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | အေဒီဗင် (၂၀၁၀) | ယာယီ | ၁၂၀ သိန်း | Mdy 1.3 ဓာတ်ဆီ |
| ၃။ | ပရီမီယို (၂၀၁၀) | L | ၂၃၀ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | ကလူဂျာ (၂၀၀၄) | K | ၃၅၀ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | ဝစ်ရှ် (၂၀၀၃) | ယာယီ | ၂၀၀ သိန်း | 1.8 ဓာတ်ဆီ |
| ၆။ | ဆွစ် (၂၀၀၉) | L | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၃၂၀ သိန်း | 3.0 ဓာတ်ဆီ |
| ၈။ | ဗီလ်ဒါဗင် (၂၀၁၀) | ယာယီ | ၂၁၀ သိန်း | နယ်လိုင်စင် 1.5 ဓာတ်ဆီ |
| ၉။ | အပ်ကား (နှစ် ၂၀) | - | ၉၅ သိန်း | |

# ငါးလုပ်ငန်းကဏ္ဍ ပို့ကုန်မြှင့်တင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ကမ္ဘာ့ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကွန်ဖရင့် UNCTAD ၏ အကူအညီဖြင့် အာရှနှင့် အာဖရိကဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ငါးလုပ်ငန်းကဏ္ဍအနေဖြင့် ပို့ကုန်တင်ပို့မှုပိုင်းတွင် အဆင့်မြှင့်တင်ပြီး အမယ်စုံ တင်ပို့နိုင်ရေးနှင့် စဉ်ဆက်မပြတ် ဖြည့်ဆည်းတင်ပို့နိုင်ရေးတို့အတွက် စွမ်း ဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့်တစ်ဆက်တည်းစာတမ်းဖတ်ပွဲကို ဩဂုတ်လ ၉ ရက် မှ ၁၀ ရက်အထိ ရန်ကုန်မြို့၊ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင်လည်းကောင်း၊ ဩဂုတ်လ ၁၁ ရက် တွင် နေပြည်တော်၊ Park Royal ဟိုတယ်တွင်လည်းကောင်း အသီးသီးကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးအောင်စိုးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည် မှန်းချက်ပန်းတိုင်များ (Sustainable Development Goals-SDGs) တွင်ပါဝင်သော ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုး တက်မှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တစ်စိတ်တစ်ပိုင်းပါဝင်ပြီး အမယ်စုံလင်သည့် ငါးလုပ်ငန်း ပို့ကုန်များကို အရည်အသွေးမြှင့်တင်နိုင်ပြီး နိုင်ငံတကာ အရည်အသွေးနှင့် ဘေးကင်းလုံခြုံသည့်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်၍ ပိုမိုတင်ပို့နိုင်စေရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ငါးလုပ်ငန်းကဏ္ဍ ပို့ကုန်မြှင့်တင်နိုင်ရေးသည် အရေးကြီးပြီး အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုစေမည် ဖြစ်သည့်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ စတင်ရေးဆွဲစဉ်ကာလ၌ပင် ရေထွက်ပစ္စည်းလုပ်ငန်းကဏ္ဍကို ဦးစားပေးမြှင့်တင်ပေးရမည့် ကဏ္ဍအဖြစ် ထည့်သွင်းရေးဆွဲခဲ့ပြီး ကဏ္ဍအလိုက် အကောင်အထည်ဖော်ရန် အသေးစိတ်လုပ်ငန်းစီမံချက်များကိုလည်း ဆွေးနွေး ဖော်ထုတ်ခဲ့ပြီး ဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် ငါးလုပ်ငန်းနှင့်ပတ်သက်၍ အဓိကအားဖြင့် နည်းပညာပိုင်းနှင့် ပေါ်လစီပိုင်းကို ဦးတည်ဆွေးနွေး ခဲ့ကြပါသည်။ ငါးလုပ်ငန်းကဏ္ဍ အသွင်ပြောင်းလဲ တည်ဆောက်မှုနှင့် အမယ်စုံထုတ်လုပ်ခြင်းဖြင့် အလားအလာကောင်းသည့် ငါးလုပ်ငန်းပို့ကုန်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့ဝယ်လိုအားမြင့်မားနေသည့် အလှမွေးငါးအပါအဝင် ငါးလုပ်ငန်း ပို့ကုန်များအတွက် အကျိုးအမြတ် ရရှိစေရေး၊ အခြား ဖွံ့ဖြိုးဆဲနိုင်ငံများမှ အောင်မြင်သည့်အတွေ့အကြုံများနှင့် အလေ့အကျင့်ကောင်းများကို အသုံးချနိုင်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ငါးလုပ်ငန်းကဏ္ဍတွင် လိုအပ်နေသည့် မဟာဗျူဟာနှင့် မူဝါဒများ မြှင့်တင်နိုင်ရေး၊ နိုင်ငံတကာ ငါးလုပ်ငန်းကဏ္ဍတွင် လိုက်နာကျင့်သုံးနေသည့် အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ စံချိန်စံနှုန်းများနှင့်ပတ်သက်၍ စိန်ခေါ်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးစသည့် အချက်လေးရပ်ကို အခြေခံ၍ ကျယ်ပြန့်စွာ ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များက မြန်မာနိုင်ငံငါးလုပ်ငန်းကဏ္ဍ၏ အရေးပါမှု အခန်းကဏ္ဍ၊ လက်ရှိငါးလုပ်ငန်းအခြေအနေနှင့် ပို့ကုန်တင်ပို့ရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ ၊ သဘာဝပတ်ဝန်းကျင် ဆိုင်ရာစိန်ခေါ်မှုများနှင့် ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ပညာရှင်များက ငါးလုပ်ငန်းတန်ဖိုးမြှင့်ထုတ်လုပ် တင်ပို့ရာတွင် လိုက်နာရမည့် နိုင်ငံတကာစံချိန်စံနှုန်းများနှင့်ပတ်သက်၍ လည်းကောင်း စာတမ်းများ အသီးသီးဖတ်ကြားခဲ့ကြပါသည်။အဆိုပါ ဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူ ကိုယ်စားလှယ်စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရပါသည်။

မြတ်မြတ်စိုးမိုး (NES Unit)



## ဆဋ္ဌမ အကြိမ် ဧရာဝတီတိုင်းဒေသကြီး တိုင်းအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ စားသုံးသူရေးရာ ဦးစီးဌာနတွင် ၂၀၁၆ ခုနှစ်၊ဩဂုတ်လ ၅ ရက်က ဆဋ္ဌမအကြိမ် တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ တိုင်းပညာရေးမှူး(ငြိမ်း)၊ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်၊ တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောထွန်းဝင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး ဇော်မင်းအောင်၊ တိုင်းအဆင့် ဆက်စပ်ဌာနများမှ အဖွဲ့ဝင်များ၊ ARCCI အသင်းဥက္ကဋ္ဌ ဦး ဝင်းမြင့်လှိုင်၊ စားသုံးသူကိုယ်စားလှယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ၊ ဦးစီးမှူးများ တက်ရောက်ခဲ့ပါသည်။

တိုင်းဒေသကြီး အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှကျော်က စားသုံးသူပညာပေးမှု အပိုင်းတွင် ပြည်သူလူထု နှင့် များများထိတွေ့ပါက လုပ်ငန်းများပိုမိုအောင်မြင်လာမှာ ဖြစ်ကြောင်း၊ စားသုံးသူရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဖွဲ့ဝင်တိုင်းအဆင့်ဌာနများမှ ကဏ္ဍတစ်ခုချင်းအလိုက် ပူးပေါင်းဆောင်ရွက်ရမည့် အပိုင်းများကိုရှင်းလင်းဆွေးနွေးပြောကြား ပါသည်။

တိုင်း စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်လှိုင်က စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အစည်းအဝေးကို တစ်လတစ်ကြိမ် လဆန်း ပထမပတ်တွင် ပြုလုပ်လျက်ရှိကြောင်း စားသုံးသူ အသိပညာပေး ဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းဆောင်ရွက်မှုများကို နိုင်ငံပိုင်သတင်းစာ၊ မီဒီယာများတွင် များများထည့်သွင်းဖော်ပြနိုင်ရေး၊ ဆေးရုံ၊ ကျောင်း၊ လမ်းဆုံ၊ လမ်းခွ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် အများပြည်သူရောက်ရှိသည့် နေရာများတွင် စည်ပင်သာယာရေးအဖွဲ့များနှင့် ညှိနှိုင်း၍ ဗီနိုင်းဆိုင်းဘုတ်များထောင်ရန်၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းအပေါ် လူထုထံ စစ်တမ်းကောက်ယူရန် ပြောကြားပါသည်။ ထို့အပြင် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေး ပွဲမှ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုများနှင့် ဇူလိုင်လတွင် ပညာပေးကွင်းဆင်းလုပ်ငန်းများ လျာထားချက်ကျော်လွန်၍ ၁၁၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း ဆွေးနွေးပြောကြားပါသည်။

**မင်းမင်းဦး (ပုသိမ် )**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၅-၈-၂၀၁၆ မှ ၂၁-၈-၂၀၁၆ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** အင်ဂျင်နီယာလုပ်ငန်း၊ စီးပွားရေးနှင့် ပတ်သက်သော ဆောက်လုပ်ရေးလုပ်ငန်းများ အခက်အခဲရှိတတ်သည်။ သို့သော် ဝင်ငွေထွက်ငွေမမျှရှိနေတတ်ပါသည်။ ပညာရေးကံကောင်းမည်။ ကျန်းမာရေးတွင် အပူနာပေါက်ခြင်း၊ သွား၊ ခံတွင်းရောဂါဖြစ်တတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် မကြာခဏ ပဋိပက္ခဖြစ်နေတတ်သည်။ စိတ်ရှည်သည်းခံလျှင် ပျော်ရွှင်မှုရရှိလိမ့်မည်။

**ယတြာ။ ။ အုန်းပန်းများ ဘုရားလှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** ပုံနှိပ်လုပ်ငန်း၊ မိတ္တူကွန်ပျူတာလုပ်ငန်းများ အကျိုးပေး အားကောင်းနေမည်။ ပညာရေးထွန်းပေါက်မှုအားကောင်းလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ရိုးတွင်းချဉ်ဆီ ခမ်းခြောက်သော ဝေဒနာ ခံစားရမှုရှိနေတတ်ပါသည်။ သေချာဂရုစိုက်ကုသခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။ အချစ်ရေးတွင် မိမိကအလိုလိုက်အကြိုက်ဆောင်ပေးရတတ်သည်။ အိမ်ထောင်ရေးတွင် ခွင့်လွှတ်မှုဖြင့် အနိုင်ယူရတတ်သည်။

**ယတြာ။ ။ ခရေပန်း၊ ခရေညွန့် အရှေ့အရပ်ရှိ ဘုရားတွင်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးတွင် နိုင်ငံရပ်ခြားပြည်ပနှင့် ဆက်ဆံရေးလုပ်ငန်းများ အထူးအကျိုးပေးအားကောင်းနေလိမ့်မည်။ ဝင်ငွေများစွာရရှိနေမည့်ကာလဖြစ်သည်။ ပညာရေး အောင်မြင်မှုရရှိမည်။ ကျန်းမာရေးချူချာနေတတ်သည်။ အအေးမိသောရောဂါဝေဒနာ ခံစားရတတ်သည်။ အဆုတ်ရောင်ရောဂါ သတိရှိသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သဘောတူညီနိုင်သောကိစ္စများ အောင်မြင်မှုရရှိနေတတ်ပါသည်။

**ယတြာ။ ။ ငှက်ပန်းလှူပေးပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်ရသောကြောင့် ကြီးပွားချမ်းသာနိုင်သောအခြေအနေသို့ ရောက်ရှိလာတတ်ပါသည်။ အနုပညာ လုပ်ငန်းများ အကျွမ်းတဝင် လုပ်ကိုင်ရတတ်ပါသည်။ ဖြစ်ထွန်းလိမ့်မည်။ ပညာရေးထွန်းပေါက်မှုအားကောင်းနေမည်။ ကျန်းမာရေးတွင် အရေပြားယားယံမှုဖြစ်တတ်သည်ကို သတိထားသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတို့တွင် တင့်တယ်စွာဖြင့် ရှိနေလိမ့်မည်။ ကံကောင်းနေတတ်ပါသည်။

**ယတြာ။ ။ စကားဝါပန်းကို ဆောင်ပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်း တွင် အခွင့်အရေးရသည်နှင့် အကောင်အထည်ဖော်နိုင်စွမ်းရှိနေလိမ့်မည်။ လုပ်ငန်းနေရာ ပြောင်းရွှေ့လုပ်ကိုင်ရတတ်သည်။ ကောင်းသော ဌာနများတွင် လုပ်ကိုင်ရတတ်သည်။ ပညာရေးကံကောင်းမှုများမည်။ ကျန်းမာရေးတွင် အစားအသောက် ဆင်ခြင်မှုအားနည်းသောကြောင့် ဖြစ်တတ်သောဝေဒနာ ခံစားရတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် တစ်ပြေးညီလုပ်ဆောင်မှုတူညီသောကြောင့် အေးချမ်းသာယာနေရတတ်ပါသည်။

**ယတြာ။ ။နှင်းဆီပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေး လောကတွင် သတိလက်လွတ် ပြောဆိုမှုကြောင့် အမုန်းပွားရတတ်သော သဘောရှိနေတတ်ပါသည်။ မဟုတ်မခံစိတ်ကြိုးစားမှုကြောင့် စီးပွားဥစ္စာဖြစ်ထွန်းပါလိမ့်မည်။ ရတနာပစ္စည်းများရောင်းဝယ်လုပ် ကိုင်ပါက အောင်မြင်မည်။ ပညာရေးကံအကျိုးရှိနေသည်။ ကျန်းမာရေးအနေဖြင့် အကြောဝေဒနာခံစားရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အခြေအတင်ပဋိပက္ခလေးများ ရှိတတ်ပါသည်။

**ယတြာ။ ။ သစ္စာပန်းမွှေးနံ့ထောင့်တွင် လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးတွင် ပင်ကိုယ်ကြိုးစားမှုဖြင့် အောင်မြင်မှုရရှိတတ်ပါသည်။ လုပ်ငန်းများကို ရည်ရွယ်သည့်အတိုင်းမဖြစ်မနေလုပ်ဆောင်တတ်သော သဘောရှိနေတတ်သည်။ ပညာရေးတွင် ထိုးထွင်းဉာဏ်အားကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ ဆီးချိုဝေဒနာများ ခံစားရတတ်သည်ကို သတိပြုသင့်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် သင့်တင့်မှုရှိနေလိမ့်မည်။ တစ်ခါတစ်ရံ စိတ်ဖိစီးမှုများကြုံရတတ်သည်။

**ယတြာ။ ။ မည်သည့်ပန်းကို မဆိုမြေပန်းအိုးနှင့်လှူပါ။**

# ပခုက္ကူခရိုင်မှ သဲကျောက် ကျောက်ဆစ်လုပ်ငန်း တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိ

ပခုက္ကူမြို့နယ်၊ သဲတောကျေးရွာနှင့် ကျောက်ထပ်ကျေးရွာအနီးရှိ ရှင်မတောင် တောင်တန်းတွင် သဘာဝသဲကျောက် ထုဆစ်လုပ်ကိုင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြသည်။ သဘာဝသဲကျောက်များ ထုဆစ်လုပ်ကိုင်သောကျောက်ကျင်းသည် ပခုက္ကူ-မန္တလေး ကားလမ်းနံဘေးရှိ ကျောက်လှေကားကျေးရွာ အနောက်မြောက်ဘက် သဲတောကျေးရွာနှင့် ကျောက်ထပ်ကျေးရွာအနီး ရှင်မတောင် တောင်တန်းတွင် တည်ရှိပြီး ပခုက္ကူမြို့မှ (၁၁) မိုင်ခန့် အကွာတွင် တည်ရှိပါသည်။

၎င်းတို့သည် ရေစကြိုမြို့နယ်၊ အောင်သပြေ (ခံစပ်တော) ကျေးရွာမှ လာရောက်လုပ်ကိုင်ကြောင်း၊ သဘာဝကျောက်သားကို လိုချင်သောပုံ၊ လိုချင်သောအရွယ် အစားရအောင် ထုဆစ်ပုံဖော်ရကြောင်း၊ လုပ်ငန်းလုပ်ကိုင်သူ ၅၀ ဦးခန့်ရှိပြီး ၎င်းတို့ရွာသားများပင်ဖြစ်ကြောင်း၊ ရှေးယခင်ကတည်းက ကျေးရွာအနီး ရှင်မတောင် တောင်တန်းတွင် လုပ်ကိုင်ကြောင်း၊ ဈေးကွက်ရှိ သော်လည်း ထုတ်လုပ်သည့်ကျောက်ကျင်းနှင့် ဈေးကွက်ရှိရာသို့ ခရီးဝေးကွာလွန်း၍ သယ်ယူစရိတ် များပြားခြင်းကြောင့် ယခုကဲ့သို့ထုတ်လုပ်ရာသို့ ပြောင်းရွှေ့လုပ်ကိုင်ခြင်းဖြစ်ကြောင်း သဘာဝသဲကျောက် ထုဆစ်လုပ်ကိုင်သူတစ်ဦးက ပြောကြားခဲ့ပါသည်။

သဲတောကျေးရွာနှင့် ကျောက်ထပ်ကျေးရွာအနီးရှိ ကျောက်ကျင်းမှ သဘာဝသဲကျောက် အရောင်များမှာ ဖြူပြာရောင်၊ အနီရောင်၊ ပန်းရောင်၊ နီညိုရောင်နှင့် ဝါဖျော့ဖျော့ အရောင်များဖြစ်သည်။ ထုတ်လုပ်သည့် သဲကျောက်များမှာ ကျောက်တုံး၊ ကျောက်ပြား၊ အိမ်သာကျင်းဝွေ၊ တိုင်ခံတုံး၊ ကျောက်စားကျင်းခွက်၊ ဆေးလိပ်ခံခွက်၊ သနပ်ခါးကျောက်ပျဉ်၊ ချေးတွန်းခဲနှင့် ရုပ်ထုတို့ဖြစ်ပါသည်။

ကျောက်ကျင်းတွင် ပွဲစားနှစ်ဦးသာရှိပြီး လာရောက်လုပ်ကိုင်သူများကို နေစရာ တဲအိမ်၊ စားစရာ ဆန်၊ ဆီ စသည်တို့ကို ပွဲစားကထုတ်ပေး၍ ထိုလုပ်သားများထံမှ ထုတ်လုပ်ပြီး ကျောက်များကို ပွဲစားထံပြန်သွင်းရကြောင်း၊ သုံးစွဲသူအကြိုက်ထုလုပ်စေ၍ ထွက်ရှိသမျှ ကျောက်များကို ပွဲစားများက ဈေးကွက်ဖြန့်ဖြူးပါကြောင်း၊ အော်ဒါလက်ခံ၍လည်း ပြုလုပ်ပေးပါကြောင်း၊ အမှာအများဆုံးသည် ကျောက်တုံးပင်ဖြစ်ကြောင်း၊ အိမ်သာကျင်းဝွေနှင့် ရုပ်ထုများလည်း မှာယူလျက်ရှိ ကြောင်း ကျောက်ပွဲစားတစ်ဦးက ပြောကြားခဲ့သည်။

သဘာဝသဲကျောက်မှ ကျောက်တုံးများကို တံတိုင်းကာရံခြင်း၊ အဆောက်အဦများတွင် အကာပြုလုပ်၍ လည်းကောင်း၊ ကျောက်ပြားကို အခင်းပြုလုပ်၍ လည်းကောင်း၊ ရုပ်ထုအမျိုးမျိုး၊ ဘုရားဆင်းတုတော် အမျိုးမျိုး၊ ဆင်ရုပ်နှင့် အခြားရုပ်ထု အမျိုးမျိုးတို့ကိုလည်း ထုလုပ်ကြောင်း သိရှိရသည်။

ဈေးကွက်အနေဖြင့် ရေစကြို၊ ပခုက္ကူ၊ ပုဂံ၊ မန္တလေး၊ နေပြည်တော်မြို့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။

သဘာဝသဲကျောက်ဖြင့် ကျောက်တုံး (၁၇" x ၇" x ၄. ၅") တစ်တုံး လျှင်ကျပ် ၂၀၀၊ ကျောက်ပြား (၁၈" x ၁၈"x ၂") တစ်ချပ်လျှင် ကျပ် ၁၀၀၀၊ (၁၂" x ၁၂"x ၂") တစ်ချပ်လျှင် ကျပ်၇၀၀ နှင့် (၁၈"x ၁၂"x ၂") တစ်ချပ်လျှင် ကျပ် ၈၀၀၊ အိမ်သာကျင်းဝွေ (၂ ထောင်ထွာ) အမြင့် တစ်တောင်လျှင် ကျပ် ၅၅၀၀ မှ ၆၀၀၀ နှုန်းဖြင့် ထွက်သမျှပစ္စည်းများအား ပွဲစားက သိမ်းယူ ဖြန့်ဖြူးရောင်းချ လျက်ရှိသည်။

ကျောက်ကျင်းလုပ်သားတစ်ဦးသည် တစ်နေ့လျှင် ကျောက်တုံး ၃၀ မှ ၅၀ ခန့်ပြီးစီးပြီး ကျပ် ၅၀၀၀ မှ ၁၀၀၀၀ အထိ ရရှိကြောင်း၊ အမျိုးသမီးတစ်ဦးအနေဖြင့် တစ်နေ့ ၄၀၀၀ ကျပ်ရရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးဖြစ်သည့် ရှင်မတောင်နယ်မှ သဘာဝသဲကျောက်ထုဆစ်ထုတ်လုပ်ငန်းသည် တစ်နှစ်ပတ်လုံး တွင်ကျယ်စွာ ထုတ်လုပ်ခြင်းဖြင့် စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရှိရပါသည်။

**အောင်မြိုင် (DOT-MDY)**



## လက်ဖက်ခြောက် ပိုမိုတင်ပို့

မြန်မာ့လက်ဖက်ကို ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ အနီးဝန်းကျင်နဲ့ တာချီလိတ်မြို့ တောင်ကြော၊ တောင် တန်းများ ပေါ်မှာ စိုက်ပျိုးကြပြီး ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတွေကို တင်ပို့ ရောင်းချကြရာ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၆၂၆၉ တန်ဖိုးရှိ လက်ဖက်ခြောက် ၉၃ တန် တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တန် ၅၀ ကျော်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ လက်ဖက်ခြောက် တန် ၄၀ ကျော် ပိုမိုတင် ပို့ခဲ့ ပါတယ်။ **မော်မော်အောင်**

➡ စာမျက်နှာ-၈ စဉ်ဆက်မပြတ် အားလုံး• • • မှ အဆက်

ရောင်းချဖို့၊ ဈေးကွက်တွေ ချဲ့ထွင်လာနိုင်တယ်။

- စွမ်းအားစုတွေကို စွမ်းရည် မြင့်မြင့် အသုံးချနိုင်ဖို့ ပြိုင်ဆိုင်မှုကို ဖြစ်စေတယ်။
- အချိန်ကြာလာတာနဲ့အမျှ ကျွမ်းကျင်မှုအဆင့်တွေ၊ လုပ်ခတွေ မြင့်မားလာစေနိုင်တယ်။

အောင်မြင်တဲ့ နိုင်ငံတွေဟာ သွင်းကုန်ခွန်နိမ့်တယ်။ (သွင်းကုန် ခွန် တစ်မျိုးတည်း ကောက်ဖို့ စဉ်းစားသင့်တယ်) လိုင်စင်ပေးတာတွေ၊ ခွဲတမ်း ချတာတွေရှောင်တယ်။ဆိပ်ကမ်းတွေကနေ ကုန်ပစ္စည်းတွေ၊ မြန်မြန် ဆန်ဆန် ချောချောမွေ့မွေ့ စီးဆင်း နိုင်အောင် လုပ်ပေးတယ်။ အထူးစီးပွား ရေးဇုန်တွေ၊ ဂိုဒေါင်တွေ၊ သီးသန့် နယ်မြေတွေ၊ အခွန်ပြန်အမ်းတာတွေ တည်ဆောက်ပေးတယ်။

**အုတ်မြစ် ၃(ဃ) အထောက်အကူပြုတဲ့ စီးပွားရေး ပတ်ဝန်းကျင်ဖြစ်ဖို့**

အခွင့်အလမ်းတွေ လျော့ပါး မသွားဘဲ တိုးပွားလာစေမည့် မူဝါဒတွေ ချမှတ်အကောင်အထည်ဖော်တယ်။ စည်းမျဉ်းစည်းကမ်းတွေ နည်းတာများတာက အဓိကမကျဘူး။ အသင့် တော်ဆုံး စည်းမျဉ်းစည်းကမ်းတွေရှိတဲ့ ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးနိုင်ရမယ်။

မလိုလားအပ်တဲ့ ကြိုးနီစနစ်တွေ၊ စည်းမျဉ်းတွေ၊ စည်းကမ်းတွေကြောင့်၊ စီးပွားရေးလုပ်ငန်းတွေ စရိတ်ကြီး ရင်းနှီးမြှုပ်နှံဖို့ ခက်နေတာမျိုးတွေကို (လယ်ယာကဏ္ဍအပါအဝင်) ဖယ်ရှားပေးရမယ်။

ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်လို့ အတားအဆီးတွေ အများကြီးထားတာ ကိုဖယ်ရှားရမယ်။ ဈေးကွက် လည်ပတ်ရတာအဆင်ပြေစေမယ်။ စည်းမျဉ်း စည်းကမ်းတွေကို အသုံးပြုရမယ်။ ဥပမာ- အစားအသောက်နဲ့ ပတ်သက်တဲ့ စံချိန်စံညွှန်းတွေ ပတ်ဝန်းကျင် မထိခိုက်အောင် ထိန်းချုပ်တာတွေ အလုပ်သမားနဲ့ ပတ်သက်တဲ့ အခြေအနေတွေ၊ ပိုင်ဆိုင်ခွင့်တွေ၊မြေယာပိုင်ဆိုင်ခွင့် တွေ၊ပဋိညာဉ်လေးစားလိုက်နာမှုတွေ အားကောင်းစေရမယ်။ ငွေစုငွေချေး နိုင်စေရမယ်။ ပြီးတော့ အကျင့်ပျက် ခြစားမှုတွေ နည်းပါးစေရမယ်။



## မြို့ကြီးများ၏ ၁၅-၈- ၂၀၁၆ မှ ၁၉-၈- ၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၅-၈-၂၀၁၆) | အင်္ဂါ(၁၆-၈-၂၀၁၆) | ဗုဒ္ဓဟူး(၁၇-၈-၂၀၁၆) | ကြာသပတေး(၁၈-၈-၂၀၁၆) | သောကြာ(၁၉-၈-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | ၇၀% ၂၈˚C/၈၂˚F | ၇၀% ၂၈˚C/၈၃˚F | ၆၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F |
| ရန်ကုန်မြို့ | ၇၀% ၂၈˚C/၈၃˚F | ၇၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၂၉˚C/၈၅˚F |
| မန္တလေးမြို့ | ၆၀% ၃၀˚C/၈၆˚F | ၇၀% ၃၁˚C/၈၈˚F | ၆၀% ၃၁˚C/၈၇˚F | တိမ်အသင့်အတင့် ၃၀˚C/၈၆˚F | ၄၀% ၃၁˚C/၈၈˚F |
| မြစ်ကြီးနား | ၄၀% ၃၂˚C/၉၀˚F | ၄၀% ၃၂˚C/၉၀˚F | ၆၀% ၃၁˚C/၈၈˚F | ၄၀% ၃၀˚C/၈၆˚F | ၄၀% ၃၁˚C/၈၈˚F |
| လားရှိုး | ၈၀% ၂၇˚C/၈၁˚F | ၈၀% ၂၈˚C/၈၂˚F | ၅၀% ၂၇˚C/၈၁˚F | ၆၀% ၂၇˚C/၈၀˚F | ၆၀% ၂၈˚C/၈၂˚F |
| ကျိုင်းတုံ | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၉˚C/၈၄˚F | ၆၀% ၂၇˚C/၈၁˚F | ၅၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F |
| လွိုင်ကော် | ၈၀% ၂၅˚C/၇၇˚F | ၇၀% ၂၅˚C/၇၇˚F | ၆၀% ၂၄˚C/၇၆˚F | ၆၀% ၂၄˚C/၇၆˚F | ၈၀% ၂၂˚C/၇၂˚F |
| တောင်ကြီး | ၈၀% ၂၃˚C/၇၃˚F | ၇၀% ၂၃˚C/၇၃˚F | ၆၀% ၂၃˚C/၇၃˚F | ၄၀% ၂၂˚C/၇၂˚F | ၈၀% ၂၃˚C/၇၄˚F |
| မော်လမြိုင် | ၈၀% ၂၈˚C/၈၂˚F | ၇၀% ၂၇˚C/၈၁˚F | ၆၀% ၂၇˚C/၈၁˚F | ၆၀% ၂၈˚C/၈၂˚F | ၆၀% ၂၈˚C/၈၃˚F |
| ဘားအံ | ၈၀% ၂၇˚C/၈၁˚F | ၇၀% ၂၇˚C/၈၁˚F | ၆၀% ၂၇˚C/၈၁˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F |
| ထားဝယ် | ၈၀% ၂၇˚C/၈၁˚F | ၇၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၃˚F |
| မုံရွာ | ၈၀% ၂၉˚C/၈၅˚F | ၈၀% ၃၁˚C/၈၈˚F | ၅၀% ၃၂˚C/၈၉˚F | ၄၀% ၃၁˚C/၈၈˚F | ၅၀% ၃၂˚C/၉၀˚F |
| ပုသိမ် | ၈၀% ၂၈˚C/၈၂˚F | ၇၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၄˚F | ၈၀% ၂၉˚C/၈၅˚F |
| မြိတ် | ၈၀% ၂၈˚C/၈၃˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F | ၈၀% ၂၈˚C/၈၂˚F |
| စစ်တွေ | ၈၀% ၂၈˚C/၈၂˚F | ၇၀% ၂၈˚C/၈၂˚F | ၆၀% ၂၈˚C/၈၃˚F | ၅၀% ၂၉˚C/၈၄˚F | ၆၀% ၂၉˚C/၈၄˚F |
| မကွေး | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၀˚C/၈၆˚F | ၈၀% ၃၁˚C/၈၈˚F | ၄၀% ၃၁˚C/၈၈˚F | ၈၀% ၃၂˚C/၈၉˚F |
| ဖလမ်း | ၈၀% ၂၁˚C/၇၀˚F | ၇၀% ၂၂˚C/၇၁˚F | ၈၀% ၂၂˚C/၇၂˚F | ၈၀% ၂၂˚C/၇၂˚F | ၈၀% ၂၂˚C/၇၂˚F |

# ပေါ်တူဂီနိုင်ငံ မယ်လ်ဒီရီယာကျွန်းတွင် တောမီးလောင်ကျွမ်းမှုများကြောင့် လူသုံးဦးသေဆုံး

ပေါ်တူဂီနိုင်ငံ၏ကျွန်းမြို့တစ်မြို့ ဖြစ်သည့် မယ်လ်ဒီရီယာကျွန်းတွင် တောမီးများလောင်ကျွမ်းလျက်ရှိရာ လူသုံးဦးသေဆုံးခဲ့ရကြောင်း နယူးယောက်တိုင်းမ်သတင်းတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းရာဒေသသည် ပေါ်တူဂီနိုင်ငံ၏မြို့တော် လစ္စဘွန်းနှင့် မိုင် ၆၀၀ ခန့်ကွာဝေးသော်လည်း မော်ရိုကိုနိုင်ငံနှင့်မူ မိုင် ၃၅၀ သာ ကွာဝေး သည့် ကျွန်းမြို့လေးတစ်မြို့ဖြစ်သည်။

အဆိုပါ မယ်လ်ဒီရီယာကျွန်းတွင် လူပေါင်း တစ်သိန်းကျော်နေထိုင်ကြပြီး ယခုအခါတွင် တောမီးလောင်ကျွမ်းမှုသည် မြို့ပေါ်ရှိ နေအိမ်များသို့ပါ ကူးစက်လောင်ကျွမ်းလျက်ရှိနေကြောင်း၊ အိမ်ခြေပေါင်း ၁၅၀ခန့်မီးလောင်ပျက်စီးခဲ့ရပြီး ဆက်လက်လောင်ကျွမ်းနေသည့် တောမီးအရှိန်ကြောင့် မြို့တွင်းအထိ ပျံ့နှံ့လာမည်ကိုစိုးရိမ်နေရကြောင်း၊ ပေါ်တူဂီနိုင်ငံသည် အီးယူအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့်အတွက် အရေးပေါ်ကူညီမှုများ ပြုလုပ်ပေးရန် အီးယူအဖွဲ့ဝင်နိုင်ငံများအား အကူအညီများ တောင်းခံထားကြောင်း မယ်လ်ဒီရီယာမြို့သို့ ရောက်ရှိနေသည့် ပေါ်တူဂီသမ္မတ အန် တိုနီယိုကို စတာက ပြောကြားခဲ့သည်။

အဆိုပါတောမီးများလောင်ကျွမ်းသည့် မယ်လ်ဒီရီယာမြို့သို့ အီတလီနိုင်ငံ မှ မီးသတ်သမား ၂၅၀ ကျော်ကို လေယာဉ်ဖြင့် စေလွှတ်ထားပြီးဖြစ်သည်ဟု ဆိုသည်။

ယခုဩဂုတ်လဆန်းပိုင်းမှစတင် လောင်ကျွမ်းခဲ့သည့် အဆိုပါတောမီးသည် ဩဂုတ်လ ၉ရက်အထိ သစ်တောဧက ပေါင်း ၆၂၀၀၀ အထိ ရှိလာပြီဖြစ်ရာ မီးသတ်သမားပေါင်း ၄၀၀၀ ကျော်တို့က ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

အဆိုပါတောမီးလောင်ကျွမ်းသည့် ဒေသသည် ပေါ်တူဂီလက်ရွေးစင်ဘော လုံးအသင်း၏ အသင်းခေါင်းဆောင်၊ ကမ္ဘာကျော်ဘောလုံးသမား ခရစ္စတီ ယာနိုရော်နယ်ဒို၏မွေးရပ်မြေဖြစ်ရာ ရော်နယ်ဒိုသည် တောမီးလောင်ကျွမ်းမှုများအတွက်ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ရော်နယ်ဒိုသည် မယ်လ်ဒီရီယာမြို့၏အုပ်ချုပ်ရေးမှူးထံသို့ ဖုန်းဆက်၍ အကူအညီပေးမှုများပြုလုပ်ပေးခဲ့သော်လည်း ကူညီထောက်ပံ့ပေးသည့်ပမာဏကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမပြုခဲ့ပေ။

**မယ်သီတာ**

# တရုတ်နိုင်ငံတွင် အပူလှိုင်းများကျရောက်နိုင်သလို မုန်တိုင်းများလည်း တိုက်ခတ်နိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်

တရုတ်နိုင်ငံတွင် အပူလှိုင်းများကျ ရောက်မည်ဟု သတိပေးချက်များ ထုတ်ပြန်ထားပြီး နှစ်ရက်အကြာတွင် မုန်တိုင်းများလည်းတိုက်ခတ်နိုင်ကြောင်း သတိပေးချက်အသစ်များ ထပ်မံထုတ်ပြန်ခဲ့ကြောင်း ချိုင်းနားဒေးလီးသတင်းတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံမိုးလေဝသဌာနသည် တရုတ်နိုင်ငံတောင်ပိုင်းနှင့်အလယ်ပိုင်း ဒေသများတွင် အပူချိန်များမြင့်တက်ကာ အပူလှိုင်းများ ဖြတ်သန်းနိုင်သကဲ့သို့ နိုင်ငံ၏မြောက်ပိုင်းဒေသများတွင် မုန်တိုင်းများ တိုက်ခတ်လာနိုင်ကြောင်း ဩဂုတ်လ ၁၃ ရက်တွင်သတင်းထုတ် ပြန်ခဲ့သည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဟွေ့ယီမြစ်နှင့်မြစ်ဝါမြစ်တစ်လျှောက်ရှိ ပြည်နယ်များ၊ ယန်စီမြစ်တောင်ပိုင်းရှိ ဒေသများနှင့် ရှင်ကျန်းအူဂါဒေသများတွင် နေ့အပူချိန်များ မြင့်တက်လာနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါဒေသများတွင် နေ့အပူချိန်များသည် ၃၅ ဒီဂရီဆဲလ်ဆီးယပ်စ် မှ ၄၀ ဒီဂရီဆဲလ်ဆီးယပ်စ်အထိ မြင့်တက်လာနိုင်ကြောင်း၊ အပူချိန်များမြင့်တက်လာမှုကြောင့် အပူလှိုင်းဖြတ်သန်းမှုဒဏ်ကိုလည်းခံစားကြရမည်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုအတွက် အဝါရောင်အဆင့်အဖြစ်သတ်မှတ်ထားကြောင်း အဆိုပါဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ထိုအတောအတွင်း တရုတ်နိုင်ငံ ၏မြောက်ပိုင်းနှင့်အနောက်မြောက်ပိုင်း ဒေသတို့တွင် မုန်တိုင်းများ ဖြစ်ပေါ်လာ နိုင်ကာ မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း၊ အထူးသဖြင့် ဂွမ်ဒေါင်းပြည်နယ်၊ ဖူကျန့်၊ ဂွမ်ရှီ၊ ဟွေနမ်ဒေသတို့တွင် သုံးရက်အတွင်း မုန်တိုင်းများဖြစ် ပေါ်လာနိုင်ကာ မိုးသည်းထန်စွာရွာ သွန်းနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာန၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နေ့အပူချိန်များမြင့်တက်မည်ဟု အဝါရောင်အဆင့် ကြေညာချက်ထုတ် ပြန်ထားသည့် တရုတ်နိုင်ငံအလယ်ပိုင်း နှင့်တောင်ပိုင်းဒေသများသည် ပြီးခဲ့ ဇူလိုင်လအတွင်းက မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ဖြစ်ပေါ်ခဲ့ရသည့်ဒေသများ ဖြစ်သည်။

# Re-export နဲ့ ဘယ်လိုကုန်သွယ်ကြမလဲ



(ယခင်တစ်ပတ်မှအဆက်)

မယ်သီတာ

ပထမအကြိမ်တင်သွင်းတင်ပို့ပြီး ဒုတိယအကြိမ်တင်သွင်းရန် လျှောက်ထားပါက တင်ပို့ခဲ့တဲ့ ED/ID ကားစာရင်း၊ တစ်လအတွင်း ငွေ ပြန်လည်ဝင်ရောက်မယ်ဆိုတဲ့ ဝန်ခံကတိနဲ့အတူ ပင်လယ်ရေကြောင်းကနေ တင်သွင်းပါက အများဆုံးတန် ၂၀၀၀၊ နယ်စပ်မှ တင်သွင်းပါက အများဆုံးတန် ၁၀၀၀ ခွင့်ပြုမှာဖြစ်ပါတယ်။ ဒါပေမယ့် သကြားကို Re-export စနစ်နဲ့တင်သွင်းရာမှာ ခွင့်ပြုထားတဲ့တန်ချိန်ထက် ပိုမိုတင်သွင်းလိုတယ်ဆိုရင်တော့ ဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီရဲ့ စိစစ်ခွင့်ပြုချက်နဲ့ ပင်လယ်ရေကြောင်းကနေ အများဆုံး တန်ချိန် ၅၀၀၀၊ နယ်စပ်မှ အများဆုံး တန်ချိန် ၂၀၀၀ ခွင့်ပြုပေးမှာ ဖြစ်ပါတယ်။

အလားတူပဲ တတိယအကြိမ် တင်သွင်း၊ တင်ပို့ခြင်းပြုလုပ်ဖို့ ထပ်မံလျှောက်ထားမယ်ဆိုရင်လည်း ဒုတိယအကြိမ် တင်သွင်းစဉ်က ED/ID ကားစာရင်း၊ ပထမအကြိမ်တင်ပို့သည့်တန်ချိန်အတွက် နိုင်ငံခြားဘဏ်များမှ မြန်မာနိုင်ငံရှိ ဘဏ်များသို့ ငွေပြန်လည်ဝင်ရောက်ကြောင်း အထောက်အထား၊ ဒုတိယတင်ပို့ခဲ့တဲ့ တန်ချိန်အတွက် တစ်လအတွင်း ငွေပြန်လည်ဝင်ရောက်မယ်ဆိုတဲ့ဝန်ခံချက်တွေကို ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။ တတိယအကြိမ် တင်သွင်းတင်ပို့ခွင့်ပြုရာမှာတော့ ပင်လယ်ရေကြောင်းကနေ တင်သွင်းမယ်ဆိုရင် အများဆုံး တန်ချိန် ၂၀၀၀၊ နယ်စပ်မှတင်သွင်းမယ် ဆိုရင် အများဆုံး တန်ချိန် ၁၀၀၀ တင်သွင်းခွင့်ပြုမှာ ဖြစ်ပါတယ်။ ပိုမိုလျှောက် ထားလိုတယ်ဆိုရင်လည်းဒုတိယအကြိမ် လျှောက်ထားစဉ်က ခွင့်ပြုခဲ့တဲ့ တန်ချိန်အတိုင်း တင်ပို့တင်သွင်းခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

## Re-export vipiouwr;

Re-export စနစ်နဲ့ သတ်မှတ်ကုန်ပစ္စည်းများကို တင်ပို့တင်သွင်းခွင့်ပြုရာမှာ မူလလိုင်စင်သက်တမ်းကို သုံးလခွင့်ပြုထားပြီး ပထမအကြိမ် သက်တမ်းတိုးခြင်းကို တစ်လခွင့်ပြုထားသလို ဒုတိယအကြိမ် သက်တမ်းတိုးခြင်းကိုလည်း တစ်လခွင့်ပြုထားပါတယ်။

ဒါပေမယ့် အစားအသောက်နဲ့ ဆေးဝါးများ တင်သွင်းခွင့်အတွက် လျှောက်ထားလာတဲ့လိုင်စင်များကိုတော့ သက်တမ်းတိုးခွင့် မပြုပါဘူး။

Re-export စနစ်နဲ့ သတ်မှတ်ကုန်ပစ္စည်းများအား တင်ပို့တင်သွင်းခွင့်ပြုရာမှာ ခွင့်ပြုထားတဲ့သက်တမ်းအတွင်း လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိတဲ့ ကုမ္ပဏီတွေကိုတော့ လိုင်စင်သက်တမ်း တိုးခွင့်မပြုဘဲ သက်တမ်းကုန်သွားတဲ့ လိုင်စင်ကို ပြန်လည်အပ်နှံရမှာဖြစ်ပါတယ်။

## Re-export pepe puo;q wioi;&mrm vuem& r, pn;ur;rsm;

Re-export စနစ်နဲ့ ကုန်သွယ်မှုပြုရခြင်းရဲ့အဓိကရည်ရွယ်ချက်က ပို့ကုန် ပမာဏတိုးမြှင့်ရေးပဲဖြစ်ပါတယ်။ Re-export နဲ့ တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေကို ဆက်လက်တင်ပို့ခြင်းမရှိဘဲ ပြည်တွင်းမှာရောင်းချမယ်ဆိုရင်တော့ ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေ ထိခိုက်နစ်နာမှုရှိနိုင်တဲ့အတွက် စည်းကမ်းချက်တွေ သတ်မှတ်ထားရှိပါတယ်။

စက်သုံးဆီများကို Re-export စနစ်နဲ့ တင်သွင်းတင်ပို့ခွင့်ပြုရာမှာ စွမ်းအင်ဝန်ကြီးဌာနရဲ့ သတ်မှတ်စျေးနှုန်း၊ အမှတ်တံဆိပ်များ (Brand) အတိုင်း ခွင့်ပြုပေးမှာဖြစ်ပါတယ်။ အမှတ်တံဆိပ်အသစ်ဆိုပါက စွမ်းအင်ဝန်ကြီးဌာနကိုတင်ပြပြီး ကြိုတင်ခွင့်ပြုချက် တောင်းခံရမှာဖြစ်ပါတယ်။

ဒါ့အပြင် တင်သွင်းသယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းရပ်များအတွက် စွမ်းအင်ဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

> ”
>
> **တင်သွင်းတင်ပို့မယ့်ပစ္စည်းများနဲ့ပတ်သက်ပြီး သတ်မှတ်ထားတဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊စည်းမျဉ်းစည်းကမ်းတွေကိုလိုက်နာခြင်းမရှိဘူးဆိုရင် Re-export မှတ်ပုံတင်ကတ်ခွင့်ပြုထားမှုကို ပယ်ဖျက်သွားမှာဖြစ်တဲ့အပြင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

Re-export စနစ်နဲ့ စက်သုံးဆီ တင်သွင်းလာတဲ့ လုပ်ငန်းရှင်တစ်ဦးဟာ မိမိတင်သွင်းလာတဲ့စက်သုံးဆီတွေကို နိုင်ငံအတွင်းမှာ ဖြန့်ဖြူးရောင်းချခွင့်မရှိ သလို ဖြန့်ဖြူးရောင်းချခွင့်ကိုလည်း တင်းကျပ်စွာတားမြစ်ထားပါတယ်။

တင်သွင်းတင်ပို့သူအနေနဲ့ စက်သုံးဆီအသင်းဝင်ဖြစ်ဖို့ လိုအပ်သလို ယခင်က စက်သုံးဆီတင်သွင်းသယ်ဆောင်ခဲ့ဖူးတဲ့ အထောက်အထားတွေကို တင်ပြရမှာဖြစ်ပါတယ်။

တင်သွင်းလာတဲ့စက်သုံးဆီတွေရဲ့ အရည်အသွေးနဲ့ပတ်သက်ပြီး ဆိပ်ကမ်းသို့ စက်သုံးဆီတင်ဆောင်လာတဲ့သင်္ဘော ဆိုက်ရောက်ချိန်မှာ စွမ်းအင်ဝန်ကြီးဌာနရဲ့ စက်သုံးဆီအရည်အသွေး စစ်ဆေးချက် (Lab Test Result)ကို ရယူရမှာဖြစ်ပါတယ်။

Re-export စနစ်နဲ့တင်သွင်းလာတဲ့ စက်သုံးဆီတွေကို ဆိပ်ကမ်းမှ တစ်ဆင့် ပြည်တွင်းမှာ အဆင့်ဆင့်သယ်ဆောင်ပြီး ပြည်ပသို့ပြန်လည်တင်ပို့ပြီးတဲ့အချိန်အထိ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ လိုက် နာဆောင်ရွက်ခြင်းမရှိတဲ့ ကုမ္ပဏီလုပ်ငန်းရှင်ကို တည်ဆဲဥပဒေအရအရေးယူမှာဖြစ်တဲ့အပြင် ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းထားမှုကိုလည်း ပြန်လည်အမ်းပေးမှာ မဟုတ်ပါဘူး။

လယ်ယာထွက်ကုန်စိုက်ပျိုးသီးနှံများကို Re-export စနစ်နဲ့ ကုန်သွယ်ရာမှာ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထားတဲ့ Re-export လုပ်ထုံးလုပ်နည်းများနဲ့ အညီဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးရေးဦးစီးဌာနက သတ်မှတ်ထားတဲ့ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် Re-export စနစ်နဲ့ ကုန်တင်သွင်းတင်ပို့သူတွေအနေနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်ဖို့ အရေးကြီးလှပါတယ်။

## Re-export pepe ueo , rjy olrsm; v uem&r , pn;ur;rsm;

Re-export စနစ်နဲ့ စတင်ကုန်သွယ်မှုပြုမယ့် ကုမ္ပဏီတွေ၊ ကုမ္ပဏီအသစ် စတင်တည်ထောင်သူတွေဟာ လုပ်ငန်းများ စတင်မဆောင်ရွက်မီ “စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ Re-export စနစ်ဖြင့် ကုန်သွယ်မှုဆောင်ရွက်မည့်ကုမ္ပဏီများ စိစစ်ရေးအဖွဲ့”သို့ သတင်းပေးပို့ဆောင်ရွက်ရမှာဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုတဲ့ Re-export သွင်းကုန်/ထုတ်ကုန်လိုင်စင်ခွင့်ပြုချက်များ ရရှိမှသာ တင်သွင်းတင်ပို့ခွင့်ရရှိမှာ ဖြစ်ပါတယ်။ လိုင်စင်မရရှိမီ ကြိုတင်၍ တင်သွင်းခြင်း၊ တင်ပို့ခြင်းများကို လုံးဝခွင့်ပြုမှာမဟုတ်ပါဘူး။

ပြည်ပမှ တင်သွင်းခြင်း၊ ပြန်လည်တင်ပို့ခြင်းတို့ကို လိုင်စင်လျှောက်ထားစဉ်က တင်ပြထားတဲ့လမ်းကြောင်းအတိုင်းသာ သယ်ဆောင်ခွင့်ရှိပါတယ်။

တင်သွင်းမယ့်အချိန်၊ ပြန်လည်တင်ပို့မယ့်အချိန်တို့ကို ရက်စွဲ၊ ဆိပ်ကမ်း ဒါမှမဟုတ် တင်ပို့/တင်သွင်းမယ့်စခန်း တို့ကို ဖော်ပြပြီး Monitoring လုပ်မယ့်အဖွဲ့အစည်းထံသို့ ဆက်သွယ် တင်းပေးပို့ရမှာ ဖြစ်ပါတယ်။

မိမိတင်ပို့လိုက်တဲ့ ကုန်ပစ္စည်းတွေကို ကုန်လက်ခံမယ့်နိုင်ငံက အကြောင်း အမျိုးမျိုးကြောင့် အဲဒီကုန်စည်ကို လက်မခံခဲ့ဘူးဆိုရင် မိမိအစီအစဉ်နဲ့ ကုန်ပစ္စည်းတင်သွင်းခဲ့တဲ့နိုင်ငံကို ပြန်လည်တင်ပို့ရမှာဖြစ်ပါတယ်။

တင်သွင်းတင်ပို့မယ့်ပစ္စည်းများနဲ့ ပတ်သက်ပြီး သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်း မျဉ်းစည်းကမ်းတွေကို လိုက်နာခြင်းမရှိ ဘူးဆိုရင် Re-export မှတ်ပုံတင်ကတ် ခွင့်ပြုထားမှုကိုပယ်ဖျက်သွားမှာဖြစ်တဲ့အပြင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

Re-export စနစ်နဲ့ကုန်သွယ်မှုပြုတဲ့အတွက် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်တဲ့ ပို့ကုန်သုံးဆ တိုးမြှင့်ရေးရည်မှန်းချက်ကို အောင်မြင်အောင် ထောက်ပံ့ပို့ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။

Re-export စနစ်ဟာ နိုင်ငံတော်အတွက်ရော၊ ကုန်သည်အတွက်ပါ အကျိုးရှိစေတဲ့စနစ်တစ်ရပ်ဖြစ်ပါတယ်။

ဒါပေမယ့်လည်း Re-export စနစ်ဟာ လွဲမှားနေတယ်လို့ ယူဆထားတဲ့ ကုန်သည်တချို့လည်းရှိနေပါသေးတယ်။ Re-export စနစ်အစား Transit Trade ကိုကျင့်သုံးဖို့ ပြောကြားနေတာ သိရှိနေရပါတယ်။

## လက်ဝှေ့လောကမှ အနားယူပြီဟူသည့် စကားကိုပယ်ဖျက်၍ လက်ဝှေ့ပြန်လည်ထိုးသတ်ရန် ဘော့ပ်အာရမ်နှင့် ပက်ကွီအိုတို့ တွေ့ဆုံဆွေးနွေး

ယခုနှစ် ဧပြီလဆန်းပိုင်းက လက်ဝှေ့လောကမှ အနားယူသွားခဲ့သည့် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီအိုသည် လက်ဝှေ့လောကမှ အနားယူပြီဟူသည့်စကားကို ပယ်ဖျက်၍ နောက်တစ်ပွဲထပ်မံထိုးသတ်ရန် ၎င်း၏လက်ဝှေ့ပွဲသွင်းသူဘော့ပ်အာရမ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် နိုဝင်ဘာ ၅ ရက်တွင် လာ့စ်ဗီးဂတ်စ်၌ အမေရိကန်နိုင်ငံသားလက်ဝှေ့ကျော် ဂျက်ဆီဗားဂတ်စ်နှင့် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်အတွင်းက ပက်ကွီအိုသည် လက်ဝှေ့လောကမှ အနားယူပြီး နိုင်ငံရေးအလုပ်များကိုသာ ဦးစားပေးလုပ်ကိုင်တော့မည်ဟု ဆိုခဲ့သော်လည်း ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့ ရသဖြင့် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိနေခဲ့သဖြင့် ဘော့ပ်အာရမ်နှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အသက် ၃၇နှစ်ရှိပြီဖြစ်သည့် ပက်ကွီအိုသည် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်ရန် စိတ်လှုပ်ရှားလျက်ရှိပြီး ၎င်း၏ထိုးသတ်ပွဲအတွက် လှုံ့ဆော်စည်းရုံးရန် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အတွင်း လော့စ်အိန်ဂျလိစ်မြို့သို့ ၎င်း၏ အကြံပေးဖြစ်သူ မိုက်ကယ်ကွန့်ဇ်နှင့်အတူ သွားရောက်မည်ဖြစ်သည်။

"ကျွန်တော် ကြိုးဝိုင်းထဲကို ပြန်ဝင်တော့မှာပါ။ လာမယ့်နိုဝင်ဘာ ၅ ရက်မှာ အမေရိကန်နိုင်ငံသား WBO ဝယ်လ်တာဝိတ်တန်းချန်ပီယံ ဂျက်ဆီဗားဂတ်စ်နဲ့ ထိုးသတ်မှာပါ။ လက်ဝှေ့ကြိုးဝိုင်းနဲ့ ကျွန်တော်လေ့ကျင့်ခဲ့တဲ့နေရာတွေကို အမြဲသတိရနေခဲ့တာပါ။ လက်ဝှေ့အားကစားဟာကျွန် တော့်ရဲ့အနှစ်သက်ဆုံးသောအားကစားနည်းတစ်ခုပါ"ဟု ပက်ကွီအိုက ပြောကြားခဲ့သည်။

## အိုလံပစ်ပြိုင်ပွဲဝင် ဘူလ်ဂေးရီးယားအပြေးမယ် တားမြစ်ဆေးစစ်ဆေးမှု ကျရှုံး

ဘရာဇီးနိုင်ငံတွင်ကျင်းပလျက်ရှိသည့် ရီအိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲ၏ပြေးခုန်ပစ်ပြိုင်ပွဲဝင် ဘူလ်ဂေးရီးယားအပြေးမယ် ဆီလ်ဗာဒါနီကိုဗာသည် ဘရာဇီးနိုင်ငံသို့ ဇူလိုင် ၂၇ ရက်ကတည်းက ရောက်ရှိခဲ့ပြီး တားမြစ်ဆေးစစ်ဆေးမှုခံယူခဲ့သည်။

အသက် ၃၃ နှစ်အရွယ်ရှိ ဆီလ်ဗာဒါနီကိုဗာအား တားမြစ်ဆေးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံရကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ ဆီလ်ဗာဒါနီကိုဗာသည် မီတာ ၃၀၀၀ အတားအဆီးဖြတ်ကျော် ပြေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲ၏ ပြေးခုန်ပစ်ပြိုင်ပွဲများကို ဩဂုတ် ၁၂ ရက်မှ စတင်ကျင်းပလျက် ရှိသည်။

နီကိုဗာသည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင်လည်း မီတာ ၃၀၀၀ အတားအဆီးဖြတ်ကျော် ပြေးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Heat အဆင့်မှာပင် ပြုတ်ကျန်ခဲ့ရသည်။

"ကျွန်တော်တို့ တကယ်စိတ်မကောင်းပါဘူး။ နီကိုဗာကို တားမြစ်ဆေးစစ်ဆေးရာမှာ အောင်မြင်မှုမရရှိခဲ့ပါဘူး"ဟု ဘူလ်ဂေးရီးယား အိုလံပစ်ကော်မတီသို့ အကြောင်းကြားစာတွင် ဖော်ပြထားသည်။

နီကိုဗာသည် ရီအိုဒီအိုလံပစ်ပြိုင်ပွဲတွင် ပထမဦးဆုံး တားမြစ်ဆေးကျရှုံးသည့် အားကစားသမားတစ်ဦးဖြစ်ခဲ့ပြီး တရုတ်နိုင်ငံမှ ရေကူးမယ် ချင်စီရီသည်လည်း တားမြစ်ဆေးကျရှုံးခဲ့သဖြင့် ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ခံခဲ့ရသည်။ ဘူလ်ဂေးရီးယားနိုင်ငံသည် အလေးမပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားခဲ့သော်လည်း တားမြစ်ဆေးကျရှုံးမှုကြောင့် ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်ခံခဲ့ရသည်။

## မြန်မာအမျိုးသမီးနည်းပြ နယ်သာလန်နိုင်ငံသား မစ္စတာရော်ဂျာအား တစ်နှစ်နှင့် ရှစ်လသက်တမ်းရှိ သက်တမ်းတိုးစာချုပ် ချုပ်ဆို



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ်ဖြစ်သူ မစ္စတာဘရိုင်ယန်ရော်ဂျာအား တစ်နှစ်နှင့် ရှစ်လ သက်တမ်းရှိ သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မစ္စတာရော်ဂျာသည် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ယခင်က ချုပ်ဆိုခဲ့သည့်စာချုပ်သက်တမ်းမှာ လာမည့် စက်တင်ဘာ ၁၂ ရက်တွင် ကုန်ဆုံးမည်ဖြစ်ရာ ယခုထပ်မံချုပ်ဆိုခဲ့သည့်စာချုပ်သက်တမ်းသည် စက်တင်ဘာ ၁၂ ရက်မှပင် စတင်မည်ဖြစ်သည်။

မန္တလေးမြို့တွင် ကျင်းပခဲ့သည့် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲဝင် မြန်မာအမျိုးသမီးအသင်းကို ကိုင်တွယ်ခဲ့သည့် ရော်ဂျာ၏လုပ်ဆောင်ချက်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် သဘောကျနှစ်ခြိုက်ခဲ့ကြောင်း၊ မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းကို ပြင်းပြင်းထန်ထန် ပိုမိုလေ့ကျင့်ကာ ကစားသမားတစ်ဦးချင်း၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ တိုးတက်လာရေးကို နည်းပြကြီးအနေဖြင့် ဆက်လက်လုပ်ဆောင်ပေးပြီး မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ကြိုးပမ်းပေးရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က တိုက်တွန်းပြောကြားခဲ့သည်။

"မြန်မာအမျိုးသမီး အသင်းမှာ အောင်မြင်နိုင်တဲ့အလားအလာကောင်းတွေရှိနေပါတယ်။ အသင်းအတွက် မျိုးဆက်သစ် အားကစားသမားတွေလည်း ရှိနေပြီး မြန်မာ့လက်ရွေးစင်အသင်းဟာ ကမ္ဘာ့ဖလား ခြေစစ်ပွဲအထိ သွားနိုင်တဲ့ အသင်းတစ်သင်းဆိုတာ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲဝင်နေတဲ့အချိန်မှာ သိရှိခဲ့ရပါတယ်။ နောက်ပြီး ဒီနိုင်ငံသားတွေရဲ့ စိတ်နေစိတ်ထား၊ ပရိသတ်တွေရဲ့ အားပေးမှုတွေနဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌတို့ရဲ့ ပံ့ပိုးမှုတွေကြောင့် မြန်မာအသင်းနဲ့ ဆက်လက် လက်တွဲဖို့ဆုံးဖြတ်ခဲ့တာပါ"ဟု မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ နည်းပြချုပ် ရော်ဂျာက ပြောကြားခဲ့သည်။

## ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုမှလွတ်မြောက်နိုင်ရန် အခွင့်အရေးကောင်းများရှိဟု မြန်မာနည်းပြချုပ်သုံးသပ်



ဆူဇူကီးဖလား အုပ်စုခွဲဝေမှုတွင် မြန်မာ့လက်ရွေးစင်အသင်း အနေဖြင့် အုပ်စု(ခ)၌ ဗီယက်နမ်၊ မလေးရှား၊ခြေ

စစ်ပွဲအောင်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိရာ မြန်မာအသင်း နည်းပြချုပ် မစ္စတာဂတ်ဆီဇီက ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် အုပ်စုအဆင့်ကိုကျော်ဖြတ်ကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ရန် အခွင့်အရေးကောင်းများ ရှိနေကြောင်း ပြောကြားခဲ့သည်။

"ဒီအုပ်စုဟာ ကျွန်တော်တို့အတွက်တော့ တကယ့်ကို စိန်ခေါ်မှုတစ်ခုပါပဲ။ အုပ်စုတွင်းက အသင်းတွေက အသင်းကောင်းတွေပါ။ ပြိုင်ပွဲမတိုင်မီမှာ ကျွန်တော်တို့အတွက် သုံးလအထိလေ့ကျင့်ချိန် ရပါတယ်။ ဒီသုံးလအတွင်းမှာ ဥရောပကိုလည်း ရက်သတ္တခြောက်ပတ်ကြာ သွားရောက်လေ့ကျင့်မှာပါ။ ကျွန်တော်တို့မှာ အုပ်စုအဆင့်ကိုကျော်ဖြတ်ပြီး ဆီမီးဖိုင်နယ်ကို တက်ရောက်နိုင်ဖို့ အခွင့်အရေးကောင်းတွေရှိနေပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင်နည်းပြချုပ်က အုပ်စုတွင်းရေပန်းအစားဆုံးအသင်းမှာ ဗီယက်နမ်ဖြစ်ကြောင်း၊ ဗီယက်နမ်အသင်းသည် တိုးတက်နေသည့် အသင်းတစ်သင်းဖြစ်ပြီး နည်းစနစ်ပိုင်း ပြောင်မြောက်သည့်ကစားသမားများကို ပိုင်ဆိုင်ထားသကဲ့သို့ နည်းဗျူဟာပိုင်းတွင်လည်း ကောင်းမွန်ကြောင်း ပြောကြားခဲ့သည်။

ခြေစစ်ပွဲအဆင့်မှ တက်ရောက်လာမည့် အသင်းသည် ကမ္ဘောဒီးယားအသင်းဖြစ်နိုင်ကြောင်း ၎င်းက ထင်မြင်ချက်ပေးခဲ့သည်။ ဆူဇူကီးဖလားပြိုင်ပွဲ၏ခြေစစ်ပွဲများကို လာမည့် အောက်တိုဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘောဒီးယား၊လာအို၊ ဘရူနိုင်းနှင့်တီမောအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းကို လက်ရှိတွင် အနားပေးထားပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲများ ပြီးဆုံးချိန် ဩဂုတ် ၂၃ရက်မှစတင်ကာ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ပြီး ဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် အတွေ့အကြုံကောင်းများ ရရှိရန်ရည်ရွယ်ကာ စက်တင်ဘာ ၁၁ရက်တွင် ဥရောပနိုင်ငံများသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

## AYA Bank U-19 Cup 2016

## ဖိတ်ခေါ်ပြိုင်ပွဲကို ယခုလအတွင်း ကျင်းပမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာယူ-၁၉ အသင်း အောင်မြင်မှုရရှိစေရန်အတွက် ဗီယက်နမ်၊ မြန်မာ၊ ထိုင်းနှင့် ဂျေလိဂ်မှ ဆွာပေါ်လို ယူ-၁၈အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည့် AYA Bank U-19 Cup 2016 ဖိတ်ခေါ်ပြိုင်ပွဲကို ယခုလ ၂၂ ရက်မှ၂၈ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်းကြီးတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ချန်ပီယံဖြစ်သည့်အသင်းအား ဆုဖလား၊ ဆုတံဆိပ်နှင့် ဆုကြေး အမေရိကန်ဒေါ်လာ ၁၅၀၀၀၊ ဒုတိယဆုရရှိသည့် အသင်းအား ဆုတံဆိပ်နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ တတိယရရှိသည့် အသင်းအား ဆုတံဆိပ်နှင့် ဆုကြေး အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို တစ်နေ့လျှင် နှစ်ပွဲကျစီ ကျင်းပသွားမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် တစ်ပွဲ၊ ညနေ ၆ နာရီတွင် တစ်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဩဂုတ် ၂၂ ရက်တွင် ထိုင်းယူ-၁၉နှင့် ဗီ ယက်နမ်ယူ-၁၉၊ မြန်မာယူ-၁၉ နှင့် ကွန်ဆိုဒိုလိတ် ဆွာပေါ်လို ယူ-၁၈၊ ဩဂုတ် ၂၄ ရက်တွင် ဆွာပေါ်လိုယူ-၁၈နှင့်ထိုင်းယူ-၁၉၊ ဗီယက်နမ်ယူ-၁၉ နှင့် မြန်မာယူ-၁၉၊ ဩဂုတ် ၂၆ ရက်တွင် ဗီယက်နမ် ယူ-၁၉နှင့် ဆွာပေါ်လိုယူ-၁၈၊ မြန်မာယူ-၁၉နှင့် ထိုင်းယူ-၁၉ တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယင်းပွဲစဉ်များတွင် အမှတ်အများဆုံးရရှိသည့် အသင်းနှစ်သင်းသည် ဗိုလ်လုပွဲသို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ကျန်နှစ်သင်းမှာ တတိယနေရာလုပွဲအတွက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲများကို ဩဂုတ် ၂၈ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ လက်မှတ်ဈေးနှုန်းနှင့် ရောင်းချမည့် နေ့ရက်၊ နေရာတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Vol: 16, No.30 Monday August 15 2016

## ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် အထက (၂) လသာတို့တွင် စားသုံးသူအကာအကွယ် ပေးရေးအကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပ



စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းနဲ့ တာဝန်ရှိ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နဲ့ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၉ ရက်တွင် ကမာရွတ်မြို့နယ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်၌ လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် လသာမြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း မြည်သီလာခံခန်းမ၌ လည်းကောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး လသာမြို့နယ်၊ အထက(၂) ကျောင်းမုန့်ဈေးတန်း၌ ကွင်းဆင်းကြည့်ရှု အသိပညာပေးခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲများတွင် ရန်ကုန်ပညာရေး တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာပြုံးပြုံးအောင်နဲ့ အထက(၂)လသာကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသိင်္ဂီကျော်တို့က အဖွင့်အမှာစကား ပြောကြားပြီး စားသုံးသူရေးရာ ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဦးစီးအရာရှိ ဒေါက်တာရဲမင်းထိုက်နဲ့ ဦးစီးအရာရှိ ဒေါက်တာ ဟန်မွန်မျိုးဟိန်း၊ ကမာရွတ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးမှူး အဆင့်(၁) ဒေါ်မြင့်မြင့်ငွေး၊ လသာမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန သူနာပြုဆရာမကြီး ဒေါ်ခင်ခင်ဝင်းတို့က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ စားသုံးသူများ ရရှိနိုင်တဲ့ အခွင့်အရေးများနဲ့ လိုက်နာရမည့် တာဝန်၊ စားသုံးသူများ အနေနဲ့ နစ်နာဆုံးရှုံးမှု ဖြစ်ခဲ့လျှင် တိုင်ကြားနိုင်မည့် နည်းလမ်းများ၊ ရောင်းချသူ စီးပွားရေးလုပ်ငန်းရှင်များက အာမခံချက် ပြည့်စုံစွာပါရှိတဲ့ ကုန်ပစ္စည်းများကို ရွေးချယ် ရောင်းချရမယ့် အခြေအနေများကို အသေးစိတ် ဟောပြော ဆွေးနွေးခြင်း၊ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ ဘေးဥပဒ်အန္တရာယ်ကင်းစေရန်နဲ့ အရည်အသွေး ကောင်းမွန်စေရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆိုးဆေးနဲ့ မသန့်ရှင်းသည့် အစားအစာများကို စားသုံးမိပါက ဖြစ်ပေါ်လာနိုင်တဲ့ ရောဂါများ အခြေအနေတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြပါတယ်။

ရန်ကုန် ပညာရေးတက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့တဲ့ ဟောပြောပွဲသို့ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ အဆောင်မှူးများ၊ တက်ရောက် ပညာသင်ကြားနေတဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းအတွင်းရှိ စားသောက်ဆိုင်များမှ ဈေးရောင်းချသူများ စုစုပေါင်း ၁၄၀ ဦးခန့် တက်ရောက်ခဲ့ပြီး အထက(၂) လသာတွင် ကျင်းပပြုလုပ်ခဲ့သည့် ဟောပြောပွဲသို့ ဒုတိယမြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူများ၊ ကျောင်းဈေးရောင်းချသူများ စုစုပေါင်း ၅၈၆ ဦး တက်ရောက်ခဲ့ပါတယ်။

အလားတူ ဩဂုတ်လ ဒုတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးရဲ့ ကြီးကြပ်မှုအောက်ရှိ အရှေ့ပိုင်းခရိုင်တွင် လေးနေရာ၊ အနောက်ပိုင်းခရိုင်တွင် လေးနေရာ၊ တောင်ပိုင်းခရိုင်တွင် ရှစ်နေရာ၊ မြောက်ပိုင်းခရိုင်တွင် ခြောက်နေရာတို့၌ စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲများနှင့် ကွင်းဆင်းစစ်ဆေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**လဲ့လဲ့ငွေး (စားသုံးသူ - ရန်ကုန်)**

## ကယားပြည်နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများနဲ့ အခြေခံပညာအလယ်တန်းကျောင်းများတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း အသိပညာပေး ဟောပြောပွဲကျင်းပ

ကယားပြည်နယ်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ဦးစီးမှူးရုံးမှ ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းနဲ့ တာဝန်ရှိသူများသည် ဩဂုတ် ၈ရက်တွင် လွိုင်ကော်မြို့ အထက၌ လည်းကောင်း၊ ဩဂုတ် ၉ရက်တွင် ဝါရီကောခူကျေးရွာ အထက (ခွဲ)နဲ့ ကုန်းသာကျေးရွာအထကတို့တွင် လည်းကောင်း၊ ဩဂုတ် ၁၀ရက်တွင် ဒေါသမရပ်ကွက် အလက၌ လည်းကောင်း၊ ဩဂုတ် ၁၂ ရက်တွင် နွားလဝိုး ကျေးရွာ အထကနဲ့ ထီးသူကူကျေးရွာ အလက၌ လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲများ ကျင်းပခဲ့ပါတယ်။ အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားများ စုစုပေါင်းအင်အား ၃၉၇၀ ခန့် တက်ရောက်ခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသုံးသူ အကာအကွယ်ပေးရေးသည် စားသောက်ကုန် တစ်မျိုးတည်းမဟုတ်ဘဲ လူသုံးကုန် ဆေးဝါး၊ အလှကုန် ပစ္စည်းများနဲ့ ဝန်ဆောင်မှုလုပ်ငန်းများလည်း အကျုံးဝင်ကြောင်း၊ စားသုံးသူများ ထိခိုက်နစ်နာမှုရှိလျှင် တိုင်ကြားနိုင်တဲ့ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့များကို ပြည်နယ်၊ ခရိုင်များတွင် ဖွဲ့စည်းထားကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးသည် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်၍ မရကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး စက်ဝိုင်းကြီးထဲမှာ အစိုးရဌာနများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ၊ အသင်းအဖွဲ့များ စတဲ့ အရေးကြီးတဲ့အပိုင်းတွေ ရှိပါတယ်။ ဒီအပိုင်းတွေဟာ ချိတ်ဆက်လည်ပတ်နေတာကြောင့် အားလုံး ပူးပေါင်း ဆောင်ရွက်မှသာ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းအောင်မြင်မည် ဖြစ်ပါကြောင်း ရှင်းလင်း ဟောပြောဆွေးနွေး ခဲ့ပါတယ်။

ဟောပြော ဆွေးနွေးပွဲအပြီးတွင် ကျောင်းမုန့်ဈေးဆိုင်များ၌ ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသည့် စားသုံးရန် မသင့်တဲ့ အစားအစာများ ရောင်းချခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးပြီး၊ ကလေးများအတွက် ဘေးဥပဒ် အန္တရာယ်ကင်းပြီး အာဟာရပြည့်ဝသည့် အစားအသောက်များကိုသာ ရောင်းချစေလိုကြောင်း အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရပါတယ်။

**မြို့ရိ (စားသုံးသူ-လွိုင်ကော်)**

## စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းအပေါ် ပြည်သူတို့၏ သဘောထားလေ့လာချက် စစ်တမ်းများအား ကယားပြည်နယ်တွင် ကောက်ခံ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနက မြန်မာတစ်နိုင်ငံလုံးရှိ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များတွင် ပြုလုပ်လျက်ရှိသော စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းအပေါ် စားသုံးသူ ပြည်သူတို့ရဲ့ သဘောထား လေ့လာချက် စစ်တမ်းများ ကောက်ခံလျက်ရှိရာ ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးကလည်း ကယားပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းပြီး ၁၈ နှစ်နဲ့ အထက် ကျား၊ မ များအား စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အပေါ် စားသုံးသူ ပြည်သူတို့ရဲ့ သဘောထား ထင်မြင်ချက် အတွေ့ အကြုံ၊ အကြံပြုချက်စစ်တမ်းများ ကောက်ခံလျက်ရှိပါတယ်။

ထိုသို့ စစ်တမ်းကောက်ခံရာတွင် စားသုံးသူရေးရာ ဦးစီးဌာန (ရုံးချုပ်)က ချမှတ်ပေးထားတဲ့ အချက်အလက်များ အတိုင်း စားသုံးသူအကာအကွယ်ပေးရေးကိစ္စရပ်များနဲ့ ပတ်သက်တဲ့ မေးခွန်းများ၊ အစားအစာအပါအဝင် ကုန်ပစ္စည်းများ ရွေးချယ်ဝယ်ယူနိုင်မှုနဲ့ ပတ်သက်တဲ့ မေးခွန်းများ ၊ စားသုံးမှုပုံစံနှင့် ပတ်သက်တဲ့မေးခွန်းများ၊ စားသုံးသူပြည်သူ တို့ရဲ့ အတွေ့အကြုံပေါ် အခြေခံသည့် သဘောထား၊ ယခု ဆောင်ရွက်လျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများနှင့် ပတ်သက်၍ စားသုံးသူ ပြည်သူများရဲ့ ရွေးချယ်မှုနဲ့ သဘောထားအမြင်များ၊ ဆက်လက်ဆောင်ရွက် သင့်တဲ့ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများနဲ့ ပတ်သက်၍ အကြံပြုလိုတဲ့ အချက်များ စသည်ဖြင့် မေးခွန်းပေါင်း ၇၀ ပါဝင်ပါတယ်။ မေးခွန်း များဖြေဆို ရာတွင်လည်း မေးမြန်းထားသော မေးခွန်းများကို သိလျှင်သိကြောင်း၊ မသိလျှင် မသိကြောင်း လေးထောင့်ကွင်းတွင် (အမှန်ခြစ်) ခြစ်ပေးရမှာဖြစ်ပြီး မေးခွန်းဖြေဆိုသူ စားသုံးသူပြည်သူ၏ သဘောထား ထင်မြင်ချက် ၊ အကြံပြုချက်များကိုလည်း ရေးပေးရမှာဖြစ်ကြောင်း သိရပါတယ်။ ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် သတ်မှတ်ထားတဲ့ လူဦးရေအတိုင်း ကယားပြည်နယ်အတွင်း ရှိသော စားသုံးသူ ပြည်သူများတည်ရှိရာ နေရာအနှံ့ စုံလင်အောင် ကွင်းဆင်း ပြီး စားသုံးသူစစ်တမ်းများ ကောက်ခံလျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လွင်ကိုအောင် (လွိုင်ကော်)**

## ကလေးခရိုင်အတွင်းရှိ မြို့နယ်များ၌ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ကလေးခရိုင်၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိတ်ဖက်ဌာနများသည် ဧပြီလမှ ဇူလိုင်လအထိ ကလေးခရိုင်အတွင်းရှိ မြို့နယ်များ၌ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ စာသင်ကျောင်းပေါင်း ၅၁ကျောင်း၊ ကျေးရွာ ၁၁၂ရွာ၊ ရပ်ကွက် ၁၁ရပ်ကွက်၊ ဝန်ထမ်းဌာန လေးဌာန၊ ကွန်ပျူတာတက္ကသိုလ် ကျောင်းတစ်ကျောင်း၊ မြို့နယ်အတွင်းရှိဈေးများတွင် ခုနစ်ကြိမ်၊ ရက်ကန်းလုပ်ငန်းရှင်၊ ရေသန့်လုပ်ငန်းရှင်၊ ဆီစက်လုပ်ငန်းရှင် ၂၀ဦးတို့နှင့် တွေ့ဆုံကာ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေး ခဲ့ပါသည်။

အဆိုပါ ဟောပြောပွဲများသို့ ကျောင်းအုပ်ကြီးနှင့်တကွ ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများ၊ ရပ်မိရပ်ဖများ စုစုပေါင်း ၁၅၇၆၁ ဦး တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲတွင် ကလေးခရိုင် ဦးစီးမှူးနှင့် တာဝန်ရှိသူ အသီးသီးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်း၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ လုပ်ပိုင်ခွင့်နှင့် တာဝန်များ အကြောင်း၊ တိုင်ကြားစာပုံစံများ အကြောင်း၊ ဆေးလိပ်၊ စီးကရက်၊ ဘီယာ၊ ကွမ်းတို့၏ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် နောက်ဆက်တွဲ ဖြစ်ပွားနိုင်သော ရောဂါ အန္တရာယ်များ အကြောင်း၊ အရောင်ဆိုးဆေးများ၏ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ စံမညီမြေပဲဆီနှင့် အချိုမှုန့် အန္တရာယ်များအကြောင်း၊ အန္တရာယ်ရှိ မုန့်မျိုးစုံအကြောင်းနှင့် အန္တရာယ်ရှိအစား အသောက်များတွင် တာရှည်ခံဆေးများ၊ မှိုမတက်ဆေးများ၊ အရောင်ချွတ်ဆေးများ ထည့်သွင်းထားသောကြောင့် စားသုံးရန်မသင့်ကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**စိုးငြိမ်း (ကလေး)**

# မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မွန်ပြည်နယ် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံ ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၈ ရက်က မွန်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနရုံး၌ ကျင်းပခဲ့ရာ မွန်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝဏ္ဏကျော်နှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ နှစ်ရပ်တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုစုပေါင်း ၂၆ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မွန်ပြည်နယ် စားသုံးသူ အငြင်း ပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌစီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝဏ္ဏကျော်က စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် စားသုံးသူများအတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တက်ရောက်လာသည့် အဖွဲ့ဝင်များက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ အောင်မြင်ရန် ရှေးလုပ်ငန်းစဉ်များနှင့် အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်း ဆွေးနွေးပေးကြပါရန် ပြောကြားခဲ့ပါသည်။

စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန မွန်ပြည်နယ် ဦးစီးမှူး ဦးစိုးသန်းအေးက စားသုံးသူရေးရာဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အသိပညာပေး ဟောပြော ဆွေးနွေးပွဲနှင့် ဈေးကွက်ကွင်းဆင်း ပညာပေး လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ စားသုံးသူ ပညာပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် မိတ်ဖက် အဖွဲ့ အစည်းများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့သဖြင့် အခက်အခဲ မရှိပါကြောင်း၊ စားသုံးသူ အငြင်းပွားမှုနှင့် ပတ်သက်ပြီး ယခုအချိန်ထိ တင်ပြတိုင်တန်းမှု တစ်စုံတစ်ရာ မရှိသေးပါကြောင်း၊ တင်ပြတိုင်တန်းမှုများရှိပါက စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ကို တင်ပြပြီး ဖြေရှင်းဆောင်ရွက် သွားမှာဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများ ပိုမိုထိရောက်စေဖို့ တက်ရောက် လာသူများမှ အကြံဉာဏ်များပေးကြဖို့ ဖိတ်ခေါ်ပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ယင်းနောက် တက်ရောက်လာသည့် အဖွဲ့ဝင်များက စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ အောင်မြင် ရန်အတွက် စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ အစားအသောက်နှင့် ပတ်သက်၍ လုံခြုံစိတ်ချရပြီး ဘေးအန္တရာယ် မဖြစ်စေရန် လူထုထဲသို့ ပညာပေး အစီအစဉ်များ စဉ်ဆက်မပြတ် ပြုလုပ်ပေးရန် အခြေအနေ၊ တစ်ဖက်နိုင်ငံမှ နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်နေသည့် ကြက်ဥ၊ ကြက်သား၊ သားငါးများကို တားဆီးနိုင်ရေး နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။

တက်ရောက်လာသည့် အဖွဲ့ဝင်များ၏ ဆွေးနွေးခဲ့မှုနှင့် ပတ်သက်ပြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌစီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီး ဦးဝဏ္ဏကျော်က တက်ရောက် လာသူများက အခုလို ဝိုင်းဝန်း ဆွေးနွေးပေးလို့ ကျေးဇူးတင်ရှိပါကြောင်း၊ မွန်ပြည်နယ်ဟာ ကျန်တဲ့ တိုင်းနှင့် ပြည်နယ်တွေ နှင့် မတူသည့် အခြေအနေက နယ်စပ်ထွက်ပေါက်များစွာ ရှိနေသဖြင့် နည်းလမ်းမျိုးစုံဖြင့် တရားမဝင် ဝင်ရောက်နေသည့် ကိစ္စရပ်များအား တားဆီးနိုင်ရေး အထက်အဆင့်သို့ တင်ပြဆောင်ရွက်သွားမည်ဟု ပြန်လည် ရှင်းလင်းခဲ့ကြောင်း သတင်းရရှိပါသည်။

**မိုးမိုး (စားသုံးသူ-မွန်)**

## ပုသိမ်ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ပထမအကြိမ်တွေ့ဆုံပွဲ ကျင်းပပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး၊စားသုံးသူရေးရာဦးစီးဌာနတိုင်းဦးစီး မှူး ဦးခင်မောင်လှိုင်သည်ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့ များ၊ခရိုင်မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံခြင်း အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် စားသုံးသူရေး ရာခန်းမ၂ တွင် ကျင်းပပြုလုပ်ခဲ့ရာ ၃၅ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲတွင် တိုင်းဦးစီးမှူးက မိတ်ဆက်အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တိုင်းစားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ဆောင် ရွက်ချက်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။ ဆက်လက်၍ ပုသိမ် ခရိုင်ဦးစီးမှူးက စားသုံးသူ ရေးရာဥပဒေများ၊ အငြင်းပွားမှုအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းပုံ၊ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့်ဆောင်ရွက်ရမည့်လုပ်ငန်းများအား အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပါသည်။ထို့နောက် တက်ရောက်လာသူများက မိမိဌာနအလိုက် စားသုံးသူရေးရာကိစ္စများနှင့် ပတ်သက်၍ပူးပေါင်းဆောင်ရွက်မှုများအားရှင်းလင်း တင်ပြခဲ့ပါသည်။

ဆက်လက်၍တိုင်းဦးစီးမှူးက အဖွဲ့များ၏ဆောင်ရွက်နေမှုများအား ပြည်သူများ သဘောပေါက်နားလည်လာအောင် အမျိုးသားရေး တာဝန် တစ်ရပ်အနေဖြင့် အားထည့်ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် အဖွဲ့များ မှ ပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိပါ သည်။

**မောင်ပုသိမ်**

# မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ ဇူလိုင် စတုတ္ထပတ်နဲ့ ဩဂုတ်လ ပထမပတ်အတွင်း ဟောပြောဆွေးနွေးပွဲများ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများအား ရုံးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်ကြီးကြပ်မှုများဖြင့် မိတ်ဖက်ဌာနဆိုင်ရာများ၊ အရပ်ဘက်အသင်း အဖွဲ့များ၊ လုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့်NGOအသင်းအဖွဲ့များဖြင့်ပူးပေါင်း၍ တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက် ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ၊ ကျောက်ဆည် ခရိုင်များတွင် ဇူလိုင် စတုတ္ထပတ်အတွင်း အသိပညာပေး ဟောပြောဆွေးနွေးပွဲ ၁၈ ပွဲ၊ ကွင်းဆင်း စစ်ဆေးခြင်း ၁၀ ကြိမ် ပြုလုပ်ဆောင်ရွက်ခဲ့ပါတယ်။အဆိုပါ အသိပညာပေးဟောပြောဆွေးနွေးပွဲနှင့် ကွင်းဆင်းစစ်ဆေးခြင်းကို မန္တလေးခရိုင်မှာ ၃ ပွဲ၊ ကွင်းဆင်းစစ်ဆေးခြင်း ၃ ကြိမ်၊ မြင်းခြံခရိုင်မှာ အသိပညာပေး ဆွေးနွေးဟောပြောပွဲ ၅ ကြိမ်၊ကွင်းဆင်းစစ်ဆေးခြင်း ၁ကြိမ်၊ မိတ္ထီလာခရိုင်မှာ အသိပညာပေး ဆွေးနွေးဟောပြောပွဲ ၆ကြိမ်၊ ကွင်းဆင်း စစ်ဆေးခြင်း ၃ ကြိမ်၊ ကျောက်ဆည်ခရိုင်မှာ အသိပညာပေး ဆွေးနွေးဟောပြောပွဲ ၄ ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်း ၃ ကြိမ် တို့ကို အသီးသီးပြုလုပ်ခဲ့ပြီး ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်သူပေါင်း ၄၅၅၀ ဦးအား အသိပညာပေး ဆွေးနွေးပေးခဲ့ ပါတယ်။

မန္တလေးခရိုင်တွင် ဇူလိုင်လစတုတ္ထပတ်အတွင်း ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၃၀) အခြေခံပညာအထက်တန်းကျောင်း အောင်မြေသာစံမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းနဲ့ ချမ်းအေးသာစံမြို့နယ် အဆင့်မြင့်ဈေးချိုတော်တို့တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြော ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ဟောပြောဆွေးနွေးပွဲများတွင် စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယတိုင်း ဦးစီးမှူး၊ ဌာနခွဲမှူးတို့က ဟောပြော ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကို ရှင်းလင်းခြင်း၊ စားသုံးသူရေးရာဌာနခွဲ တာဝန်ခံက စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများအကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆိုးဆေးများ အန္တရာယ်နှင့် ကျန်းမာရေး အကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဟင်းသီးဟင်းရွက် နှင့် သစ်သီးဝလံများတွင် ပိုးသတ်ဆေးဓါတ်ကြွင်း ဓါတ်ကျန်များ ခေါင်းစဉ်ဖြင့်လည်းကောင်း အကျယ်တဝင့် ဆွေးနွေး ဟောပြောခဲ့ကြောင်း သတင်းရရှိပါတယ်။

အသိပညာပေး ဟောပြောဆွေးနွေးပွဲများသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ၊ကျောင်းသားမိဘများ၊ ကျောင်းမုန့်ဈေးတန်း ရောင်းချသူများ၊ ကျောင်းကျန်းမာရေး အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ အဆင့်မြင့်ဈေးချိုတော် ဈေးသူ၊ ဈေးသားများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၈၅၀ဦးခန့် တက်ရောက်ခဲ့ ကြပါတယ်။ ဟောပြောဆွေးနွေးပွဲများ အပြီးတွင် ကျောင်းမုန့်ဈေးတန်းများနဲ့ ဈေးချိုတော်အတွင်း ပူးပေါင်းအဖွဲ့စုံဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာနမှ တရားဝင် ထုတ်ပြန်ထားသည့် စားသုံးရန်မသင့် အစားအသောက်များ ရောင်းချခြင်း ရှိ/မရှိ ၊အစားအသောက်များအား သန့်ရှင်းသပ်ရပ်စွာ ကိုင်တွယ်ရောင်းချမှု ရှိ/မရှိ၊ အစားအသောက်နှင့် ကုန်ပစ္စည်းများတွင် လိုက်လျောညီထွေဖြစ်မည့် သုံးစွဲရန် အညွှန်းများ ပြည့်စုံစွာ ဖော်ပြထားမှု ရှိ/မရှိနှင့် စားသုံးသူများ နားလည်သည့် ဘာသာစကားများဖြင့် ထုပ်ပိုးထားမှု ရှိ/မရှိတို့အား ကွင်းဆင်းစစ်ဆေးခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

အလားတူ ဩဂုတ်လ ပထမပတ်တွင်လည်း အောင်မြေသာစံမြို့နယ်၊ အထက(၁)၊ အထက(၁၇)နှင့် အထက(၁၈)တို့တွင် ကျင်းပခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက စားသုံးသူ အကာအကွယ်ပေးရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါ ဆွေးနွေးပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ကျောင်းမုန့်ဈေးတန်း ရောင်းချသူများ စုစုပေါင်း ၁၂၅၀ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**နိုင်ထွန်း၊ နေခြည်ဦး (စားသုံးသူ-မန္တလေး)**

## အီးအီးယူ-အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှုဇုန် တည်ထောင်ရေး ပထမဆင့်ကို ရုရှားနဲ့ အာဆီယံတို့ စတင်ဆောင်ရွက်

အာရှဥရောပ စီးပွားရေးသမဂ္ဂ (အီးအီးယူ)နဲ့ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့ လွတ်လပ်စွာ ကုန်သွယ်မှုဇုန်ဖော်ဆောင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ဆောင်ရွက်ဖို့ ရုရှားနိုင်ငံ စီးပွားရေးနဲ့ ကုန်သွယ်မှုဝန်ကြီးဌာနနဲ့ အာဆီယံအဖွဲ့ဝင် နိုင်ငံတို့ သဘောတူညီမှု ရရှိခဲ့တယ်လို့ ဩဂုတ်လ ၅ ရက်က ရုရှားစီးပွားရေးနဲ့ ကုန်သွယ်မှုဝန်ကြီး အလက်ဇီအူလျူကာယက်ကပြောကြောင်း နိုဗိုစတီကာဇက်စတန်သတင်းမှာ ဖော်ပြပါတယ်။

“ အာရှ ဥရောပ သမဂ္ဂနဲ့ အာဆီယံတို့ရဲ့ လွတ်လပ်စွာ ကုန်သွယ်မှုဇုန် တည်ဆောက်ဖို့အတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို စတင်ဆောင်ရွက်ဖို့ ကျွန်တော်တို့ သဘောတူထားပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ဖို့အတွက် ဆိုချီမြို့မှာကျင်းပတဲ့ အာဆီယံရုရှားထိပ်သီး ဆွေးနွေးပွဲမှာ ကြေညာခဲ့တာဖြစ်ပါတယ်။” လို့ အူလျူကာယက် ပြောပါတယ်။

လွတ်လပ်စွာ ကုန်သွယ်မှုဇုန်ကို သုံးနှစ်အတွင်း ထူထောင်နိုင်မယ်လို့ သူက ပြောပါတယ်။ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို တစ်နှစ်ခန့်အတွင်း ဆောင်ရွက်ပြီး စေ့စပ်ညှိနှိုင်းမှုတွေကို စတင်ဆောင်ရွက်ပါမယ်။ ဒါပေမယ့် နိုင်ငံအများအပြားရဲ့ အကျိုးစီးပွားတွေ ပါဝင်နေတာဖြစ်လို့ စေ့စပ်ညှိနှိုင်းမှုတော့ နည်းနည်းအချိန်ယူရမှာဖြစ်ကြောင်းနဲ့ အနည်းဆုံးသုံးနှစ်လောက် ကြာမြင့်မယ်ထင်ကြောင်း သူက ပြောပါတယ်။

ဇူလိုင် ၂၆ ရက်က လာအိုနိုင်ငံ ဗီယင်ကျန်းမှာ ကျင်းပခဲ့တဲ့ အာဆီယံနှစ်ပတ်လည် အစည်းအဝေးရဲ့ အလွတ်သဘောဆွေးနွေးပွဲမှာ အာရှဥရောပသမဂ္ဂနဲ့ အာဆီယံတို့ စေ့စပ်ညှိနှိုင်းမှု အလားအလာများရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ဗ်ရော့ကပြောပါတယ်။

ယခုနှစ်ဦးပိုင်းက ရုရှားနိုင်ငံ ဆိုချီမြို့မှာကျင်းပခဲ့တဲ့ အာဆီယံ-ရုရှား ထိပ်သီးဆွေးနွေးပွဲမှာ ရုရှားသမ္မတပူတင်က စီးပွားရေးသမဂ္ဂနဲ့ အာဆီယံတို့ ပါဝင်တဲ့ကျယ်ပြန့်တဲ့အာရှ ဥရောပစီးပွားရေး ပူးပေါင်းဆောင်ရွက်ဖို့ အဆိုပြုခဲ့ပါတယ်။ တခြားစိတ်ဝင်စားတဲ့နိုင်ငံတွေအတွက်လည်း တံခါးဖွင့်ပေးခဲ့ပါတယ်။

အာရှဥရောပ စီပွားရေးသမဂ္ဂက စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အုပ်စုတစ်ခုဖြစ်ပြီး အာမေးနီးယား၊ ဘီလာရု ၊ ကာဇက်စ္စတန်၊ ကာဂျစ္စတန်နဲ့ ရုရှားနိုင်ငံတို့ ပါဝင်ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## အာဆီယံကျောင်းသားဖလှယ်ရေး ပညာသင်ဆု အစီအစဉ် ဒုတိယအသုတ်ကို စက်တင်ဘာတွင် စတင်မည်



၂၀၁၇ ခုနှစ်၊ ဇန်နဝါရီမှ ဇူလိုင်ကာလအတွက် ကျောင်းသားဖလှယ်ရေး ပညာသင်ဆုအစီအစဉ် ဒုတိယအသုတ်ကို ဥရောပသမဂ္ဂ (အီးယူ) ရဲ့ အကူအညီဖြင့် စက်တင်ဘာ ၁ ရက်မှ စတင် ပြင်ဆင်သွားမှာဖြစ်ကြောင်း နေရှင်းသတင်းမှာ ဖော်ပြပါတယ်။

အစီအစဉ်မှာ ပါဝင်ဖို့အတွက် အာဆီယံဒေသတွင်းမှ ဘွဲ့ကြိုကျောင်းသား၁၂၅ ဦးကို ရွေးချယ်ပြီး ခွင့်ပြုသွားမှာဖြစ်ပါတယ်။ အဆိုပါကျောင်းသားများမှာ မိခင်နိုင်ငံရှိ တက္ကသိုလ်တစ်ခုတွင် နှစ်ဝက်ပညာသင်ကာ Semester နှစ်ခုကို အောင်မြင်ထားရမှာဖြစ်ပြီး ဒေသတွင်းရှိ နိုင်ငံတစ်နိုင်ငံတွင် နောက်ထပ်နှစ်ဝက် ပညာသင်ကာလကို ဆက်လက်တက်ရောက် သင်ယူရမှာဖြစ်ပါတယ်။

ယခုပညာသင်ဆုမှာ အီးယူအစီအစဉ်နဲ့ ဆောင်ရွက်တဲ့ Support To Higher Education in ASEAN Region (SHARE) အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်တဲ့ အစီအစဉ်ဖြစ်ပါတယ်။

“ အာဆီယံပညာသင်ဆု အစီအစဉ်ကို ဗဟိုပြုဆောင်ရွက်တဲ့ဒေသတွင်းအဆင့်မြင့် ပညာရေးစနစ်က အာဆီယံဒေသတွင်း ဆက်သွယ်ရေးနဲ့ ပေါင်းစည်းရေး ကြိုးပမ်းမှုများ မြှင့်တင်ရေးအတွက် အဓိကကျတဲ့လုပ်ငန်းတစ်ခုဖြစ်ပါတယ်”လို့ အာဆီယံလူမှုယဉ်ကျေးမှုဆိုင်ရာ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဗွန်သက်အသာခိုင်ဗယ်ဗက်တီးက သတင်းစာရှင်းလင်းပွဲမှာ ပြောပါတယ်။

SHARE အစီအစဉ်ဟာ အာဆီယံ အဆင့်မြင့်ပညာရေး အဖွဲ့အစည်းများနဲ့ ကျောင်းသားများရဲ့ အရည်အသွေး တိုးတက်ကောင်းမွန်ရေးအတွက်ဆောင်ရွက်တဲ့ အစီအစဉ်တစ်ခုဖြစ်ပြီး ယူရို ၁၀ သန်းသုံးစွဲပြီး အကောင်အထည်ဖော်မှာ ဖြစ်ပါတယ်။ အစီအစဉ်အရ ၂၀၁၆ ခုနှစ်မှစပြီး အာဆီယံ တက္ကသိုလ်ကျောင်းသား ၅၀၀ ကို ပညာသင်ဆုများချီးမြှင့်သွားမှာ ဖြစ်ရာ အဓိကအားဖြင့် ဒေသတွင်း ကျောင်းသားဖလှယ်ရေးအစီအစဉ်အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အာဆီယံဒေသမှာ ၂၀၁၅ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း SHARE အစီအစဉ်ကို အကောင်အထည်ဖော်ရေးအတွက် ဗြိတိသျှကောင်စီ၊ ဂျာမန်ပညာရေးဖလှယ်ရေး အစီအစဉ် (DAAD)၊ Campus France၊ ဥရောပအဆင့်မြင့် ပညာရေးအသင်း (ENQA)၊ ဥရောပတက္ကသိုလ်များ အသင်းတို့နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

■

## အာဆီယံ+ ၆ အဖွဲ့ဝင်နိုင်ငံများက ယခုနှစ် မကုန်မီ RCEPသဘောတူစာချုပ်ကို အပြီး သတ်ချုပ်ဆိုမည်

ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ် (RCEP) အဖွဲ့ဝင် အာဆီယံ+၆ နိုင်ငံတို့က ယခုနှစ်မကုန်မီ စာချုပ်ကို အပြီးသတ်ချုပ်ဆိုမှာ ဖြစ်သလို အာဆီယံနိုင်ငံများကလည်း အာဆီယံ-ယူရေးရှ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ်အတွက် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုများကို ပြုလုပ်သွားမှာဖြစ်ကြောင်း နေရှင်းသတင်းမှာ ဖော်ပြပါတယ်။

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနဲ့ ဆွေးနွေးဖက် ခြောက်နိုင်ငံဖြစ်တဲ့ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့က ယခုနှစ်မကုန်မီ RCEP သဘောတူစာချုပ်ကို ချုပ်ဆိုရန်ဆန္ဒရှိကြောင်း ဩဂုတ်လပထမပတ်က လာအိုနိုင်ငံမှာကျင်းပတဲ့ အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို တက်ရောက်ပြီးနောက် ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်ထရာပွန်က ပြောပါတယ်။ ဩဂုတ် ၁၂ ရက်မှ ၁၉ ရက်အထိကျင်းပမယ့် RCEP ကော်မတီအစည်းအဝေးမှာ ကုန်စည်နဲ့ ဝန်ဆောင်မှုကုန်သွယ်ရေး ၊ ရင်းနှီးမြှုပ်နှံမှုနဲ့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ကျန်ရှိနေသေးတဲ့ ကိစ္စတွေမှာကို ဆွေးနွေးမှာ ဖြစ်ကြောင်း ဝန်ကြီးကပြောပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှု မြှင့်တင်ရေးကိစ္စနဲ့ အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်မှုကြောင့် ဖြစ်ရတဲ့ ဂယက်ရိုက်ခတ်မှု လျော့ပါးအောင် ဆောင်ရွက်ရေးကိစ္စအတွက် RCEP အဖွဲ့ဝင် ၁၆ နိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနဲ့ ရုရှားတို့ အမြင်ခြင်းဖလှယ်ခဲ့ကြပြီး နောက်ပိုင်း စေ့စပ်ညှိနှိုင်းရေး ကိစ္စများကို အရှိန်တိုးမြှင့်ဆောင်ရွက်ဖို့ ကြိုးပမ်းလာကြတာဖြစ်ပါတယ်။

အာဆီယံနဲ့ မိတ်ဖက်နိုင်ငံများက ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဂျီ-၂၀ နိုင်ငံတို့ရဲ့ ဆွေးနွေးပွဲရလဒ်များကို ထောက်ခံကြပါတယ်။ စာချုပ်ပါ ဒေသတွင်း မှီတင်းနေထိုင်သူဦးရေမှာ ၃ ဒသမ ၃၅ ဘီလီယံ သို့မဟုတ် ကမ္ဘာ့လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းကျော်ရှိတဲ့အတွက် RCEP သဘောတူညီ ချက်ကို အောင်မြင်စွာချုပ်ဆိုနိုင်မယ်ဆိုပါက ကမ္ဘာပေါ်မှာ အကြီးမားဆုံးလွတ်လပ်စွာကုန်သွယ်မှု သဘောတူစာချုပ်ကြီးဖြစ်လာနိုင်ပါတယ်။

## စက်မှုလုပ်ငန်းသစ်တွေကို ထောက်ပံ့ကူညီရာမှာ ပူးပေါင်းဆောင်ရွက်ဖို့ အာဆီယံနဲ့ ဂျပန်တို့ သဘောတူ

အာဆီယံဒေသတွင်းရှိပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများက စက်မှုလုပ်ငန်းသစ်တွေ ထူထောင်ရာမှာ ထောက်ပံ့ကူညီဖို့ ဂျပန်နိုင်ငံနဲ့ အာဆီယံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ စီမံကိန်းတစ်ရပ်ကို ဂျပန်နဲ့ အာဆီယံနိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများက သဘောတူခဲ့ကြကြောင်း ဂျပန်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

ရေရှည်တည်တံ့တဲ့ စီးပွားရေး ဖွံ့ဖြိုးမှုရရှိဖို့နဲ့ အဖွဲ့ဝင်နိုင်ငံများအတွင်း ဖြစ်ပေါ်နေတဲ့ မညီမျှမှုတို့ လျော့ချဖို့ ရည်ရွယ်ချက်နဲ့ အာဆီယံစီးပွားရေး အသိုက်အဝန်းကို ၂၀၁၅ ခုနှစ်၊ နှောင်းပိုင်းမှာ ထူထောင်ခဲ့ပါတယ်။ အေအီးစီအရ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း တစ်ခုတည်းသော ဈေးကွက် အဖြစ် ပေါင်းစည်းရေးကိုလည်း ရည်မှန်းထားပါတယ်။ ဒီရည်မှန်းချက်တွေနဲ့အညီ ဂျပန်နိုင်ငံကလည်း အာဆီယံဖွံ့ဖြိုးမှုကို မြှင့်တင်ပေးဖို့ ရည်မှန်းချက် ထားရှိပါတယ်။

ဂျပန်နိုင်ငံရဲ့ ကုန်ထုတ်လုပ်မှုနည်းပညာတွေ အသုံးပြုထားတဲ့ အာဆီယံ စက်မှုလုပ်ငန်းသစ်တွေနဲ့ ကျန်းမာရေးနဲ့ ဆေးဝါးနယ်ပယ်မှာ ဆောင်ရွက်နေတဲ့ စီးပွားရေး လုပ်ငန်းသစ်တွေကို ဂျပန်နိုင်ငံက ထောက်ပံပေးသွားမှာ ဖြစ်ပါ တယ်။

ဂျပန်နိုင်ငံနဲ့ အာဆီယံနိုင်ငံတို့က အချင်းချင်း လှုံ့ဆော်အားပေးခြင်း၊ အပြန်အလှန် ကူညီခြင်းတို့ဖြင့် အတူတကွ ဖွံ့ဖြိုးတိုးတက်သွားကြမယ်လို့ မျှော်လင့်ကြောင်း ဩဂုတ် ၆ ရက်က ဗီယင်ကျန်းမြို့မှာ ကျင်းပတဲ့ အစည်းအဝေးအပြီးမှာ ဂျပန်စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီး ဟီရိုရှိုင်ဆီကိုက ပြောပါတယ်။

အဆိုပါ အစည်းအဝေးပွဲမှာ မော်တော်ကားလမ်း၊ မီးရထားလမ်းတွေအပါအဝင် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုးမြှင့် ဆောင်ရွက်သွားမယ်လို့လည်း သဘောတူခဲ့ကြပါတယ်။

ဒေသတွင်း စီးပွားရေး ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ နယူးဇီလန်နဲ့ အိန္ဒိယနိုင်ငံတို့က ၂၀၁၃ ခုနှစ်ကတည်းက စတင်ကြိုးပမ်း ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ သဘောတူညီချက်တွေကို တကယ်တမ်း လက်တွေ့အကောင်အထည်ဖော်ဖို့ ဝန်ကြီးများက သဘောတူခဲ့ကြပါတယ်။

■

# အငြိမ်းစားရန်ပုံငွေအတွက် မလေးရှားလူမျိုး ၉၀ ရာခိုင်နှုန်းကျော်က စိုးရိမ်နေ

မလေးရှားလူမျိုး ၉၂ ရာခိုင်နှုန်းက အသက်အရွယ်ကြီးရင့်ချိန်မှာ ငွေကြေးလိုအပ်ချက်တွေ ပြည့်စုံရေး ကိစ္စအတွက်နဲ့ အငြိမ်းစားယူချိန်အတွက် အဆင်သင့်မဖြစ်တဲ့အတွက် စိုးရိမ်ပူပန်မှုတွေရှိနေတယ်လို့ မလေးရှားဗဟိုဘဏ် ( Bank Negara Malaysia ) က ပြောကြောင်း ဘနားမား သတင်းမှာဖော် ပြပါတယ်။

အသက်အရွယ် ကြီးတဲ့အချိန်မှာ ဖြစ်ပေါ်မယ့် ဘဏ္ဍာရေး လိုအပ်ချက်အတွက် " အလွန်စိုးရိမ်မှု "( Very Worried ) ရှိသူက ၃၃ ရာခိုင်နှုန်းရှိပြီး " အနည်းငယ် ပူပန်မှု " (A Bit Worried ) ရှိသူက ၅၉ ရာ ခိုင်နှုန်းရှိကြောင်း မလေးရှားဗဟိုဘဏ် လက် ထောက်ညွှန်ကြားရေးမှူး ဂျက်စီကာချူး ချန်လီယန်က ပြောပါတယ်။

ဩဂုတ် ၁၀ ရက်နေ့က ကွာလာလမ်ပူမြို့မှာ ၂၀၁၆ ခု အပြည်ပြည်ဆိုင်ရာ လူမှုရေး၊ လုံခြုံရေး ကွန်ဖရင့်ကို ကျင်းပခဲ့ပါတယ်။ အဆိုပါ ကွန်ဖရင့်မှာ Your Retirement Aspiration: Making It A Reality ဆိုတဲ့ ခေါင်းစဉ်နဲ့ ပညာရှင်အဖွဲ့ ဆွေးနွေးပွဲကို ကျင်းပခဲ့ပါတယ်။ မလေးရှားလူမျိုး ၄၀ ရာခိုင်နှုန်းက အငြိမ်းစားယူဖို့အတွက် အသင့်ဖြစ်နေကြောင်းနဲ့ အသက်အရွယ် ကြီးရင့်ချိန် လိုအပ်ချက်တွေအတွက် မဟာဗျူဟာတွေရေးဆွဲဖို့ တောင်းဆိုသူက ၈၀ ရာခိုင်နှုန်းရှိကြောင်း လက်ထောက်အုပ်ချုပ်ရေးမှူးက ပြောပါတယ်။

လူသိများတဲ့ မဟာဗျူဟာတွေထဲမှာ သားသမီးများ အပေါ် မှီခိုမှုပြုနိုင်ရေး ၊ အလုပ်ဆက်လက်လုပ်ကိုင်ရေးနဲ့ အစိုးရရဲ့ ငွေကြေးထောက်ပံ့မှုအပေါ် မှီခိုနိုင်ရေးစတဲ့ အချက်တွေပါဝင်ပါတယ်။

မလေးရှားလူမျိုးများအနက် ၄၂ ရာခိုင်နှုန်းက အိမ်ခြံမြေဝယ်ယူဖို့၊ ၂၅ ရာခိုင်နှုန်းက ဘဏ်မှာ ငွေစုဖို့နဲ့ တစ်ရာခိုင်နှုန်းက ဝန်ထမ်း အိုနာစာ ရန်ပုံငွေကိုအားထားဖို့ ဆန္ဒရှိကြောင်း ချူးက ပြောပါတယ်။

ဘဏ္ဍာရေးဆိုင်ရာ ပညာပေးလုပ်ငန်းကို ပုံမှန်ပညာရေးနဲ့ ပေါင်းစည်းပေးနိုင်ဖို့အတွက် စတုတ္ထတန်းမှ ဆဋ္ဌမတန်းထိ သင်ရိုးညွှန်းတမ်းများမှာ ဘဏ္ဍာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းကို ထည့်သွင်းရေးဆွဲထားကြောင်း ချူးက ပြောပါတယ်။

# ဗီယက်နမ်ကော်ဖီလုပ်ငန်းများအတွက် အစိုးရရဲ့ အကူအညီလိုအပ်

နိုင်ငံခြား ကုမ္ပဏီများနဲ့ ယှဉ်ပြိုင်ရာမှာ ပြည်တွင်းကော်ဖီလုပ်ငန်းများအတွက် နိုင်ငံတော်မှ ချေးငွေ ထောက်ပံ့အကူအညီပေးဖို့ ဗီယက်နမ်ကော်ဖီနဲ့ ကိုကိုးအသင်းက အဆိုပြုထား ကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြထားပါတယ်။



ဗီယက်နမ်ပြည်တွင်း လုပ်ငန်းများအတွက် ဗီယက်နမ်ဒေါင်နဲ့ ထုတ်ချေးပေးမှာဖြစ်ပြီး နိုင်ငံခြား စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံခြားဘဏ်များမှ အမေရိကန်ဒေါ်လာနဲ့ ထုတ်ချေးပေးမှာ ဖြစ်ပါတယ်။ အတိုးနှုန်းမှာ အများဆုံး တစ်နှစ်လျှင် သုံးရာခိုင်နှုန်းပေးရမှာဖြစ်ကြောင်း အသင်းက ပြောပါတယ်။ ထို့အပြင် ဗီယက်နမ်နဲ့ နိုင်ငံခြား မိတ်ဖက်လုပ်ငန်းတို့ ရေးထိုးချုပ်ဆိုထားတဲ့ လွတ်လပ်တဲ့ ကုန်သွယ်ရေးသဘောတူညီချက်အရ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းများကို ကော်ဖီကြိတ်ခွဲပြုပြင်ရေး၊ ဝယ်ယူရေးနဲ့ ပြည်ပတင်ပို့ရေးအတွက် ကုမ္ပဏီများ တည်ထောင်ခွင့်ပေးထားပါတယ်။

ဒါကြောင့် ပြည်တွင်းကော်ဖီ ဈေးကွက်မှာ ကော်ဖီစေ့များ ဝယ်ယူပြီး ပြည်ပတင်ပို့ရာမှာ ပြည်တွင်း စီးပွားရေးလုပ်ငန်းများက နိုင်ငံခြားစီးပွားရေးလုပ်ငန်းများရဲ့ ပြင်းထန်တဲ့ ပြိုင်ဆိုင်မှုနဲ့ ရင်ဆိုင်နေရပြီး နိုင်ငံခြားကုမ္ပဏီများရဲ့ လွှမ်းမိုးမှုကို ခံနေရကြောင်း အသင်းကပြောပါတယ်။

နိုင်ငံခြား ကုမ္ပဏီကြီးများမှာ နိုင်ငံခြားဘဏ်များမှ သက်သာတဲ့ အတိုးနှုန်းနဲ့ ရရှိထားတဲ့ ချေးငွေများကို ဒေါ်ဖြင့်ဖလှယ်ပြီး ပြည်တွင်းဈေးကွက်မှ ကုန်ကြမ်းများကို ဝယ်ယူနိုင်ခဲ့ကြတဲ့အတွက် မကြာမီနှစ်များအတွင်းက ပြည်တွင်းဈေးကွက်ကို လွှမ်းမိုးနိုင်ခဲ့ကြကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှာ ထိုကဲ့သို့ ဆောင်ရွက်နိုင်စွမ်းမရှိခဲ့ကြောင်း၊ ဗီယက်နမ်ကော်ဖီနဲ့ ကိုကိုးအသင်း ဒုတိယဥက္ကဋ္ဌ ငုယင်နမ်ဟိုင်က ပြောပါတယ်။

မကြာသေးမီ နှစ်များအတွင်း နိုင်ငံခြား ကုမ္ပဏီများက ဗီယက်နမ်ကော်ဖီရဲ့ ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ဝယ်ယူခဲ့ကြပါတယ်။

ဘရာဇီး၊ ကမ္ဘောဒီးယားနဲ့ အိန္ဒိယကဲ့သို့သော နိုင်ငံတွေမှာ ဆောင်ရွက်နေတဲ့နည်းတူ ကော်ဖီထုတ်လုပ်မှုနဲ့ ပြည်ပတင်ပို့မှုလုပ်ငန်းတွေကို ထောက်ပံ့ပေးဖို့အတွက် ဗီယက်နမ်ကော်ဖီဖွံ့ဖြိုးရေး ရန်ပုံငွေထူထောင်ဖို့ ကော်ဖီလုပ်ငန်းများက အစိုးရကို တိုက်တွန်းထားကြောင်း အသင်းက ပြောပါတယ်။

# ထိုင်းနိုင်ငံရဲ့ လယ်ယာသုံးစက်ယန္တရား တင်ပို့မှု မြင့်တက်မယ့် အလားအလာရှိ

ထိုင်းနိုင်ငံက စတုတ္ထ စက်မှုတော်လှန်ရေးအဖြစ် ချမှတ်ထားတဲ့ "Thailand 4.0 " အစီအစဉ်အရ စက်ယန္တရား ဖွံ့ဖြိုးရေးမူဝါဒကို အစိုးရက ချမှတ်ဆောင်ရွက်လျက်ရှိရာ အဆိုပါမူဝါဒအရ ယခုနှစ်မှာ ထိုင်းနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးသုံး ယန္တရားတင်ပို့မှုကို ၁၀ ရာခိုင်နှုန်း တိုးမြှင့်ပြီး ဘတ် ၃၃ ဒသမ ၁၉ ဘီလီယံရရှိအောင် ဆောင်ရွက်ဖို့ ရည်မှန်းထားကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

လယ်ယာစိုက်ပျိုးရေး ကိရိယာများနဲ့ စက်ယန္တရားများ ရောင်းချမှုကို မြှင့်တင်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာန၊ ထိုင်း စက်မှုလုပ်ငန်းများ ဖက်ဒရေးရှင်းနဲ့ ကာဆက်ဆပ်တက္ကသိုလ်တို့ သဘောတူစာချုပ် ချုပ်ဆိုပွဲကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ အဆိုပါအခမ်းအနားသို့ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အပီရာဒီတန်ထရာပွန်လည်း တက်ရောက်ခဲ့ပါတယ်။ ထိုင်းအစိုးရက တန်ဖိုးမြှင့်ထုတ်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ဖို့အတွက် ရည်မှန်းထားရာ လယ်ယာစိုက်ပျိုးရေးယန္တရားတင်ပို့မှုက ရည်မှန်းထားတဲ့ လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှာ ဝန်ကြီးကပြောပါတယ်။

လယ်ယာစိုက်ပျိုးရေး ယန္တရားလုပ်ငန်းက ရာနှုန်းပြည့်နီးပါး ပြည်တွင်းမှာ ထုတ်လုပ်တဲ့အတွက် ပို့ကုန်တန်ဖိုး အားလုံးနီးပါးက တန်ဖိုးမြှင့် ထုတ်ကုန်ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေး ယန္တရားတင်ပို့မှု တန်ဖိုးက ၂၀၁၅ ခုနှစ်မှာ ဘတ် ၃၀ ဒသမ ၁၇ ဘီလီယံရှိခဲ့ပြီး ယခုပထမနှစ်ဝက်မှာ ၁၅ ဒသမ ၈၁ ဘီလီယံ ရှိခဲ့ပါတယ်။ အဓိက ထုတ်ကုန်တွေက လယ်ထွန်စက် ထွန်သွား၊ ဆန်ကြိတ် စက်၊ ထရတ်တာနဲ့ ရေစုပ်ပန့်တွေ ဖြစ်ပါတယ်။

အဓိက ဝယ်လိုအားက အာဆီယံနိုင်ငံတွေ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်အတွင်းမှာ အာဖရိကရှိ ထွန်းသစ်စ ဈေးကွက်တွေကလည်း ထိုင်းလယ်ယာစိုက်ပျိုးရေး ယန္တရားတွေရဲ့ တီထွင်ဆန်းသစ်မှုတွေကို စိတ်ဝင်စားလျက်ရှိပါတယ်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံက နိုင်ဂျီးရီးယားနိုင်ငံမှာ စက်မှုလုပ်ငန်းဖက်ဒရေးရှင်းနဲ့ ကာဆက်ဆပ်တက္ကသိုလ်တို့က နိုင်ဂျီးရီးယား လယ်သမားနဲ့ ဆန်စက်လုပ်ငန်းတွေအတွက် နည်းပညာများ ပြောင်းလဲပေးနိုင်မယ့် အခြေအနေရှိပါတယ်။

# အသေးစား သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများကို ဖိလစ်ပိုင်နိုင်ငံအစိုးရ ရပ်ဆိုင်း

ဖိလစ်ပိုင်နိုင်ငံ သဘာဝပတ်ဝန်းကျင်နဲ့ သဘာဝသယံဇာတဝန်ကြီးဌာန (DENR) က အသေးစားသတ္တုတူးဖော်ရေး လုပ်ငန်းများကို ရပ်ဆိုင်းလိုက်တဲ့အတွက် နိုင်ငံ့ရွှေထုတ်လုပ်မှုရဲ့ ၆၀ ရာခိုင်နှုန်း ရပ်တန့်သွားခဲ့ရကြောင်း ဖိလစ်ပင်းစတား သတင်းမှာ ဖော်ပြပါတယ်။

မင်နာဟောင်ဘာယန်ဒေသအပြင်ဘက်ရှိ အသေးစားသတ္တုတူးဖော်ရေး လုပ်ငန်းတွေက တရားမဝင်ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် ဒီလုပ်ငန်းတွေကို ချက်ချင်း ရပ်ဆိုင်းသင့်ပါတယ်လို့ ဩဂုတ် ၈ ရက်က ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ သဘာဝပတ်ဝန်းကျင်နဲ့ သယံဇာတရေးရာဝန်ကြီး ဂီနာလိုပက်က ပြောပါတယ်။

" ကျွန်တော်တို့အတွက် ရွှေမလိုပါဘူး၊ ရွှေက အသက်ရှင်သန် ရပ်တည်ဖို့အတွက် အရေးပါတဲ့ ပစ္စည်း မဟုတ်ပါဘူး။ ကျွန်တော်တို့အတွက် လိုအပ်တာက သန့်ရှင်းတဲ့လေနဲ့ သန့်ရှင်းတဲ့ရေပါ" လို့ လိုပက်က ပြောပါတယ်။

ဝန်ကြီးက အကြီးစား သတ္တုတူးဖော်ရေးလုပ်ငန်းတွေကို အဓိကထားချုပ်ချယ်နေပြီး တရားမဝင် ဆောင်ရွက်နေတဲ့ အသေးစား စီးပွားရေးလုပ်ငန်းတွေကို လျစ်လျူရှုထားတယ်လို့ သတ္တုတူးဖော်ရေးလုပ်ငန်းကြီးတွေရဲ့ စွပ်စွဲပြောကြားတာကို တုံ့ပြန်တဲ့အနေနဲ့ ကြေညာချက်ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

စိစစ်ဆောင်ရွက်ရာမှာ တမင်ရွေးပြီးဆောင်ရွက်နေခြင်း မဟုတ်ကြောင်း လိုပက်က ပြောပါတယ်။

မင်နာဟောင်ဘာယန်ဒေသက သက်ဆိုင်ရာ ဇုန်အတွင်းရှိ သတ္တုသန့်စင်ရေးလုပ်ငန်းကို ဗဟိုမှဦးစီးပြီး ဆောင်ရွက်နေတဲ့အတွက် အသေးစား သတ္တု တူးဖော်ရေးလုပ်ငန်းတွေရဲ့ ရွှေထုတ်လုပ်မှုကို အစိုးရက ကောင်းစွာကြီးကြပ်ဆောင်ရွက်နိုင်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်တဲ့အတွက် တရားမဝင်သတ္တုတူးဖော်မှုတွေကို အစိုးရက ထိန်းချုပ်နိုင်ပြီး ဒေသတွင်းမှာ အထိန်းအကွပ်မဲ့ သတ္တုထုတ်လုပ်ရာမှ ဖြစ်ပေါ်လာမယ့် ဂယက်ရိုက်ခတ်မှုတွေကို လျော့ကျသွားအောင် ဆောင်ရွက်နိုင်ပါတယ်။

၁၉၉၁ ခုနှစ် အသေးစား သတ္တုတူးဖော် ထုတ်လုပ်မှု အက်ဥပဒေကို ယခင်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့တဲ့ သတ္တုတူးဖော်ရေး မူဝါဒများနဲ့ အညီ ၂၀၁၅ ခုနှစ် ဧပြီမှာ DENR က ပြင်ဆင်ခဲ့ပါတယ်။

■

ညဏ်တင်-စုစည်းတင်ပြသည်

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ဟာနွိုင်း**

ဆောက်လုပ်ရေး လုပ်ငန်းများရဲ့ဝယ်လိုအားမြင့်တက်လာခြင်း၊ အိမ်ခြံမြေစျေးကွက် ပြန်လည်နာလန်ထူလာခြင်းနဲ့ ဗီယက်နမ်မှာ သံမဏိသုံးစွဲမှု မြင့်တက်လာခြင်းတို့ကြောင့် ဇူလိုင်လအတွင်းက ပြည်တွင်း သံမဏိ စျေးနှုန်းများ မြင့်တက်ခဲ့ပြီး ဆက်လက် မြင့်တက်ဦးမည့် အလားအလာလည်း ရှိနေတယ်လို့ ဗီယက်နမ် သံမဏိအသင်း (VAS) က ပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

**နယူးယောက်**

ကမ္ဘာ့ရေနံစျေးကွက် ပြန်လည်ချိန်သားကိုက်ညီဖို့အတွက် ရေနံထုတ်လုပ်သူတို့ကစီမံဆောင်ရွက်ဖို့ လိုတယ်လို့ ဆော်ဒီအာရေးဗီးယားရေနံဝန်ကြီး ခါလစ်အယ်လ်ဖာလစ်က ဩဂုတ် ၁၁ရက်က ပြောကြားခဲ့ပြီးနောက်ပိုင်း ရေနံစိမ်းစျေးနှုန်းက နယူးယောက်စျေးကွက်မှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၇၈ မြင့်တက်ပြီး တစ်စည်ကို ၄၃ဒသမ ၄၉ ဒေါ်လာနဲ့ လန်ဒန်စျေးကွက်မှာ ၁ ဒသမ ၉၉ဒေါ်လာ မြင့်တက်ပြီး တစ်စည်ကို ၄၆ ဒသမ ၀၄ ဒေါ်လာနှုန်းရှိခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

ဒူတာတေး အစိုးရအဖွဲ့က ဆောင်ရွက်နေတဲ့ မိုက်ကရို၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများမှာ လက်လီရောင်းချရေးလုပ်ငန်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လာရေးအတွက် ဖိလစ်ပိုင် ကုန်သွယ်ရေးနဲ့ စက်မှုလုပ်ငန်းဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိကြောင်း ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

**ဆန်ဖရန်စစ္စကို**

အမေရိကန် အလုပ်သမားစျေးကွက် တိုးတက်ကောင်းမွန်လာခြင်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာမယ့် အလားအလာများ ရှိလာခြင်း စတဲ့ အချက်များကြောင့် အမေရိကန်ဗဟိုဘဏ်က ယခုနှစ်အတွင်း အတိုးနှုန်းများကို ထပ်မံတိုးမြှင့်သင့်တယ်လို့ ဝါရှင်တန်ပို့စ်သတင်းစာနဲ့ ဩဂုတ် ၁၁ ရက်က ပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ဆန်ဖရန်စစ္စကိုဗဟိုဘဏ် ဥက္ကဌ ဂျွန်ဝီလီယံကပြောကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

**EAST ASIA**

## တောင်ကိုရီးယား ကုမ္ပဏီစုများရှိ လက်အောက်ခံ ကုမ္ပဏီ သုံးခုအနက် တစ်ခုသာရှင်သန်နိုင်

ထုတ်ကုန်ပစ္စည်းများကို ရောင်းချရာတွင် ကုမ္ပဏီစုကြီးအတွင်း အချင်းချင်း ရောင်းချမှုကိုသာ မှီခိုနေတဲ့အတွက် တောင်ကိုရီးယားရှိ ကုမ္ပဏီစုကြီးများရဲ့ လက်အောက်ခံကုမ္ပဏီငယ် သုံးခုအနက် တစ်ခုသာရှင်သန်ဖို့ အခွင့်အလမ်းရှိတယ်လို့ ဩဂုတ် ၁၀ ရက်က ထုတ်ပြန်တဲ့ အစီရင်ခံစာတစ်ခုမှာ ဖော်ပြထားကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။ ဒါကြောင့် တစ်ဦးချင်းရပ်တည်နိုင်ဖို့အတွက် လုပ်ငန်းငယ်များနဲ့ ကုမ္ပဏီပိုင်ရှင်များက မလုပ်သင့်တဲ့ နည်းလမ်းတွေ ဆောင်ရွက်နိုင်ဖွယ်ရှိတယ်လို့လည်း ဖော်ပြထားပါတယ်။

နိုင်ငံအတွင်းမှာရှိတဲ့ ကုမ္ပဏီစုကြီး ၂၀ ရဲ့ လက်အောက်ခံကုမ္ပဏီငယ် ၉၂၆ ခုအနက် ၂၈ ဒသမ ၂ ရာခိုင်နှုန်း (ကုမ္ပဏီ ၂၆၁ ခု)က ၂၀၁၅ ခုနှစ်အတွင်း သူတို့ရောင်းချခဲ့တဲ့ ပမာဏရဲ့ ၅၀ ရာခိုင်နှုန်းကျော်ကို ရောင်းချရာမှာ အဖွဲ့တွင်းရှိ တခြားလက်အောက်ခံ ကုမ္ပဏီအချင်းချင်းကိုသာ အားထားခဲ့ရတယ်လို့ စျေးကွက် သုတေသနလုပ်ငန်း ဝက်ဆိုက်တစ်ခုဖြစ်တဲ့ Chaebul.com မှာ ဖော်ပြပါတယ်။

ကုမ္ပဏီစုကြီးအတွင်း အချင်းချင်း ရောင်းချမှုဆိုတာက အဖွဲ့အတွင်းမှ လုပ်ငန်းတူထဲက အစိတ်အပိုင်းတစ်ခုကို တာဝန်ယူလုပ်ဆောင်ပြီး ပြန်လည် ပေးသွင်းရတဲ့ လုပ်ငန်းမျိုးဖြစ်ပါတယ်။ အယ်ဂျီ အီလက်ထရွန်းနစ်ရဲ့ မိခင်ကုမ္ပဏီ ဖြစ်တဲ့ အယ်လ်ဂျီဂုရုမှာကုမ္ပဏီလက်အောက်ခံ ကုမ္ပဏီ အများစုက အုပ်စုတွင်း ကုန်သွယ်မှုကိုသာ အများ အားဖြင့် မှီခိုနေရပါတယ်။ အုပ်စုတွင်း ကုန်သွယ်မှုက ၂၀၁၅ ခုနှစ်အတွင်းမှာ ၅၀ ရာခိုင်နှုန်းကျော်အထိ ရောက်ရှိခဲ့ပါတယ်။ လက်အောက်ခံ ကုမ္ပဏီ ၆၇ ခုအနက် ၃၃ ခုက အုပ်စုတွင်း ရောင်းချမှုကို မှီခိုနေရပါတယ်။

ဆက်သွယ်ရေးကုမ္ပဏီ ကေတီ၊ အက်စ်ကေဂရုနဲ့ ဟွန်ဒိုင်းမော်တာဂရုတို့မှာလည်း အလားတူ အဖြစ်အပျက်မျိုးတွေ ရှိနေပါတယ်။

**MIDDLE EAST**

## အိုပက်အဖွဲ့ရဲ့ အခြေအနေကို စောင့်ကြည့်အကဲခတ်နေတဲ့အတွက် ရေနံစိမ်းစျေးနှုန်း မတည်မငြိမ်ဖြစ်နေ



စက်တင်ဘာလထဲမှာ ရေနံတင်ပို့သူများအဖွဲ့ (အိုပက်) က ရေနံထုတ်လုပ်မှုကို ထိန်းချုပ်နိုင်ဖွယ် ရှိ မရှိ ကုန်သည်များက တွက်ဆရင်း ချိန်ဆနေကြတဲ့အတွက် ဩဂုတ် ၉ ရက်မှာ ရေနံစျေးနှုန်းက တက်လိုက်ကျလိုက်ဖြင့် မတည်မငြိမ် ဖြစ်နေကြောင်း ဝေါစထရိဂျာနယ်မှာ ဖော်ပြထားပါတယ်။

၁၄ နိုင်ငံပါဝင်တဲ့ အိုပက်အဖွဲ့ရဲ့ အလွတ်သဘော အစည်းအဝေးကို အယ်ဂျီးရီးယားနိုင်ငံမှာ စက်တင်ဘာ ၂၆ ရက်ကနေ ၂၈ ရက်အထိ ကျင်းပမှာဖြစ်ကြောင်း အိုပက်အဖွဲ့ ဥက္ကဋ္ဌက ဩဂုတ် ၈ ရက်က ပြောပါတယ်။ ဒါပေမယ့် အစည်းအဝေးမှာ ရေနံစိမ်းစျေးနှုန်း နိမ့်ကျမှုနဲ့ပတ်သက်ပြီး သဘောထားညီညွတ်မှု ရနိုင်၊ မရနိုင်ဆိုတဲ့ အချက်ကို လေ့လာဆန်းစစ်သူတွေက သံသယဝင်နေဆဲဖြစ်ပါတယ်။ ရေနံထုတ်လုပ်မှု ထိန်းချုပ်ရေးအတွက် ရေနံထုတ်လုပ်တဲ့နိုင်ငံတွေက ဧပြီလအတွင်းမှာ ဆွေးနွေးခဲ့ကြပေမယ့် ဆွေးနွေးပွဲပျက်ပြားခဲ့ရပါတယ်။

နယူးယောက် ကုန်သန်းရောင်းဝယ်ရေးဒိုင်မှာ ဩဂုတ်လအတွက် စာချုပ်ချုပ်ဆိုတဲ့ အမေရိကန်ရေနံစိမ်းစျေးက တစ်ရာခိုင်နှုန်းကျဆင်းပြီး တစ်စည်ကို အမေရိကန်ဒေါ်လာ ၄၃ ဒသမသုည ၁ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။

ကမ္ဘာ့ ရေနံစိမ်းစျေးနှုန်း အတွက် အခြေခံစံထားစျေးနှုန်းအဖြစ် ထားရှိတဲ့ ဘရင့်မြောက်ပင်လယ်ရေနံစိမ်းစျေးက သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး တစ်စည်ကို ၄၅ ဒသမ ၂၈ ဒေါ်လာနှုန်း ရှိခဲ့ကြောင်း ICE Future အေဂျင်စီက ပြောပါတယ်။

အမေရိကန်ပြည်ထောင်စု အပါအဝင် ဒေသအသီးသီးမှာ ရေနံချေးထုတ်လုပ်မှုတွေ မြင့်တက်လာတဲ့အတွက် ကမ္ဘာ့ပေါ်မှာ ရေနံတွေ အလျှံပယ်ဖြစ်လာခဲ့ရာ ၂၀၁၄ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်မှာ ရေနံစျေးနှုန်းတွေ ကျဆင်းခဲ့ပါတယ်။ စျေးကွက်ထဲမှာ ရေနံစိမ်းက အလျှံပယ်ရှိနေဆဲ ဖြစ်ပါတယ်။

ဒါပေမယ့် အမေရိကန်ပြည်ထောင်စုရဲ့ ထုတ်လုပ်မှုကျဆင်းလာတာနဲ့ ရေနံဝယ်လိုအားတွေ မြင့်တက်လာတာတွေကြောင့် ရေနံပိုလျှံမှုကို မြင့်တက်မလာအောင် ထိန်းထားနိုင်ခဲ့ပါတယ်။

**EU**

## အီးယူနဲ့ ကုန်သွယ်ရေးညှိနှိုင်းမှုများကို ယူကေက နှစ်နှစ်အတွင်း အပြီးဆောင်ရွက်နိုင်မယ်လို့ ခန့်မှန်း

ယူကေနိုင်ငံက ဥရောပသမဂ္ဂနဲ့ ကုန်သွယ်ရေး သဘောတူညီချက်ကို နှစ်နှစ်အတွင်း ရရှိအောင် ဆောင်ရွက်နိုင်ပေမယ့် အလုပ်သမားတွေကို လွတ်လပ်စွာ ပြောင်းရွှေ့သွားလာခွင့် ရနိုင်ဖို့အတွက်ကိုမူ အပြင်းအထန် ကြိုးပမ်းဆောင်ရွက်ရဖွယ်ရှိတယ်လို့ ယူကေနိုင်ငံမှ အတွေ့အကြုံပြည့်ဝတဲ့ စေ့စပ်ညှိနှိုင်းရေးသမားတွေက ပြောကြောင်း မော်လတာတူဒေးသတင်းမှာ ဖော်ပြပါတယ်။

အီးယူနဲ့ ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုတွေ ပြုလုပ်ရာမှာ ယူကေက ၂၄ လအတွင်း အပြီးဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း အီးယူရဲ့ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ သံအမတ်ဟောင်း ရုတ်ဒရစ်အက်ဘော့က ပြောပါတယ်။ ဥရောပခေါင်းဆောင်တွေကမူ ဆွေးနွေးပွဲတွေက ငါးနှစ်နဲ့အထက် ကြာမြင့်နိုင်တယ်လို့ ခန့်မှန်းကြပါတယ်။

အက်ဘော့က ကုန်သွယ်ရေးမူဝါဒတွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ခဲ့တဲ့ လုပ်သက်လေးဆက်လောက်ရှိသူဖြစ်ပါတယ်။ လူတွေလွတ်လပ်စွာ ရွှေ့ပြောင်းသွားလာနိုင်ဖို့အတွက် အီးယူကတောင်းဆိုထားရာ အဆိုပါတောင်းဆိုချက်ကို စေ့စပ်ညှိနှိုင်းသူတွေက ပြေလည်အောင် ဖြေရှင်းရမှာဖြစ်တဲ့အတွက် ယူကေ-အီးယူ စေ့စပ်ညှိနှိုင်းမှုကို ပြီးမြောက်အောင် ဆောင်ရွက်ဖို့ နှစ်နှစ်လောက်ကြာမယ်လို့ သူကပြောပါတယ်။ ဒီလုပ်ငန်းက အတော်ခက်ခဲတဲ့ လုပ်ငန်းဖြစ်ပါတယ်လို့ သူကပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

**EAST ASIA**

## တရုတ်နိုင်ငံရဲ့ ဇူလိုင် သွင်းကုန်ကျဆင်းမှုကြောင့် ပြည်တွင်းဝယ်လိုအား အေးမယ်လို့ခန့်မှန်း

တရုတ်နိုင်ငံရဲ့ ဇူလိုင်ပို့ကုန် သွင်းကုန်လုပ်ငန်း အကောင်အထည် ဖော်နိုင်မှုက ခန့်မှန်းထားတဲ့ အောက်ကို ကျဆင်းခဲ့တာကို အကြောင်းပြုပြီး ကမ္ဘာ့ဝယ်လိုအားကလည်း ဆက်လက် ကျဆင်းဦးမယ့်သဘောကိုပြသလျက်ရှိကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

တရုတ်နိုင်ငံရဲ့ သွင်းကုန်လုပ်ငန်းက ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ၁၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့တဲ့အတွက် ဖေဖော်ဝါရီနောက်ပိုင်းမှာ အကြီးမားဆုံး ကျဆင်းမှုဖြစ်ခဲ့ပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် လှုံ့ဆော်အားပေးတဲ့ အစီအမံတွေ အမြောက်အများ ပြုလုပ်ခဲ့ပေမယ့် တရုတ်နိုင်ငံရဲ့ ပြည်တွင်းဝယ်လိုအားက ကျဆင်းနေမယ့် အလားအလာရှိနေပါတယ်။

"သွင်းကုန် ကျဆင်းရတာဟာ အဓိကအားဖြင့် ဝယ်လိုအား ကျဆင်းမှုကြောင့် ဖြစ်ရတာလို့ ကျွန်တော် ထင်ပါတယ်"လို့ ပေကျင်းမြို့ရှိ အိုင်ချ်အက်စ်ဘီစီဘဏ်မှ စီးပွားရေးပညာရှင် မာရှောင်ပင်းက ပြောပါတယ်။

ကုန်ထုတ်လုပ်မှုကို လျှော့ချဖို့ အစိုးရက ကြိုးစားလျက်ရှိတဲ့တိုင်အောင် နောက်လာမယ့် သုံးလပတ်ကာလများအတွင်း ဝယ်လိုအားကို အကြီးအကျယ် ထိခိုက်မှုရှိနေဦးမှာဖြစ်ကြောင်း မာကပြောပါတယ်။

တရုတ်ပို့ကုန်လုပ်ငန်းမှာ နှစ်အလိုက်နှိုင်းယှဉ်ပါက ၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းလျက်ရှိပြီး အောက်တိုဘာမှစပြီး ပို့ကုန်လုပ်ငန်းတွေ စတင်ကျဆင်းလာနိုင်ဖွယ်ရှိကြောင်း အထွေထွေအကောက်ခွန်ဦးစီးဌာနက ဩဂုတ် ၈ ရက်က ပြောပါတယ်။ ပို့ကုန်ကျဆင်းမှုကြောင့် ကုန်သွယ်မှုပိုငွေက ဇွန်လမှာ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၁၁ ဘီလီယံရှိခဲ့ရာမှ ဇူလိုင်မှာ ၅၂ ဒသမ ၃၁ ဘီလီယံအထိရှိခဲ့လို့ ဇန်နဝါရီနောက်ပိုင်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ သွင်းကုန်က ဇူလိုင်မှာ ၂၀ လမြောက်အဖြစ် ကျဆင်းခဲ့ပါတယ်။ ပို့ကုန်က ၁၃ လအနက် ၁၂ လမြောက်အဖြစ် ကျဆင်းခဲ့ပါတယ်။ ဒါကြောင့် စီးပွားရေးဖွံ့ဖြိုးမှုက ၂၅ နှစ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

ရိုက်တာသတင်းဌာနက စစ်တမ်းကောက်ယူထားတဲ့ အချက်အလက်များအရ ကုန်သွယ်မှု ဆက်လက်ကျဆင်းမယ်လို့ သဘောထားပေးထားကြပါတယ်။ ဒါပေမယ့် နှစ်ကုန်ပိုင်းမှာဖြစ်လေ့ရှိတဲ့ စျေးဝယ်ယူမှုမြင့်မားတဲ့ရာသီရောက်တော့မှာဖြစ်လို့ အမှာစာတွေ မြင့်တက် လာမယ့်လက္ခဏာရှိကြောင်း သူကပြောပါတယ်။




# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ဒေါ်လာက အာရှပစိဖိတ် ငွေကြေးများနဲ့ ဖလှယ်ရာမှာ ဩဂုတ် ၁၁ရက်မှာ တန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ဒါပေမယ့် ကုန်သည်တွေက အမေရိကန်ဗဟိုဘဏ် အတိုးနှုန်း သတ်မှတ်မယ့် ကာလကို ရှင်းလင်းပြတ် သားစွာ သိနိုင်မယ့် အချက်ပြတွေကို စောင့်ဆိုင်းလေ့လာနေတဲ့အတွက် တန်ဖိုးမြင့်တက်မှုကို ထိန်းချုပ်ထားသလို ဖြစ်ခဲ့ပါတယ်။

ဇွန်လအတွက် ထုတ်ပြန်တဲ့ အမေရိကန် အလုပ်အကိုင် ကိန်းဂဏန်းတွေကို ဩဂုတ် ၁၂ ရက်က ထုတ်ပြန်ခဲ့ရာ မူလခန့်မှန်းချက်ထက် ကျော်လွန်တဲ့အတွက် ယခုနှစ်အတွင်းမှာ အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းတွေ မြှင့်တင်ပေးလိမ့်မယ်လို့ ခန့်မှန်းကြပါတယ်။ ဒါကြောင့် ဒေါ်လာတန်ဖိုးက ပြန်လည် ဦးမော့လာပါတယ်။ ဒါပေမယ့် ဆက်တိုက်ထုတ်ပြန်ခဲ့တဲ့ ဒုတိယသုံးလပတ် အစီရင်ခံစာမှာ ကုန်ထုတ်လုပ်မှုက ငါးရာခိုင်နှုန်း ကျဆင်းတဲ့အတွက် ဗဟိုဘဏ်အတိုးနှုန်း မြှင့်တင်မယ့် အလားအလာကို မှေးမှိန်စေခဲ့ပါတယ်။

စက်တင်ဘာမှာ ရေနံထုတ်လုပ်မှု လျှော့ချဖို့ အိုပက်ရေနံ ထုတ်လုပ်သူတွေကို ဆော်ဒီအာရေးဘီးယား ဝန်ကြီးရဲ့ တိုက်တွန်းပြောကြားမှုကလည်း ဈေးကွက်တွေအပေါ် အကျိုးသက်ရောက်မှု ရှိစေခဲ့ပါတယ်။

**တရုတ်ယွမ်**

တရုတ်ဗဟိုဘဏ်က နေ့စဉ်ရည်ညွှန်း ငွေလဲနှုန်းကို ရက်သတ္တပတ် ခုနစ်ပတ်အတွင်း အနိမ့်ဆုံးအထိ လျှော့ချသတ်မှတ်ပြီးနောက်ပိုင်း ဩဂုတ် ၁၂ရက်မှာ တရုတ်ယွမ်တန်ဖိုး တစ်ဟုန်ထိုး ကျဆင်းခဲ့ပါတယ်။

ရှန်ဟဲဈေးကွက်မှာ အရောင်းအဝယ်ဖြစ်တဲ့ Onshore ယွမ်ရဲ့ ဖလှယ်နှုန်း က ဩဂုတ် ၁၂ရက်မှာ သုညဒသမ ၂ ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၆၄၆၂ ယွမ်နှုန်း ဖြစ်ခဲ့ပါတယ်။ ဟောင်ကောင်ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်တဲ့ Offshore ယွမ်ရဲ့ ဖလှယ်နှုန်းက သုညဒသမ ၁ရာခိုင်နှုန်း ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၆ဒသမ ၆၅၁၈ ယွမ်နှုန်း ရှိခဲ့ပါတယ်။

**အိန္ဒိယရူပီး**

ဩဂုတ် ၁၂ရက် နံနက်ပိုင်း ဈေးကွက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရူပီးတန်ဖိုးက သုညဒသမ ဝ၂ ရူပီးနှုန်း မြင့်တက်ပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၈၃ ရူပီးနှုန်း ရှိခဲ့ပါတယ်။ ပို့ကုန်လုပ်ငန်းရှင်များက အမေရိကန်ဒေါ်လာကို ပြန်လည်ရောင်းချမှုနဲ့ ပြည်တွင်း ရှယ်ယာဈေးကွက် မြင့်တက်မှုတို့ကြောင့် ယခုလို ရူပီးတန်ဖိုး မြင့်တက်လာတာ ဖြစ်ပါတယ်။

တခြားငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုး ကျဆင်းမှုကလည်း ရူပီးတန်ဖိုး မြင့်တက်မှုကို အထောက်အကူ ဖြစ်စေခဲ့တယ်လို့ ငွေကြေးဝယ်ရောင်းသမားတွေက ပြောပါတယ်။

**ဂျပန်ယန်း**

ငွေကြေး ဈေးကွက်တွေထဲမှာ ဒေါ်လာတန်ဖိုး မြင့်တက်တာ အရှိန်ရလာတဲ့အတွက် ဩဂုတ် ၁၁ ရက်က ယူရို၊ ယန်းနဲ့ ဗြိတိသျှပေါင်တို့နဲ့ ဖလှယ်ရာမှာ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

ယူရိုနဲ့ ဒေါ်လာဖလှယ်နှုန်းက ဩဂုတ် ၁၁ရက်မှာ တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ဒသမ ၁၁၈၃ နှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့ ဂရင်းနစ် စံတော်ချိန် ၁၈း၀၀ နာရီမှာ တစ်ယူရိုကို ၁ ဒသမ ၁၁၁၄ ဒေါ်လာနှုန်းအထိ ရောက်ရှိခဲ့ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ယန်းငွေ ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၀၁ ဒသမ ၂၆ယန်းမှ ၁၀၂ ဒသမ ဝ၂ ယန်းသို့ ရောက်ရှိပြီး ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ဒေါ်လာတန်ဖိုး ပြန်လည်ဦးမော့စပြုလာတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ဩဂုတ် ၁၂ ရက်က ရင်းဂစ်တန်ဖိုး အနည်းငယ်ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ရင်းဂစ်ဖလှယ်ရာမှာ ဩဂုတ် ၁၁ ရက်က တစ်ဒေါ်လာကို ၄ဒသမ ဝ၀၂၀ ရင်းဂစ်နှုန်း ရှိရာမှ နောက်တစ်နေ့နံနက် ၉နာရီ ၆မိနစ်မှာ တစ်ဒေါ်လာကို ၄ဒသမ ဝ၀၄၀ ရင်းဂစ်နှုန်းကို ရောက်ရှိခဲ့ပါတယ်။

**တောင်ကိုရီးယားဝမ်**

ရေနံစိမ်း ဈေးနှုန်းတွေ ပြန်လည်မြင့်တက်ခြင်းနဲ့ တောင်ကိုရီးယား စတော့ဈေးကွက်အပေါ် ယုံကြည်မှု မြင့်တက်လာခြင်းတို့ကြောင့် ဩဂုတ် ၁၂ ရက်မှာ တောင်ကိုရီးယား စတော့ရှယ်ယာဈေးတွေမြင့်တက်လာခဲ့ပါတယ်။ ဒါပေမယ့် တောင်ကိုရီးယား ဝမ်တန်ဖိုးက ယခင်နေ့ကရှိခဲ့တဲ့ နှုန်းအောက် ၃ ဒသမ ၈ ဝမ်နှုန်းအောက် ကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၀၃ ဒသမ ၃၀ ဝမ်နှုန်း ရှိခဲ့ပါတယ်။

**ထိုင်းဘတ်**

အီးယူမှ ဗြိတိန်နိုင်ငံ နုတ်ထွက်ပြီးနောက်ပိုင်း ထိုင်းနိုင်ငံအတွင်းသို့ ပြည်ပ ငွေကြေးများ စီးဝင်လာမှုကြောင့် အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၃၆ဒသမ ၂၀ ဘတ်နှုန်း ရှိမယ်လို့ ကာဆီကွန်ဘဏ်က ခန့်မှန်းပါတယ်။

ဒါပေမယ့် ရိုက်တာသတင်းဌာနက ပြုစုထားတဲ့ စာရင်းအရ အမေရိကန်ဒေါ်လာနဲ့ ဘတ်ငွေ ဖလှယ်နှုန်းက ဩဂုတ် ၁၀ ရက်မှာ တစ်ဒေါ်လာကို ၃၄ ဒသမ ၇၄ ဘတ်နှုန်း ရှိခဲ့ရာမှ ၁၁ရက်မှာ တစ်ဒေါ်လာကို ၃၄ ဒသမ ၇၆ ဘတ်နှုန်းအထိ တန်ဖိုးကျဆင်းခဲ့ပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# တောင်ကိုရီးယား ဗဟိုဘဏ်က မူဝါဒ အတိုးနှုန်းကို ပုံမှန်အတိုင်း ထိန်းထားမည်

စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ဖို့အတွက် တောင်ကိုရီးယား ဗဟိုဘဏ် အတိုးနှုန်းကို လွန်ခဲ့တဲ့နှစ်က စံချိန်တင် အနိမ့်ဆုံးနှုန်းအထိ လျှော့ချထားခဲ့ပြီး ဩဂုတ်လအတွင်းမှာ အဆိုပါနှုန်းထားအတိုင်း ဆက်လက်ထားရှိလိမ့်မယ်လို့ ဩဂုတ် ၈ ရက်ကကောက်ခံခဲ့တဲ့ စစ်တမ်းအရသိရကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

တောင်ကိုရီးယား ဗဟိုဘဏ်က လေ့လာစောင့်ကြည့်နေဦးမယ့် အခြေအနေရှိတယ်လို့ ယွန်းဟပ်နယူးစ်သတင်းဌာနရဲ့ လက်အောက်ခံ Yonhap Infomax က စစ်တမ်းကောက်ယူခဲ့တဲ့ စီးပွားရေးပညာရှင် ၁၄ ဦးအနက် ၁၃ ဦးက ခန့်မှန်းထားပါတယ်။

ဩဂုတ် ၁၁ ရက်မှာပြုလုပ်မယ့် အစည်းအဝေးမှာ ဗဟိုဘဏ်အတိုးနှုန်းကို ၁ ဒသမ ၂၅ ရာခိုင်နှုန်းအတိုင်း ဆက်လက်ထားရှိလိမ့်မယ်လို့ Moody Analytic မှ လေ့လာဆန်းစစ်ရေးမှူး အမ်မီလီဒပ်က ပြောပါတယ်။

“ ၂၀၁၆ ခုနှစ် အတွင်းမှာ ဗဟိုဘဏ်အတိုးနှုန်းကို ၁ ဒသမ ၂၅ ရာခိုင်နှုန်းအတိုင်း ဗဟိုဘဏ်က ထိန်းထားလိမ့်မယ်လို့ လောလောဆယ် ခန့်မှန်းထားပါတယ်။ အခြေအနေတွေ ဆိုးဆိုးရွားရွား ယိုယွင်းလာမယ်ဆိုရင်တော့ အတိုးနှုန်းကို သုညဒသမ ၂၅ ရာခိုင်နှုန်း ထပ်မံလျှော့မယ်လို့ ခန့်မှန်းရပါတယ်။ လက်ရှိအခြေအနေအရဆိုရင် ဒီအဖြစ်မျိုးရောက်မယ်လို့ မထင်ပါဘူး”ဟု ဒပ်ကပြောပါတယ်။

# အိန္ဒိယဗဟိုဘဏ် အတိုးနှုန်းကို ဆက်လက် ထိန်းထားမည်



အိန္ဒိယဗဟိုဘဏ် အကြီးအကဲနေရာမှ မနုတ်ထွက်မီ နောက်ဆုံးမူဝါဒ ဆုံးဖြတ်ချက်တစ်ခုအဖြစ် အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ရာဟူးရမ်ရာဂျန်က ဗဟိုဘဏ်အတိုးနှုန်းကို ဆက်လက် ထိန်းထားဖို့ ဩဂုတ် ၉ ရက်က ဆုံးဖြတ်ခဲ့ကြောင်း အေ အက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဗဟိုဘဏ်က ကူးသန်းရောင်းဝယ်ရေးဘဏ်တွေကို ထုတ်ချေးတဲ့ အခြေခံစံထားဈေးနှုန်းကို ၆ဒသမ ၅၀ရာခိုင်နှုန်းအတိုင်း ဆက်လက်ထားရှိမယ်လို့ အိန္ဒိယဗဟိုဘဏ် အုပ်ချုပ်ရေးမှူးက ပြောပါတယ်။

အိန္ဒိယဗဟိုဘဏ်အတိုးနှုန်းကို ဧပြီလအတွင်းက သုညဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချခဲ့ရာ ၂၀၁၁ ခုနှစ် နောက်ပိုင်း အနိမ့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။ အဲဒီလို လျှော့ချခဲ့ပြီး နောက်ပိုင်းမှာ အိန္ဒိယဗဟိုဘဏ်က အတိုးနှုန်းကို ဆက်လက်ထိန်းထားလိမ့်မယ်လို့ ဘလွမ်းဘတ်သတင်းက စစ်တမ်းကောက်ယူခဲ့တဲ့ စီးပွားရေးပညာရှင် ၂၇ ဦးအနက် ၂၆ဦးက ခန့်မှန်းပါတယ်။

ရာဂျန်ဟာ လွန်ခဲ့တဲ့ ၁၈ လအတွင်းက အတိုးနှုန်းတွေကို လျှော့ချပေးခဲ့ပါတယ်။ ဒါပေမယ့် စီးပွားရေး ထပ်မံဖွံ့ဖြိုးတိုးတက်လာရေးအတွက် ထပ်မံလျှော့ချပေးဖို့ အစိုးရကဆန္ဒရှိနေပါတယ်။

စက်တင်ဘာမှာ ရာထူးက နုတ်ထွက်တော့မှာ ဖြစ်ကြောင်း ရာဂျန်က ထုတ်ဖော်ပြောကြားပြီး နောက်နှစ်လကြာတဲ့အထိ ရာဂျန်နေရာမှာ ဆက်ခံမယ့်သူကို အစိုးရက မကြေညာသေးပါဘူး။


maruman GOLD
maruman GOLD
GOLD DESIGN 10.5
KM Golf Centre
Exclusive Distributor : Kaung Myat Co,.Ltd.
Sale Contacts:01-704896,09-73236363,09-5089199,02-61332,067-420799.


အောင်ပတ္တမြား
ပဲဆီသန့် နှင့် ဆန်ရောင်းဝယ်ရေး
၁၀၀% ပဲဆီသန့်စစ်စစ်ဖြစ်ကြောင်း
အာမခံပါသည်
ကျန်းမာရေးနှင့် အထူးညီညွတ်ပြီး
လူမျိုး၊ဘာသာမရွေး စားသုံးနိုင်ပါသည်
အမှတ် (29D)၊၆၆လမ်း၊၃၁ × ၃၂လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့။
09-2029523, 09-2023523,09-91000523


KIP KHANT CONCRETE CO.,LTD
Material For Prestress Concrete Pole Production
Heading Machine
DILLON
DYNAMOMETER
အမှတ်-(၃)၊ စက်မှုမြို့ပြတ်လမ်း၊၆၂-ရပ်ကွက်၊
စက်မှုဇုံ (၂)၊တောင်ဒဂုံ။
ဖုန်း - ၀၁-၂၃၄၈၁၁၅၊ ၀၉-၄၂၁၀၅၄၂၃၆
Email : tinnayoo@gmail.com



ZENITH POWER
COMPANY LIMITED
Engineering | Procurement
Construction | Commissioning
Project Management
ZENITH POWER COMPANY LIMITED
OFFICE (YGN) : No.45T, Tae Nu Yin Street, 7½ Mile, Off Pyay Road, Mayangone Township, Yangon, Myanmar. Tel : (95-1) 656 525 Mobile : (95-9) 40 158 7272
OFFICE (MDY) : No. 682, 35th Street, Between 73rd x 74th Street, Maw Ya Gi Wa Ward, Chan Aye Thar Zan Township, Mandalay. Mobile : (95-9) 401 587373 , 262 174 143
OFFICE (SG) : Block 12, Lorong Bakar Batu, # 05-08, Singapore 348745 Mobile : (65) 6742 3706
E-Mail : info@zenithpowermyanmar.com www.zenithpowermyanmar.com www.zenithpowerengineering.com.sg
SMART SOLUTION RELIABILITY EVERYWERE



jpm JPM
SERVICES CO.,LTD
မော်တော်ကားဝယ်ယူရန် စီစဉ်စဉ်းစားနေသူများအတွက် မြန်မာနိုင်ငံသားများနှင့် အထူးသင့်လျော်သော ဂျပန်နိုင်ငံမှ တိုက်ရိုက်
တင်သွင်းလာသည့် အရည်အသွေးမြင့်ကားကောင်းကားသန့်များကို ဝယ်ယူသူအမည်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန်
အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်းမိတ်သစ်များကို ကျွန်တော်တို့ JPM Car Sale Center မှဖိတ်ခေါ်အပ်ပါသည်။
Email : jpmautocenter@gmail.com
Web : www.jpmmotors.com
HOT LINE.09 25300 8800
အမှတ်(42/A), တက္ကသိုလ်ရိပ်သာလမ်းသစ်, ဗဟန်းမြို့နယ်,ရန်ကုန်။(5 Movie ရုံးချုပ်အနီး၊ ဆွေထိုင်းစားသောက်ဆိုင်ရှေ့)

# COMMERCE INTERNATIONAL

## လယ်ယာစိုက်ပျိုးရေးထုတ်ကုန် ပြည်ပတင်ပို့မှု တိုးမြှင့်ဖို့ ဗီယက်နမ်အစိုးရ ကြိုးပမ်း



၂၀၁၆ ခုနှစ်အတွက် လယ်ယာ၊ သစ်တောနဲ့ ငါးလုပ်ငန်းမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ အထိ ရရှိအောင် ဆောင်ရွက်ဖို့ ဗီယက်နမ်နိုင်ငံက ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိရာ အဓိက လယ်ယာထုတ်ကုန်များ ပြည်ပတင်ပို့မှု ကျဆင်းခြင်းကို ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေဖော်ထုတ်နိုင်ဖို့ လယ်ယာစိုက်ပျိုးရေးနဲ့ ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ကမ္ဘာ့စီးပွားရေး နာလန်ထူမှု နှေးကွေးတဲ့အတွက် ယခုနှစ် နှစ်ဦးမှစပြီး လယ်ယာထုတ်ကုန်တွေရဲ့ ဈေးနှုန်းတွေက ၂၀၁၅ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ယေဘုယျအားဖြင့် ကျဆင်းခဲ့ကြောင်း ဩဂုတ်လ ဒုတိယပတ်အတွင်း ကျင်းပခဲ့တဲ့ ကွန်ဖရင့်တစ်ခုမှာ လယ်ယာ၊ သစ်တော၊ ပင်လယ်စာဆင့်တက်ပြုပြင်ရေးနဲ့ ဆားလုပ်ငန်းဌာနက ပြောပါတယ်။ လယ်များအတွင်း ဆားငန်ရေဝင်ခြင်းနဲ့အတူ ပူပြင်းခြောက်သွေ့မှု ဒဏ်ကြောင့် လယ်ယာစိုက်ပျိုးရေး သီးနှံထွက်ရှိမှုကို ထိခိုက်စေခဲ့ပါတယ်။

ဒါ့ပြင် လယ်ယာထုတ်ကုန်တွေကို ပြည်ပတင်ပို့ရာမှာ တရုတ်နိုင်ငံကို အကြီးအကျယ် မှီခိုနေရခြင်းကလည်း ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ကျွမ်းကျင်သူတွေက ပြောပါတယ်။ ဗီယက်နမ်နိုင်ငံကနေ တရုတ်နိုင်ငံကို တင်ပို့မှုက စုစုပေါင်းပို့ကုန်ဝင်ငွေရဲ့ ၃၀ ရာခိုင်နှုန်း ရှိတာကို အကောက်ခွန်စာရင်းများအရ သိရကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ သွင်းကုန်-ပို့ကုန်ဌာနရဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေါင်ဖောင်သောင်က ပြောပါတယ်။

တရုတ်နိုင်ငံရဲ့ ဝယ်ယူရေး မူဝါဒတစ်ခုခု ပြောင်းလိုက်တာနဲ့ ဗီယက်နမ် လက်ယာစိုက်ပျိုးရေး ထုတ်ကုန်တွေအပေါ်မှာ ထူးထူးခြားခြား ဂယက်ရိုက်ခတ်မှုရှိကြောင်း သောင်က ပြောပါတယ်။

ယခုနှစ် နှစ်ဦးကစပြီး ပို့ကုန်တွေ ထူးထူးခြားခြား ကျဆင်းတဲ့ အဓိက လယ်ယာထုတ်ကုန်ပစ္စည်းတွေထဲမှာ ဆန်လည်း ပါဝင်ပါတယ်။ ၂၀၁၆ ခုနှစ် ပထမခုနစ်လမှာ ဆန်တင်ပို့မှု ပမာဏ တန် ၂ ဒသမ ၉၃သန်းနဲ့ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ဒသမ ၃၂ ဘီလီယံ ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် အလားတူ ကာလနဲ့ နှိုင်းယှဉ်ရင် ပမာဏအားဖြင့် ၁၈ရာခိုင်နှုန်းနဲ့ တန်ဖိုးအားဖြင့် ၁၄ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဗီယက်နမ်ဆန်ကို အများဆုံးတင်သွင်းတဲ့ နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုက စုစုပေါင်း တင်ပို့မှုရဲ့ ၃၅ ရာခိုင်နှုန်း ရှိပါတယ်။ ၂၀၁၅ ခုနှစ် ပထမ ခြောက်လအတွင်း တင်ပို့မှုက ပမာဏအားဖြင့် ၂၃ ရာခိုင်နှုန်းရှိပြီး၊ တန်ဖိုးအားဖြင့် ၁၃ရာခိုင်နှုန်း ရှိပါတယ်။ ကမ္ဘာ့ဆန်တင်ပို့မှုမှာရရှိထားတဲ့ တတိယနေရာကို ဗီယက်နမ်နိုင်ငံက လက်လွှတ်ဆုံးရှုံးနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းပါတယ်။

**ဉာဏ်တင်**





Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 15th August 2016

<<JULY And AUGUST Sailing Schedule>>

KOREA/JAPAN / MYANMAR

| VESSEL | Height (m) | | | | JAPAN | | | | | | KOREA | | | SINGAPORE | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | KOBE | SAKAI SENBOKU | HAKATA | YOKOSUKA | NAGOYA | YOKOHAMA | MASAN | INCHEON | ULSAN | SINGAPORE | YANGON | LAEM CHABANG |
| MV.HOEGH CHENNAI .25 | 1.55 | 1.90 | 2.20 | 3.50 | 21.6.2016 | | | | 20.6.2016 | 19.6.2016 | | | | 30.6.2016 | 4.7.2016 | 18.7.2016 |
| | S/O CUT | | | | 17.6.2016 | | | | 16.6.2016 | 15.6.2016 | | | | | | |
| MV.CITY OF MUMBAI V.32 | 1.55 | 1.90 | 2.20 | 3.50 | | 12.7.2016 | 10.7.2016 | | 13.7.2016 | 14.7.2016 | | 8.7.2016 | | 23.7.2016 | 27.7.2016 | |
| | S/O CUT | | | | | 8.7.2016 | 6.7.2016 | | 9.7.2016 | 10.7.2016 | | | | | | |
| MV.HOEGH CHENNAI .26 | 1.55 | 1.90 | 2.20 | 3.50 | 26.7.2016 | | | | 27.7.2016 | 28.7.2016 | | | | 5.8.2016 | 9.8.2016 | |
| | S/O CUT | | | | 22.7.2016 | | | | 23.7.2016 | 24.7.2016 | | | | | | |
| MV.CITY OF MUMBAI V.33 | 1.55 | 1.90 | 2.20 | 3.50 | 12.8.2016 | | 10.8.2016 | | 13.8.2016 | 14.8.2016 | | 8.8.2016 | | 24.8.2016 | 27.8.2016 | |
| | S/O CUT | | | | 8.8.2016 | | 6.8.2016 | | 9.8.2016 | 10.8.2016 | | | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : glelid.office@gmail.com ( Management ), glelid.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
glelid.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiond Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway Ei Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စက်ဘုနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။